The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 19 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 14, 2018

# အညာဒေသ ရတနာတစ်ပါးဖြစ်တဲ့ ထန်းပင်တွေအတွက် မမြဲသော အနိစ္စ တေးထပ်တွေ ဖွဲ့ရတော့မှာလား

စာမျက်နှာ - ၈ ➤



## ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့



စာမျက်နှာ - ၁၂ ➤

## စက်သုံးဆီဈေးနှုန်း တည်ငြိမ်စေရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

စာမျက်နှာ - ၃ ➤

## နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ၊ လက်ကား ရောင်းချခွင့်ပြုခြင်း

စာမျက်နှာ - ၁၇ ➤





အကောင်းဆုံး စားဖွယ်တိုင်းအတွက် အရသာအရှိဆုံး ဆုတံဆိပ်ရနေကြာဆီနှင့်ပြောင်းဖူးဆီ
SUNAR
နေကြာဆီ နှင့် ပြောင်းဖူးဆီ
iTQi 2017
MADE WITH NON-GMO INGREDIENTS
100% Pure
No Cholestrol
No Aflatoxin
Superior taste AWARD
SUNAR Sunflower OIL
SUNAR Corn OIL
SUNAR PROFESSIONAL Sunflower OIL
SUNAR Corn Oil
SM Co.,Ltd Southern Myanmar Company Limited
www.facebook.com/SunarForMyanmar




AYA DOUBLE POWER
Engineering Service Co.,Ltd
We Specialize in:
Generator
Inspection & Troubleshooting
Installation (Cable, Exhaust, Ventilation)
Testing & Commissioning
Regular Maintenance
Synchronizing
ATS System
Spare Parts
No.323/B,1st Floor, Zaybutar 5th Street, Ward(1), Mayangone Township,
Yangon, Myanmar
Office : 09 260007732 Hot Line : 09 450450384, 09450450385
Email : esg.doublepower@gmail.com




X SPORT
X-FOX
Outdoor Gears & Cycling Equipment
X-Fox,
brought to you by
X-SPORT..
NO. 7, Pyay Road, Sanchaung Township, Yangon.
Ph : 09976497164, 09422847974
NO. 6, 78th Street, Between 32nd and 33rd street,
Chanayetharzan Township, Mandalay.
Ph : 0949214587, 09783744148
https://www.facebook.com/x-Sport-Outdoor-Gears-238837469965419/x sport Outdoor Gears facebook.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၉ ရက် နံနက် ၈:၃၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် အစိုးရသစ်လက်ထက်တွင် ချမှတ်ခဲ့သည့် စီးပွားရေးမူဝါဒ(၁၂)ချက်နှင့်အညီ မိမိဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် မျှော်မှန်းချက် (Vision) ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး မူဝါဒ၊ ကုန်သွယ်ရေးကဏ္ဍ၏ လုပ်ငန်းစဉ်များ ချိတ်ဆက်ပြီး လုပ်ငန်းစဉ် ၂၆ ရပ်ကို ကဏ္ဍကြီး ၆ ရပ်ခွဲခြားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးမူဝါဒများနှင့်အညီ

စာမျက်နှာ ၂၄ သို့



# စက်သုံးဆီဈေးနှုန်းတည်ငြိမ်စေရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

စက်သုံးဆီဈေးနှုန်း တည်ငြိမ်စေရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းကို မေ ၁၁ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး) အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် စက်သုံးဆီသည် အရေးကြီးကုန်ပစ္စည်းတစ်ခု ဖြစ်ပါကြောင်း၊ စက်သုံးဆီဈေးနှုန်း ကြီးမြင့်လာမှုကြောင့် စီးပွားရေးကဏ္ဍသာမက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများနှင့်ပါ ဆက်စပ်နေပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဧပြီ ၁၂ ရက် နေပြည်တော်တွင် စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေးအတွက် အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေးတွင် စက်သုံးဆီဈေးနှုန်း တည်ငြိမ်ရေးအတွက် ချက်ချင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ကာလလတ်ဆောင်ရွက်ရမည့် ကိစ္စရပ်များ ၊ ရေရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါကြောင်း၊



စာမျက်နှာ ၂၂ သို့

# အိန္ဒိယနိုင်ငံသို့ မြန်မာ့ပဲများ တင်ပို့ခွင့်ရရှိရေး ညှိနှိုင်းဆွေးနွေး

၂၀၁၈ ခုနှစ် မေ ၄ ရက် ၉း၃၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးမိုးအောင်ကျော်တို့သည် အဖွဲ့ဝင်များလိုက်ပါလျက် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ ကူးသန်းရောင်းဝယ်ရေးဌာန အတွင်းဝန် Ms. Rita Teaotia နှင့် နယူးဒေလီမြို့ရှိ ကူးသန်းရောင်းဝယ်ရေး အတွင်းဝန်ရုံးတွင် သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။

တွေ့ဆုံဆွေးနွေးရာတွင် အိန္ဒိယနိုင်ငံမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပဲတင်သွင်းခြင်းဆိုင်ရာ ကြေညာချက်များ ထုတ်ပြန်ကြေညာနိုင်ခြင်း မရှိသည့်အတွက် မြန်မာနိုင်ငံအတွင်း၌ မတ်ပဲနှင့် ပဲစင်းငုံဈေး များစွာကျဆင်းလျက်ရှိပြီး ပဲစိုက်တောင်သူများ၊ ရောင်းဝယ်သည့် ကုန်သည်များ အပါအဝင် စိုက်ပျိုးရောင်းဝယ်မှုကဏ္ဍတစ်ခုလုံး အခက်အခဲများ တွေ့ကြုံနေရကြောင်း၊ ပဲဈေးကွက် ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်အတွက် ပဲတင်သွင်းမှုနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ အမြန်ဆုံး ထုတ်ပြန်ကြေညာပေးခြင်းဖြင့် ကူညီပေးစေလိုကြောင်း ဆွေးနွေးခဲ့ရာ အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေး အတွင်းဝန်မှ ယခုကိစ္စကို မိမိတို့အလေးထားပြီး သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးလျက် ရှိပါကြောင်း၊ ယခုနှစ်တွင်လည်း မိမိတို့နိုင်ငံ၏ ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိမှုမှာ ပုံမှန်ထက် တန်ချိန် ၅/၆ သန်းခန့် ပိုမိုထွက်ရှိသဖြင့် ပြည်တွင်းဈေးများ MSP ဈေးထက် ကျဆင်းနေ၍ တောင်သူများမှ တောင်းဆိုချက်များ ရှိနေပါကြောင်း၊ သို့ရာတွင် ပဲတင်သွင်းမည့်ကိစ္စကို မကြာမီကာလအတွင်း အသိပေးထုတ်ပြန်နိုင်ရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)



Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဧပြီလအတွင်းက ဆန်နဲ့ဆန်ကွဲတင်ပို့မှုလျော့ကျ

ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၅၉သန်းတန်ဖိုးရှိ ဆန် ၃၂၇၈၅ တန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် တန်ချိန် ၂၇၂၅၀၊ ငစိန်ဆန် ၆၂ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် တန်ချိန် ၈၀ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၅၀၉၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တော ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၂၉၅ တန် တင်ပို့ပြီး ကုန်သွယ်ရေးစခန်းများရဲ့ ယခင်တစ်ပတ် ဆန်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၄၉၈ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

ဧပြီ ၁ ရက်မှ ၂၇ ရက်အထိ တစ်လနီးပါးအတွင်း အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၁၀၁ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၇၇၈၈၀ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး မတ်လတင်ပို့မှုထက် ၆၆၅၁၈တန် လျော့ကျခဲ့ကြောင်းသိရပါတယ်။ ဧပြီလက သင်္ကြန်ကာလအတွင်း တင်ပို့မှုလျော့ကျခဲ့တာကြောင့် ဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်နဲ့လွယ်ဂျယ်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂၄ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၈၆၀ ကျော် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၃၃၆၇ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၄၉၃တန်ကျော်တင်ပို့ခဲ့ပါတယ်။ ဧပြီ ၁ ရက်မှ ၂၇ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၉၈၆ သန်း တန်ဖိုးရှိ ဆန်ကွဲ ၃၁၆၈ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး မတ်လတင်ပို့ မှုနဲ့ နှိုင်းယှဉ်ပါက ဧပြီလမှာ ၆၁၈ တန်လျော့နည်းခဲ့ကြောင်း သိရှိရပါတယ်။ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဧပြီ ၂၉ ရက်မှ မေ ၅ရက်အထိ ကာလအတွင်း အမေရိကန် ဒေါ်လာ ၈ ဒသမ ၄၇၁သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် ၂၄၇၇၃ တန် တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ အိုင်ဗရီကို့စ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၁၉၀၀၀ နဲ့ ငစိန်ဆန် တန်ချိန် ၅၀၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၃၂၇၆ တန်၊ ပေါင်းဆန် ၅၁၉ တန်နဲ့ ငစိန်ဆန် တန်ချိန် ၅၀၀ တင်ပို့ခဲ့ပြီး ရုရှား၊ ဗီယက်နမ်၊ တရုတ်နိုင်ငံများသို့ပါ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၂၃၉၂၉ တန် ပိုမိုတင်ပို့ နိုင်ခဲ့တာတွေ့ရပါတယ်။

ရေကြောင်းကုန်သွယ်မှုအနေဖြင့် ဧပြီ ၁ ရက်မှ ၂၈ ရက်အထိ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၂၉၆ သန်းတန်ဖိုးရှိ ဆန် ၄၀၃၅၆ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးမတ်လ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ထက်ဝက်ကျော် လျော့ကျခဲ့ကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉၂ သန်းဖိုးနဲ့ ဆန်ကွဲ ၉၈၇၅တန် တင်ပို့ခဲ့ရာ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၂၀၀၀ နဲ့ အီးယူနိုင်ငံများသို့ ၇၈၇၅တန်တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ ဧပြီ ၁ ရက် ၂၈ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၉၇ သန်းတန်ဖိုးရှိဆန်ကွဲ တန်ချိန် ၂၂၁၃၀ တင်ပို့ခဲ့ပါတယ်။ မတ်လအတွင်းက ၃၈၂၇၁ တန် တင်ပို့ခဲ့တဲ့အတွက် ဧပြီလတင်ပို့မှုမှာ ၁၆၁၄၁တန် လျော့ကျခဲ့ပါတယ်။

ဧပြီလအတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့မှုမှာ မတ်လ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက နယ်စပ်စခန်းများရော ပင်လယ်ရေကြောင်းမှပါ တင်ပို့မှုလျော့ကျခဲ့တာ စာရင်းဇယားများအရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ရောဝတီတိုင်းဒေသကြီး ဆန်/စပါးဈေးကွက်တွင် မြို့နယ်အချို့၌ မိုးညှော့မထနှင့် နွေစပါးဈေးအနည်းငယ်ကျဆင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စပါးဈေးကွက်တွင် မြို့နယ်အချို့၌ မိုးညှော့မထစပါးနှင့်နွေစပါးဈေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိကြောင်း ဈေးကွက်သတင်းများမှသိရသည်။

ယခုတစ်ပတ်အတွင်း ဟင်္သာတ၊ ဇလွန်မြို့နယ်များတွင် ယခင်ညှော့မထ စပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၈၀၀၀၀ - ၅၉၀၀၀၀ မှ ယခု ကျပ် ၅၇၀၀၀၀ - ၅၈၀၀၀၀ ဈေးနှုန်းဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၁၀၀၀၀ ဝန်းကျင်ဈေးနှုန်း ကျဆင်းသွားပြီး နွေညှော့မထစပါးဈေးနှုန်းမှာ ဟင်္သာတ၊ လေးမျက်နှာမြို့နယ်များတွင် ယခင် ၄၆ ပေါင် တင်း ၁၀၀ကို ကျပ် ၅၂၀၀၀၀ မှ ယခု ကျပ် ၅၁၅၀၀၀ ဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၅၀၀၀ ဝန်းကျင်ဈေးနှုန်း ကျဆင်းသွားကြောင်း၊ နွေဆန်ဈေးမှာ ဟင်္သာတမြို့နယ်တွင် ယခင် ၁၀၈ ပေါင်ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀၀ မှ ယခု ကျပ် ၁၉၅၀၀ဖြစ်၍ ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ခန့်ဈေးနှုန်း ကျဆင်း သွားကြောင်း ဆန်စပါးဈေးကွက်အရောင်းအဝယ်အေးသည့် မြို့နယ်အချို့၌ ဈေးနှုန်းကျဆင်းလျက် ကျန်မြို့နယ်များတွင် ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း ဆန်၊ စပါးဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## ဆန်ချောရောဆန်ကြမ်းပါ အဝင်နည်းပြီးအရောင်းအဝယ်အေးနေ



ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောရော ဆန်ကြမ်းပါ အဝင်နည်းပြီး အရောင်းအဝယ်လည်း ငြိမ်နေကြောင်း ဝါးတန်းဆန် ကုန်စည်ဒိုင်မှ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၈၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၅၅၀၀၊ ပုသိမ်၊ မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၄၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၄၄၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စ တစ်အိတ်ကျပ် ၃၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်ကျပ် ၅၃၀၀၀ မှ ကျပ် ၅၅၀၀၀၊ နယ်စုံကျားပျံ ရှယ်တစ်အိတ် ကျပ် ၄၀၀၀၀ မှကျပ် ၄၂၀၀၀ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ပေါ်ဆန်း အသစ်ရှယ် တစ်အိတ်ကျပ် ၃၇၀၀၀ မှ ကျပ် ၃၈၅၀၀၊ ဒေးဒရဲကျားပျံ တစ်အိတ်ကျပ် ၄၃၀၀၀ မှကျပ် ၄၅၀၀၀ ရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့် ဈေးတက်ကြောင်းသိရပါတယ်။ ကုန်စည်ဒိုင်ကို ဆန်အဝင်နည်းပြီး အရောင်းအဝယ်လည်း အေးနေတယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သိရှိရပါတယ်။

ယခုတစ်ပတ် ကုန်စည်ဒိုင်ရဲ့ဆန်ကြမ်းဈေးများမှာ ဧည့်မထ ၂၅ မှတ် တစ်အိတ်ကျပ် ၁၉၇၀၀ မှ ကျပ် ၂၀၂၀၀၊ ရက် ၉၀ အသစ်တစ်အိတ်ကျပ် ၂၂၀၀၀ မှ ကျပ် ၂၂၅၀၀၊ သီးထပ်ရှယ် တစ်အိတ်ကျပ် ၂၁၅၀၀ မှ ကျပ် ၂၁၈၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၂၀၀ မှ ကျပ် ၄၀၀ခန့်အထိ ဈေးကျကြောင်းသိရပါတယ်။ မိုးသုခ တစ်အိတ်ကို ကျပ် ၂၄၅၀၀ မှ ကျပ် ၂၆၀၀၀၊ အကြမ်းအသစ် တစ်အိတ် ကျပ် ၂၂၇၀၀ မှ ကျပ် ၂၃၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

ကုန်စည်ဒိုင်ကိုဆန်ချောရော ဆန်ကြမ်းပါ အဝင်နည်းပြီး အရောင်းအဝယ်က ဒီတစ်ပတ်အတွင်း ပြန်အေးနေတယ်လို့ ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၁-၅-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၃၇ | ၄၄၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၂၇ | ၄၃၀ | △ | ၄၄၃ | ၄၅၀ | △ | ၄၂၈ | ၄၂၀ | ▽ | ၄၄၅ | ၄၅၀ | △ |
| ဆန်ဖြူ ၁၀% | ၄၂၅ | ၄၂၈ | △ | ၄၃၈ | ၄၄၅ | △ | - | - | - | ၄၄၁ | ၄၄၅ | △ |
| ဆန်ဖြူ ၁၅% | ၄၃၇ | ၄၃၉ | △ | ၄၃၃ | ၄၄၀ | △ | - | - | - | ၄၃၇ | ၄၄၀ | △ |
| ဆန်ဖြူ ၂၅% | ၄၀၁ | ၄၀၀ | ▽ | ၄၁၅ | ၄၂၉ | △ | ၃၈၀ | ၃၈၀ | □ | ၃၉၉ | ၄၀၅ | △ |
| ပေါင်းဆန် | ၄၅၆ | ၄၄၇ | ▽ | - | - | - | ၄၁၃ | ၄၀၇ | ▽ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁၁-၅-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၇၅၀ | □ | ၂၃၅၀၀ | □ | ၉၁၀၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၅၀၀၀ | △ | ၈၉၃၀ | □ | ၄၄၀၀၀ | △ |
| ပဲခူး | ၅၈၀၀ | □ | ၂၄၀၀၀ | □ | ၇၂ ၀၀ | □ | ၃၇၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၇၀၀၀ | □ | ၁၄၅၀၀ | □ | ၄၇၀၀၀ | □ |
| စစ်တွေ | ၄၆၅၀ | □ | ၁၉၅၀၀ | □ | ၇၃၀၀ | □ | ၃၃၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၆၆၀ | △ | ၂၁၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၈၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၅၀၀၀ | △ |
| မကွေး | ၇၀၀၀ | □ | ၂၄၀၀၀ | ▽ | - | - | ၄၆၀၀၀ | □ |
| မော်လမြိုင် | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၈၂၀၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၈၂၆၀ | △ | ၃၂၀၀၀ | □ | - | - | ၅၉၀၀၀ | △ |
| မြိတ် | ၅၇၀၀ | □ | ၂၆၅၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၅၆၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၇-၅-၂၀၁၈ မှ ၁၁-၅-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 766 | 45,574,480.240 |
| 2 | Form D | 83 | 3,023,083.690 |
| 3 | Form E | 108 | 3,408,590.370 |
| 4 | Korea GSP | 4 | 126,608.380 |
| 5 | Form AK | 70 | 3,701,619.490 |
| 6 | Form AJ | 11 | 534,406.500 |
| 7 | Form AI | 44 | 1,911,391.890 |
| 8 | Form AANZ | 21 | 153,184.340 |
| 9 | Form DFTP | 1 | 262,080,000 |
| Grand Total | | 1108 | 58,695,444.900 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၁-၅-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၄/၅ | ၁၁/၅ | ပြောင်းလဲမှု | ၄/၅ | ၁၁/၅ | ပြောင်းလဲမှု | ၄/၅ | ၁၁/၅ | ပြောင်းလဲမှု | ၄/၅ | ၁၁/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၆၂၄ | ၇၃၃ | ▲ | ၆၀၀ | ၇၀၀ | ▲ | ၆၀၀ | ၇၅၀ | ▲ | ၆၂၅ | ၆၇၅ | ▲ |
| ပဲစင်းငုံ | ၅၅၅ | ၆၂၉ | ▲ | ၄၇၃ | ၅၄၂ | ▲ | ၄၂၅ | ၄၇၅ | ▲ | ၄၂၅ | ၄၇၅ | ▲ |
| ပဲတီစိမ်း | ၁၁၃၀ | ၁၁၀၀ | ▼ | ၁၈၈၄ | ၂၀၈၈ | ▲ | ၁၈၆၀ | ၂၀၅၂ | ▲ | ၁၃၇၀ | ၁၃၇၀ | ■ |
| ကုလားပဲရိုးရိုး | ၁၂၂၅ | ၁၄၀၀ | ▲ | ၁၀၃၁ | ၁၀၅၇ | ▲ | ၁၀၃၅ | ၁၀၆၃ | ▲ | ၁၀၁၀ | ၁၀၅၅ | ▲ |
| ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၁၅ | ▲ | ၁၁၁၇ | ၁၁၁၇ | ■ | ၁၃၇၀ | ၁၇၇၉ | ▲ | ၁၂၂၀ | ၁၂၇၅ | ▲ |
| ထောပတ်ပဲ | ၁၈၂၅ | ၁၈၂၅ | ■ | ၁၇၉၆ | ၂၀၄၄ | ▲ | ၁၇၁၀ | ၁၇၆၃ | ▲ | ၁၇၈၀ | ၁၈၁၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၁-၅-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၄/၅ | ၁၁/၅ | ပြောင်းလဲမှု | ၃/၅ | ၁၀/၅ | ပြောင်းလဲမှု | ၃/၅ | ၁၀/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၂၈၅ | ၃၄၀ | ▲ | ၅၁၃ | ၄၇၅ | ▼ | ၄၈၀ | ၅၁၁ | ▲ |
| ပဲစင်းငုံ | ၂၇၀ | ၂၇၀ | ■ | ၅၆၃ | ၅၈၃ | ▲ | ၅၈၆ | ၆၀၁ | ▲ |
| ပဲတီစိမ်း | ၆၅၀ | ၆၅၀ | ■ | - | - | - | ၇၁၆ | ၇၄၂ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၅၀၀ | ၅၀၀ | ■ | ၅၄၃ | ၅၂၃ | ▼ | ၅၆၃ | ၅၄၉ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၈.၄.၁၈)ထိ | ယခုတစ်ပတ် (၅.၅.၁၈)ထိ | (၁.၁.၁၈) မှ (၅.၅.၁၈) ထိ |
| မတ်ပဲ | ၆၄၇၄၁ | ၄၇၆၇ | ၆၉၅၀၈ |
| ပဲတီစိမ်း | ၅၀၇၀၆ | ၄၀၆၃ | ၅၄၇၆၉ |
| ပဲစင်းငုံ | ၃၀၀၆၇ | ၁၅၇၁ | ၃၁၆၃၈ |
| ကုလားပဲ | ၁၂၆၅၄ | ၁၄၇၉ | ၁၄၁၄၃ |
| ပဲလွန်းဖြူ | ၁၆၄၃၀ | ၂၄၀ | ၁၆၆၇၀ |
| မြေထောက်ပဲ | ၆၀၆၈ | ၈၂ | ၆၁၅၀ |

## ပခုက္ကူကုန်စည်ဒိုင်၌ထောပတ်ပဲဖြူ(ကျွန်း) ပုံမှန် အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင် ကျပ် ၁၁၂၀၀ ဖြင့် အိတ် ၅၀၀ ခန့်၊ ကုလားပဲဝါHL(ယော) တစ်တင်းလျှင်ကျပ် ၁၈၀၀၀ဖြင့် အိတ်၅၀ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင်ကျပ် ၂၀၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင်ကျပ် ၂၀၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ မတ်ပဲတစ်တင်းလျှင် ကျပ် ၁၄၀၀၀ ဖြင့် အိတ် ၅၀ ခန့် ရက်ခြား အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲယင်း(မြစ်ခြေ)တစ်တင်းလျှင်၁၉၅ ကျပ်ဖြင့် အိတ်၅၀ခန့်၊ ပဲလွန်းပြာ တစ်တင်းလျှင်ကျပ် ၁၅၅၀၀ဖြင့်အိတ် ၅၀ခန့်၊ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၁၁၀၀ ဖြင့် အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

စွန်တာနီ(ကျွန်း)တစ်တင်းလျှင်ကျပ် ၁၉၂၀၀ဖြင့် အိတ်၁၀၀ခန့်၊ထီးလင်း (စားတော်ပဲ) တစ်တင်းလျှင်ကျပ် ၃၁၅၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ ပြောင်းဖူးစေ့(CP)ဈေးဟာလည်း အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင်ကျပ် ၁၀၅၀၀ အိတ် ၁၀၀ခန့်ဖြင့် နေ့စဉ်ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှသတင်းရရှိပါတယ်။ ကျွန်းထောပတ်ဖြူ တစ်တင်းလျှင်ကျပ် ၃၄၂၀၀ ဖြင့် အိတ်၅၀ခန့်၊ ယောထောပတ်ပဲဖြူ တစ်တင်း လျှင်ကျပ် ၃၅၅၀၀ ဖြင့် အိတ် ၁၀၀ခန့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲတီစိမ်းကြီးပြောင် တစ်တင်းလျှင်ကျပ် ၃၈၀၀၀ မှ ၃၈၅၀၀ ဖြင့် အိတ် ၅၀ခန့်၊ ဒေသထွက်မန်ကျည်းတောင့်ဈေးမှာ ယခင်တစ်ပတ်ထက် ဈေးအနည်း ငယ်ကျဆင်းနေပါတယ်၊ ယခင်တစ်ပတ်တွင် မန်ကျည်းတောင့်တစ်ပိဿာလျှင် ကျပ် ၁၀၄၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် မန်ကျည်းတောင့်တစ်ပိဿာလျှင်ကျပ်၇၇၀ ဖြင့် ပိဿာချိန်၁၀၀၀၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မေလဒုတိယပတ်အတွင်း ပြည်ပဲမျိုးစုံဈေးကွက်မှာမတ်ပဲဈေးပြန်လှုပ်လာပြီး ကျန်ပဲများ ဈေးငြိမ်ကာ ကုလားပဲအရောင်းအဝယ်သွက်နေခဲ့

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ မေလ ဒုတိယပတ်အတွင်း ပဲအချို့ဝင်ရောက်မှုရှိခဲ့သေးသလို အချို့ ပဲများမှာ လက်ကျန်ပဲများရှိခဲ့ပြီး အချို့ပဲတွေကလည်း ပဲလက် ကျန်မရှိသလို အရောင်းအဝယ်လည်း မဖြစ်တော့ဘူးလို့သိရ ပါတယ်။ ပဲဈေးမှာလည်း မတ်ပဲနှင့်ကုလားပဲဈေးအနည်းငယ် မြင့်ပြီး ပဲစင်းငုံဈေးလျော့ကာ ကျန်ပဲများဈေးငြိမ်နေတာကို တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ ပဲအဝင်နေ့စဉ်ရှိသော်လည်း အိတ် ၂၀၀ ကျော်သာဝင်ရောက်မှုရှိခဲ့ပါတယ်။ ပန်းတောင်း၊ ကံမ၊ ပေါင်း တလည်၊ ပေါက်ခေါင်း၊ မင်းတုန်းဘက်မှ ဝင်ရောက်ခြင်းဖြစ် သလို လက်ကျန်ပဲများလည်းရှိကြကာ ဝယ်လိုအားအပေါ် မူတည်၍ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲဈေး မှာတော့ ယခုရက်ပိုင်းအတွင်း အိန္ဒိယဝယ်လက် ပြန်ဖွင့်သည့် အတွက် ဈေးအနည်းငယ်ပိုရလာခဲ့ကြောင်းသိရပြီး ပဲတစ်တင်း ကျပ် ၁၃၂၀၀ ဖြင့် ယခင်တစ်ပတ်ကထက် တစ်တင်းကျပ်တစ် ထောင်ခန့် ဈေးပိုရလာပြီဖြစ်ပါတယ်။ အရောင်းအဝယ်ဖြစ်မှု ပမာဏမှာတော့ တစ်ရက်အိတ် ၃၀၀ မှ ၄၀၀ကျော်အထိ ဖြစ်ခဲ့ ကြောင်း သိရပါတယ်။

ပဲတီစိမ်းသီးနှံမှာ ပဲအဝင်မရှိတော့သလို လက်ကျန်ပဲ လည်းမရှိတဲ့အတွက် အရောင်းအဝယ်မဖြစ်တော့ဘဲ ပဲစင်းငုံ သီးနှံမှာ နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ တစ်ခါတစ်ရံအိတ် ၁၀၀ မှ ၂၀၀ ခန့် ရန်ကုန်ဝယ်လက်ဝယ်ယူမှုအပေါ် ရောင်းချ မှုရှိခဲ့ကြောင်းသိရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၉၀၀၀ ခန့်သာရရှိတဲ့အတွက် ယခင်တစ်ပတ်ထက် ထပ်မံလျော့နည်း ကျဆင်းခဲ့သလို ဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးပဲသီးနှံဖြစ်ခဲ့ တာကို လေ့လာသိရှိရပါတယ်။

ကုလားပဲသီးနှံမှာ ပဲဝင်ရောက်မှုနေ့စဉ်ရှိခဲ့ပြီးပန်းတောင်း၊ မင်းတုန်း၊ ကံမမြို့နယ်များမှ တစ်ရက်အိတ် ၃၀၀ ကျော်ထိ ဝင်ရောက်ခဲ့တာတွေ့ရပါတယ်။ ခွဲစက်သမားများသာ အဓိက ဝယ်ယူမှုရှိတဲ့အတွက် တစ်ရက်အိတ် ၄၀၀ မှ ၅၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ပဲဈေးကွက်အတွင်း အရောင်းအဝယ်အသွက်ဆုံးဖြစ်နေတဲ့ ပဲသီးနှံဖြစ်ခဲ့ကြကာ ပဲဈေးမှာတစ်တင်းကျပ် ၂၀၂၀၀ ရရှိခဲ့လို့ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ပိုရလာတာကိုလည်း တွေ့ရ ပါတယ်။

ယခင်နှစ်က မေလအတွင်း ကုလားပဲသီးနှံဟာ ပဲဈေး ကွက်အတွင်း ဈေးအမြင့်ဆုံးရခဲ့လို့ တစ်တင်း ကျပ်သုံးသောင်း ကျော်၊ လေးသောင်းနီးပါးအထိရရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ ယခင်နှစ်ရဲ့ဈေးထက်ကျပ်တစ်သောင်းခွဲကျော်ထိ လျော့နည်း ကျဆင်းနေခဲ့တာကို တွေ့ရပါတယ်။

ပဲကြီးသီးနှံမှာ ကုလားပဲသီးနှံကဲ့သို့ပဲဝင်ရောက်မှုမများ ခဲ့သော်လည်း တစ်ရက်အိတ် ၂၀၀ ခန့်ထိဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။ ပန်းတောင်းနှင့်ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက် ခြင်းဖြစ်ပြီး ဝယ်လက်မှာပဲကြော်ဖိုသမားပုံမှန်အဝယ်ရှိတာ ကြောင့် အိတ် ၁၀၀ မှ ၂၀၀ ကျော် နေ့စဉ်ရောင်းဝယ်မှုဖြစ်ခဲ့ပါ တယ်။ ပဲဈေးမှာ ဈေးအတက်အကျမဖြစ်ဘဲ ယခင်တစ်ပတ် အတိုင်း ဈေးဆက်ငြိမ်နေတာကြောင့် (ရွှေကျွန်း) တစ်တင်း ကျပ် ၃၃၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၂၈၀၀၀ ဖြင့်အသီး သီးရောင်းဝယ်နေခဲ့ကြောင်း သိရပါတယ်။

ထောပတ်ပဲနှင့်ပဲနီပြားသီးနှံများမှာလည်း ပဲအဝင် နည်းလာသလို အရောင်းအဝယ်မှာလည်း လက်လီသာရောင်း ဝယ်မှုအဖြစ်များလို့အိတ်အနည်းငယ်စီ ရောင်းချမှုရှိပြီး ပဲဈေး မှာ ထောပတ်ပဲတစ်တင်းကျပ် ၃၅၀၀၀၊ ပဲနီပြားတစ်တင်းကျပ် ၂၉၀၀၀ တို့ဖြင့် ဈေးငြိမ်ရောင်းဝယ်နေခဲ့ကြကြောင်း လေ့လာ သိရှိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်စားတော်ပဲ ပဲအဝင်ပါးပေမယ့် လက်လီပုံမှန်ရောင်းဝယ်မှုဖြစ်

ပြည်ပဲမျိုးစုံဈေးကွက်တွင် မေလဒုတိယပတ်အတွင်း ပဲအချို့ဝင်ရောက်မှုရှိနေသလို အချို့ပဲများကတော့ ပဲအဝင်မရှိ ပေမယ့် လက်ကျန်ပဲများဖြင့် ရောင်းဝယ်မှုရှိနေတာကို တွေ့ရပါတယ်။ စားတော်ပဲသီးနှံမှာ ပဲအဝင်ပါးသွားပြီး လက်ကျန် ပဲအသင့်အတင့်ရှိလို့ နေ့စဉ်လက်လီသမားများဖြင့် အိတ် ၅၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ လက်လီ ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရလျက်ရှိတဲ့ ပဲသီးနှံဖြစ်ခဲ့ကာ စားတော်ပဲသီးနှံတစ်တင်းကျပ် ၃၆၀၀၀ ဖြင့် မင်းတုန်း စားတော်ပဲ အမျိုးအစားများရောင်းဝယ်နေခဲ့ကြရကြောင်းသိရပါတယ်။ အခြားပဲများဈေး အတက်အကျအပြောင်းအလဲ ရှိသော်လည်း စားတော်ပဲသီးနှံက နှစ်စဉ်လိုလို ဈေးကောင်းရခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## ရေစကြိုကုန်စည်ဒိုင်တွင် ကုလားပဲသုံးမျိုး ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေး မှာအနည်းငယ်ကျလျက်မြေပဲနီလုံးဆန်နီ(မြောင်) တစ် ပိဿာလျှင် ကျပ်၂၃၀၀၊ ကျွန်းဆန်တစ်ပိဿာလျှင်ကျပ် ၂၁၀၀၊ S1 (မြေပဲဖြူလုံးဆန်) တစ်ပိဿာလျှင်ကျပ် ၂၄၀၀၊ M12(မြေပဲ လုံးဆန်) တစ်ပိဿာလျှင် ကျပ်၂၂၀၀ မှ ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲပိစပ်တစ်တင်းလျှင် ကျပ် ၈၀၀၀၊ ပဲလွန်းပြာတစ်တင်း လျှင်ကျပ် ၁၅၀၀၀၊ ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၁၉၂၀၀ ဖြင့် အိတ် ၁၀၀ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်း လျှင် ကျပ် ၂၀၀၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ 929ကုလားပဲဖြူ တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၁၉၅၀၀၊ ပဲဇီးကွက်တစ်တင်းလျှင်ကျပ် ၂၁၀၀၀၊ ပဲနီပြားတစ်တင်းလျှင်ကျပ် ၂၂၀၀၀ မှ ၂၃၅၀၀၊ ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၃၈၀၀၀ မှ ၃၉၀၀၀၊ ပဲကြီး တစ်တင်းလျှင် ကျပ် ၂၅၀၀၀ မှ ၂၇၀၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၇၀၀၀၊ ထောပတ်ဖြူတစ်တင်းလျှင်ကျပ် ၃၃၀၀၀ ဖြင့် အိတ် ၁၀၀ခန့်၊ နှမ်းဖြူသန့်တစ်တင်းလျှင် ကျပ် ၄၀၀၀၀ မှ ၄၃၀၀၀၊ မတ်ပဲ တစ်တင်းလျှင်ကျပ် ၁၃၀၀၀ မှ ၁၄၀၀၀၊ ပြောင်းဖူးစေ့(CP)ဈေးမှာ တစ်တင်းလျှင်ကျပ် ၁၀၆၅၀ ဈေး ဖြင့် အိတ် ၁၀၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရေစကြို ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မန်ကျည်း

### မန်ကျည်းတန်ချိန် ၄၀၀နီးပါးတင်ပို့

ဧပြီလ ၂၉ ရက်မှ မေလ ၅ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၃၉၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ ၁၂၅ တန်၊ မလေးရှား နိုင်ငံသို့ ၉၈ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၁၂၅ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်းတန်ချိန် ၁၅၀ နဲ့ နှိုင်းယှဉ်ရင် ၂၄၈တန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၀၈၅၅ ဝင်ငွေရရှိခဲ့ တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၀ .၅ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အလုံဆိပ်ကမ်း(၂) | - DYNAMIC OCEAN-01 | Steel & G/C ၃၁၆၀ ကုန်ချရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - DAWEI | ကုန်သေတ္တာ ၂၅၀ ကုန်တင် ၂၄၉ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၃) | - BESIKTAS-M | Steel Product ၂၉၅၀၀ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CO CO GUYUN | Urea ၇၂၀၀ ကုန်ချရန် | - | ၁၀.၅ . ၂၀၁၈ |
| LIZSTAR GLORY | Steel ၂၅၃၂ကုန်ချရန် | JAPAN | ၁၁.၅ . ၂၀၁၈ |
| NORWID | Ammonium Nitrate+G/C ၆၇၇၂ ကုန်ချရန် | CHINA | ၁၂.၅ . ၂၀၁၈ |
| MORNING MAGARETA | Units Vehicle (RO/RO) ၁၅၄ ကုန်ချရန် | JAPAN | ၁၂.၅ . ၂၀၁၈ |
| GOU TOU-001 | SteelProduct ၃၁၀၆၄ တန်ကုန်ချရန် | CHINA | ၁၃.၅ . ၂၀၁၈ |
| HANTHAR | Steel Bar(India) ၅၀၀၀ တန်ကုန်ချရန် | INDIA | ၁၃ .၅ . ၂၀၁၈ |
| VIKING SEA | Units Vehicle (RO/RO) ၁၀၇၄ ကုန်ချရန် | JAPAN | ၁၄.၅ . ၂၀၁၈ |
| MONTOK | Cement (In Bulk) ၉၀၀၀ ကုန်ချရန် | MALAYSIA | ၁၄ .၅ . ၂၀၁၈ |
| MANDARIN EAGLE | Steel ၂၇၂၁၉ကုန်ချရန် | CHINA | ၁၆.၅ . ၂၀၁၈ |
| LOTUS LEADER | Units Vehicle (RO/RO) ၇၇၇ ကုန်ချရန် | JAPAN | ၁၈.၅ . ၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၅.၂၀၁၈ |
| TORRES STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၁.၅.၂၀၁၈ |
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁.၅.၂၀၁၈ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၅.၂၀၁၈ |
| MATHU BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁.၅.၂၀၁၈ |
| HUNSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၂.၅.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၅.၂၀၁၈ |
| SOUL OF LUCK | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၆.၅.၂၀၁၈ |
| MCC SHANGAI | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၇.၅.၂၀၁၈ |
| MAERSK WARSAW | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၀.၅.၂၀၁၈ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၀.၅.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.FLY MARLIN | ဒီဇယ်ဆ | SINGAPORE | ၁၁.၅.၂၀၁၈ |
| MT.GRATE PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၁၁.၅.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁၁.၅.၂၀၁၈ |
| MT.YU RU | MOGAS(92 RON) | SINGAPORE | ၁၁.၅.၂၀၁၈ |
| MT.SK LINE -1 | P'Oil(In Bulk) | INDONESIA | ၁၁.၅.၂၀၁၈ |
| MT.OCEAN LARK | ဒီဇယ်ဆီ | SINGAPORE | ၁၁.၅.၂၀၁၈ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၁၂.၅.၂၀၁၈ |
| MT.CORVUS | P'Oil(In Bulk) | INDONESIA | ၁၂.၅.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၁၃.၅.၂၀၁၈ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၁၃.၅.၂၀၁၈ |
| MT.PRO JADE | MOGAS(92 RON) | SINGAPORE | ၁၃.၅.၂၀၁၈ |
| MT.FLY SEAL | OGAS(92 RON) | SINGAPORE | ၁၄.၅.၂၀၁၈ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၁၆.၅.၂၀၁၈ |
| MT.OCEAN HAWK | ဒီဇယ်ဆီ | SINGAPORE | ၂၀.၅.၂၀၁၈ |

## ပြည်ဘိုကိတ်လက်လီပဲဈေးကွက်မှာ ဈေးအနိမ့်ဆုံးရ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ လက်ကျန်ပဲ အနည်းငယ်ဖြင့် ဘိုကိတ်ပဲသီးနှံ နေ့စဉ်အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ လက်လီရောင်းဝယ်မှုသာဖြစ်ခဲ့ကြတဲ့အတွက် တစ်ရက်အိတ် ၄၀ မှ ၅၀ ဝန်းကျင်ရောင်းဝယ်ခဲ့ကြရကာ ပဲတစ်တင်း ကျပ် ၁၆၀၀၀ ဖြင့် လဆန်းပတ်က ဈေးအတိုင်း ဆက်လက်ဈေးငြိမ်လျက်ရှိနေခဲ့ပါတယ်။ ဘိုကိတ်ပဲသီးနှံထက် ဈေးလျော့နေသလို မတ်ပဲ၊ ပဲစင်းငုံသီးနှံကလွဲပြီး အခြားပဲများအားလုံးထက်လည်း ဈေးလျော့နည်းနေခဲ့ကြောင်း သိရပါတယ်။ နှစ်ဆန်းပိုင်းကာလက ဘိုကိတ်ပဲသီးနှံမှာ ပဲသစ်ဈေးတစ်တင်းကျပ် ၂၅၀၀၀ ကျော်ဖြင့် ဈေးဖွင့်ခဲ့လို့ ဈေးကောင်းရခဲ့သော်လည်း ပဲအဝင်ပါးလာချိန်မှစ၍ ပဲအရည်အသွေးလည်းကျဆင်းမှုများရှိခဲ့ကြကာ ဈေးလည်းအေးသွားခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

မေလပထမပတ်အတွင်း ကယားပြည်နယ်သို့ ထိုင်းနိုင်ငံမှတင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၇၂၀၀တန်ဖိုးရှိ ဟင်းချိုမှုန့် ကီလိုဂရမ် ၆၀၀၀၊ အမေရိကန်ဒေါ်လာ ၈၀၀ တန်ဖိုးရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံးကော်မှုန့် ကီလိုဂရမ် ၅၀၀၀၊ အမေရိကန်ဒေါ်လာ ၆၂၁၅ တန်ဖိုးရှိ သန့်ရှင်းရေးသုံးဆပ်ပြာရည် ကီလိုဂရမ် ၅၀၀၀၊ အမေရိကန်ဒေါ်လာ၁၂၀၀ တန်ဖိုးရှိ ဘာဒီကော်ဖီမစ် ကီလိုဂရမ် ၆၀၀၊ အမေရိကန်ဒေါ်လာ ၄၀၀တန်ဖိုးရှိပုံနှိပ်စက် ကဒ်ထရ်(စ်) တန်ချိန် ၅၀၀၊ အမေရိကန်ဒေါ်လာ ၁၈၀၀ တန်ဖိုးရှိမိတ္တူကူးစက် MD.IR-2530 ၄တန်၊ အမေရိကန် ဒေါ်လာ ၃၀၀တန်ဖိုးရှိမိတ္တူကူးစက် MD.IR-1188 ၃တန်၊ အမေရိကန်ဒေါ်လာ ၂၅၀တန်ဖိုးရှိပုံနှိပ်စက်မှင်ရည် ကီလိုဂရမ် ၅၀၀၊ အမေရိကန်ဒေါ်လာ ၅၀၀ တန်ဖိုးရှိ မိတ္တူကူးစက်တိုနာ ကီလိုဂရမ် ၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၄၀၀တန်ဖိုးရှိ မိတ္တူကူးစက်ဆလင်ဒါ ကီလိုဂရမ် ၅၀၀၊ စုစုပေါင်း ၁၉၀၆၅အမေရိကန်ဒေါ်လာဖိုးကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်းသိရှိရပါတယ်။

မန္တလေးမှ မူဆယ်ဘက်သို့ ဒေသထွက်ဧည့်မထဆန် ၁၀၄၆အိတ်၊ တန်ချိန်အားဖြင့် ၅၃ တန်ခန့်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ထက် ဆန်တန်ချိန် ၂၃ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကယားပြည်နယ်သို့ဆန်တင်သွင်းမှုအနေဖြင့် ရန်ကုန်မှ ၃၀၉၁ အိတ်၊ မန္တလေးမှ အိတ် ၃၃၀၊ ရွှေဘိုမှ ၃၄၅ အိတ်ဖြစ်ပြီး ဆန်အိတ်စုစုပေါင်း ၃၇၆၆ အိတ်၊ တန်ချိန်အားဖြင့် ၁၈၉ တန်ရှိကြောင်း၊ ကယားပြည်နယ်မှ အခြားမြို့ကြီးများသို့ ပြောင်းအိတ်စုစုပေါင်း အိတ် ၂၉၃၀၊ တန်ချိန်အားဖြင့် ၁၄၃ တန်ခန့်တင်ပို့ထားပြီး ယခင်တစ်ပတ်ထက် ပြောင်းတန်ချိန်စုစုပေါင်း ၇၆ တန်ခန့်ပိုမိုခဲ့ကြောင်းတွေ့ရှိရပါတယ်။

ပြောင်းတင်ပို့မှုအနေဖြင့်ယခုတစ်ပတ်အတွင်း ရန်ကုန်နှင့် မန္တလေးရှိ ပွဲရုံများနှင့်တိရစ္ဆာန်အစာချက်စက်ရုံများသို့ တင်ပို့ထားကြောင်း၊ လက်ရှိပြောင်းဈေးနှုန်းမှာ ပြောင်း(ခြောက်) တစ်ပိဿာလျှင် ကျပ် ၅၈၀၀ ဈေးပေါက်ပြီး မေ ၅ ရက်မှ မေ ၉ရက်ထိ ပြောင်း(ခြောက်)တစ်ပိဿာလျှင် ကျပ် ၈၀ခန့်ဈေးတက်လာကြောင်း၊ ဧည့်မထ(မိုး)စပါး တင်း(၁၀၀)လျှင် ကျပ် ၈၅၆၀၀၀ ဖြစ်သောကြောင့် တစ်ပတ်အတွင်း ဧည့်မထ(မိုး)စပါးတင်း (၁၀၀)လျှင် ကျပ် ၃၆၀၀ ခန့်ဈေးတက်လာကြောင်း၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၅၉၀၀၀ ဖြစ်သောကြောင့် တစ်ပတ်အတွင်း ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ခန့်ဈေးတက်လာကြောင်း၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၄၀၀၀၊ ဧည့်မထ(ဒေသ)ဆန် တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၃၂၀၀၀ ဈေးပေါက်ကြောင်း ကယားပြည်နယ်ဈေးကွက်သတင်းအရ လေ့လာသိရှိရပါတယ်။

ကယားပြည်နယ်အတွင်း ဖြစ်ပေါ်နေသော အသားငါးဈေးနှုန်းများမှာ ပဲဆီတစ်ပိဿာ လက်လီ ကျပ် ၅၉၀၀၊ နှမ်းဆီတစ်ပိဿာ လက်လီကျပ် ၅၃၀၀၊ မြေပဲဆီတစ်ပိဿာ လက်လီကျပ် ၂၅၀၀ ဈေးပေါက်သောကြောင့် မေ ၂ ရက်မှ ၉ရက်အတွင်း ပဲဆီနှင့်နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၃၀၀ ခန့်ဈေးတက်ကြောင်း၊ ကြက်တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ ဝက်(မွေးမြူရေး) တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ အမဲ (မွေးမြူရေး) တစ်ပိဿာလျှင် ကျပ် ၁၁၀၀၀၊ ငါးကြင်း တစ်ပိဿာလျှင်ကျပ် ၆၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၅၅၀၀၊ ဓာတ်ဆီ(ရိုးရိုး)တစ်လီတာကျပ် ၈၈၀၊ 92 တစ်လီတာ ၈၉၁ကျပ်၊ 95 တစ်လီတာ ၉၂၄ကျပ်၊ ဒီဇယ်(ရိုးရိုး) ၉၃၅ကျပ်၊ ဒီဇယ်ပရီမီယံ တစ်လီတာ ၉၄၆ကျပ်၊ ၁၆ပဲရည် ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၄၆၀၀၀ ဖြစ်ကြောင်း စားသုံးသူကုန်ဈေးနှုန်းသတင်းအရ သိရှိရပါတယ်။

**ဖြိုးဝေအောင် (လွိုင်ကော်)**

## မူဆယ်နဲ့တာချီလိတ်မှ လက်ဖက်ခြောက်တင်ပို့မှုလျော့ကျ

ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ ရက် သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၅၃၆၉ တန်ဖိုးရှိလက်ဖက်ခြောက် ၇၉ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၀၈ တန်နဲ့ နှိုင်းယှဉ်ပါက ၂၈ တန်ကျော် လျော့နည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေး စခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၄၉၁၅ တန်ဖိုးရှိ လက်ဖက်ခြောက် ၃၈တန်ကျော်ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၆၀ နဲ့နှိုင်းယှဉ်ပါက ၂၁ တန်ကျော် လျော့နည်း တင်ပို့ခဲ့ပါတယ်။လက်ရှိ ဂျာမနီနိုင်ငံသို့ လက်ဖက်ခြောက် တင်ပို့ရာတွင် အော်ဂဲနစ်နည်းနဲ့ စိုက်ပျိုးထားတဲ့ လက်ဖက်များဖြစ်ရမည်ဖြစ်ပြီး ပင်းတယမြို့နယ်ရှိ Green Tea စက်ရုံမှ ထွက်ရှိသော လက်ဖက် ခြောက်များကို တင်ပို့ကြောင်း မြန်မာနိုင်ငံ လက်ဖက်လုပ်ငန်း ရှင်များ အသင်းမှ သိရပါတယ်။

**မော်မော်အောင်**

## ဧပြီလအတွင်း ရော်ဘာတင်ပို့မှု လျော့ကျ

မြန်မာ-တရုတ် နယ်စပ်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၂ သန်းတန်ဖိုးရှိ ရော်ဘာ ၁၄၀၂ တန်ကျော် တင်ပို့ခဲ့ရာ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS-1 အမျိုးအစား ၃၅၉ တန်ကျော်၊ RSS-3 အမျိုးအစား ၇၉၁ တန်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၁၉ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၁၃၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိကော့သောင်း ကုန်သွယ်ရေးစခန်းမှ ရော်ဘာတန်ချိန် ၁၀၀ တင်ပို့ခဲ့ကြောင်းနဲ့ ယခုတစ်ပတ်ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတင်ပို့မှုသည် ယခင်တစ်ပတ်ထက် ၄၆ တန် လျော့နည်းကြောင်း သိရပါတယ်။ ဧပြီ ၁ ရက်မှ ၂၇ ရက်အထိ တစ်လနီးပါးအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ၅၅ သန်း တန်ဖိုးရှိ ရော်ဘာ ၃၅၇၇ တန်ကျော်တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး မတ်လတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ဧပြီလမှာ တန်ချိန် ၂၈၅၀ လျော့ကျခဲ့ကြောင်း သိရှိပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS-3 အမျိုးအစား တစ်တန်လျှင် ကျပ် ၁၆ ဒသမ ၁၇၅ သန်းရှိပြီး ယခင် တစ်ပတ်ဈေးထက် တစ်တန်ကို ၂၃၅၁ကျပ် ဈေးတက်ကြောင်း သိရှိရ ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၇၅ သန်း တန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၃၉၄ တန်ကျော်ကို တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံ ၊ အိန္ဒိယနိုင်ငံနဲ့ စင်ကာပူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံသို့ ရော်ဘာ MSR-20 အမျိုးအစား ၁၂၆ တန်၊ ဂျပန်နိုင်ငံသို့MSR-20 အမျိုးအစား ၁၉၆ တန်၊ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန် ၂၀၀ နဲ့ Mixtures Of Natural Rubber and Synthetic Rubber တန်ချိန် ၂၁၀၊ အိန္ဒိယနိုင်ငံသို့ MSR-10 အမျိုးအစား တန်ချိန် ၆၀ ကျော်၊ စင်ကာပူနိုင်ငံသို့ MSR-20 အမျိုးအစား ၃၀၂ တန်ကျော်နဲ့ RSS-3 အမျိုးအစား တန်ချိန် ၃၀၀ တင်ပို့ခဲ့ ပါတယ်။ ယခင်တစ်ပတ်မှာ ၂၆၃ တန် ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၃၁ တန် ပိုမို တင်ပို့ နိုင်ကြောင်း သိရှိရပါတယ်။

ရေကြောင်းမှ ဧပြီ ၁ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၉၂ သန်း တန်ဖိုးရှိ ရော်ဘာ ၂၁၃၇ တန်ကျော် တင်ပို့ခဲ့ပြီး မတ်လအတွင်းက ၃၃၀၉ တန် တင်ပို့ခဲ့တဲ့အတွက် ဧပြီမှာ ၁၁၇၂ တန် တင်ပို့မှုလျော့ကျကြောင်း သိရပါတယ်။ယခုတစ်ပတ် နိုင်ငံတကာ ညရော်ဘာ ပေါက်ဈေးမှာ အတက်အကျ အနည်းငယ်သာရှိပြီး ပြည်ပသို့ ပို့မယ့် မြန်မာ့ ရော်ဘာ FOB ဈေးမှာလည်း ပြောင်းလဲမှု မရှိဘဲ ယခင် တစ်ပတ်ဈေးအတိုင်း ဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ် တင်ပို့ သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရ ပါတယ်။

**ယဉ်ယဉ်အေး**

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးနှုန်းများ ကျဆင်းနေပေမယ့် အရောင်းအဝယ်ပုံမှန်သာဖြစ်

သင်္ကြန်ကျော်ကာလ ဧပြီလနောက်ဆုံးပတ်မှစ၍ ဈေးနှုန်းများ ကျဆင်းနေပေမယ့် အရောင်းအဝယ်မှာ မသွက်ဘဲ ပုံမှန်သာ အရောင်းအဝယ်ဖြစ်နေတာတွေ့ရပါတယ်။ အောင်လံ၊ သရက်၊ တောင်တွင်း၊ ပခုက္ကူ မကွေးစတဲ့နယ်များမှ ကြက်သွန်နီများ ပိဿာ(၃၀) ဝင်အိတ် ၇၀၀-၈၀၀ ခန့် နေ့စဉ်ပုံမှန်အဝင်ရှိနေတယ်လို့ သိရပါတယ်။ ဈေးနှုန်းများအနေနဲ့ ပြည်ပွဲရုံ လက္ကားဈေးတစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ကျပ် ၄၀၀၊ ကျပ် ၅၀၀၊ ကျပ် ၅၅၀၊ ကျပ် ၆၀၀ စသည်ဖြင့် ခွဲခြားရောင်းချလျက် ရှိပြီး လက်လီဈေးများတွင် (ကြီး)ကျပ် ၇၀၀၊ ကျပ် ၈၀၀၊ (လတ်) ကျပ် ၈၀၀၊ ကျပ် ၈၅၀၊ (သေး) ကျပ် ၆၀၀၊ ကျပ် ၆၅၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။ စိုက်ပျိုးသူတောင်သူများအနေဖြင့်လည်း သင်္ကြန်အခါကျော်လျှင် ဈေးတက်မည်အထင်နှင့်စောင့်ဆိုင်းနေခဲ့ရာ ဈေးကျသွားတဲ့အတွက် ဆက်လက်၍ ဈေးနှုန်းများ ကျဆင်းသွားမည်စိုးသဖြင့် တွက်ခြေကိုက်မှုနည်းပါးစွာဖြင့် ကျဈေးဖြင့်သာ ရောင်းချနေရကြောင်းသိရပါတယ်။ **ဝင်းလဲ့ဝါ (ပြည်)**

# ဒီဇင်ဘာဝန်းကျင်မှသာ မိုးကြက်သွန်ပေါ်နိုင်

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၈ ရက်မှ မေ ၄ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၈၄၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၁၂၄၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၁၀၀၀ နဲ့ နှိုင်းယှဉ်ပါက တန် ၂၄၀ ပိုမိုတင်ပို့ခဲ့ပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၅၉၅၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၂၀၀ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၁၀၀ နဲ့ နှိုင်းယှဉ်ပါက တန် ၁၀၀ ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။မြန်မာနိုင်ငံတွင်နှစ်စဉ် ဒီဇင်ဘာလဝန်းကျင်မှသာ မိုးကြက်သွန်နီထွက်မှာဖြစ်သဖြင့် လက်ကျန်ပမာဏလောက်ငမှုမရှိလို့ ဈေးမြင့်တက်မည်ကို စိုးရိမ်နေ ကြောင်း၊ မေ ၃ ရက်က ကြက်သွန်နီ တစ်ပိဿာ ၅၂၇-၅၇၅ ကျပ်၊ ကြက်သွန်ဖြူတစ်ပိဿာ ကျပ် ၁၀၀၀၊ ကျပ် ၁၀၅၀ ဈေးရှိကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်ရှိ ကြက်သွန်ကုန်သည်တစ်ဦးထံမှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

# ပြည်ကြက်သွန်ဖြူပွဲရုံများတွင် ရှမ်းစများဈေးကျလာ

ပြည်ကြက်သွန်ဖြူပွဲရုံများတွင် ကြက်သွန်ဖြူအိတ်များ ဝင်ရောက်လာတာ တွေ့ရပါတယ်။ ကြူကုတ်စများကတော့ ပုံမှန်ဝင်ရောက်နေပြီး မေလ(ဒုတိယပတ်)မှာတော့ ရှမ်းစတွေဈေးကျပြီး ဝင်ရောက်လာပါတယ်။ သို့သော် ပွဲရုံများမှ တစ်ဆင့် ပြန်ရောင်းချသူများနှင့် စားသုံးသူများသုံးစွဲဝယ်ယူရာတွင် ဈေးနှုန်းမှာအနည်းငယ်သာကျပြီး ဈေးနှုန်းကွာဟလျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ရဲ့ ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ (ပွဲရုံဈေး) ရှမ်းစတစ်ပိဿာလျှင် ကျပ် ၁၅၀၀နှင့် (ကြူကုတ်စ) ဈေးမှာ ကျပ် ၁၂၅၀ ဈေးတို့ဖြင့်ရောင်းချလျက်ရှိနေပါတယ်။ ဒေသတွင်းလက်လီဈေးများမှာတော့(ကြူကုတ်စ) တစ်ပိဿာ ကျပ် ၁၅၀၀နှင့် (ရှမ်းစ)ကိုတော့ ကျပ် ၂၀၀၀ ဈေးတို့ဖြင့်ရောင်းဝယ်လျက်ရှိကြပါတယ်။ ပြည်မြို့ဈေးကြီးနှင့်ပွဲရုံများတွင် ရောင်းချသောဈေးနှုန်းများကတော့ ဈေးကျနေတာဖြစ်ပေမယ့် ကြက်သွန်ဖြူထွက်ရှိရာဒေသမှ ဝင်ရောက်တဲ့လက်ကားဈေးကဲ့သို့ တိုက်ရိုက်မရောင်းချဘဲ စားသုံးသူနှင့်အရောင်းအဝယ်သမားများထံသို့သန့်စင်ပြီး အစိုဓာတ် များလွန်းလျှင် အခြောက်ခံခြင်း၊ အခွံနှင့်အမှိုက်များဖယ်ရှားခြင်းတို့ကြောင့် အလုပ်သမားစရိတ်နှင့်အလေအလွင့် အလျော့တွက်များစရိတ်တွက်ချက်ပြီး (ပြန်လည်သန့်စင်ပြီး)မှ အရည်အသွေးကောင်းအောင် ပြုပြင်ရောင်းချရတဲ့အတွက် စရိတ်စကများရှိတာကြောင့် ယခုဈေးနှင့်ချိန်ကိုက်ကာ ပြန်လည်ဖြန့်ဖြူးရောင်းချမှသာ အရောင်းအဝယ်သွက်မှာဖြစ်ကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးကပြောပြပါတယ်။

တိုက်ရိုက်ရောင်းချခြင်းသည် ဈေးကျပေမယ့် အစိုဓာတ်များခြင်းကြောင့် အထားမခံနိုင်ဟုထင်ကာ အနည်းငယ်သာဝယ်ယူခြင်းတို့ကြောင့် အရောင်းမသွက်ဘဲ ဆုံးရှုံးလာနိုင်ကြောင်းကိုလည်း သိရပါတယ်။ ယခုဈေးသည်လည်း စားသုံးသူအတွက်ပါ ဈေးကျပြီးအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ **နီနီဝင်း**

# ရှမ်းကြက်သွန်ဖြူများ အထွက်နှုန်းလျော့ကျ၊ အဟောင်းလက်ကျန်များနေ

ရှမ်းကြက်သွန်ဖြူအသစ်တွေကတော့ သင်္ကြန်မတိုင်မီမှာ ဈေးကွက်ကို စပြီးဝင်ရောက်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ တောင်ကြီးခရိုင်က အထွက်နည်းပြီး အောက်တိုဘာလမှာ စိုက်တဲ့ကြက်သွန် တွေက သိပ်ပြီးမကောင်းဘဲ နိုဝင်ဘာလမှာ စိုက်တဲ့ ကြက်သွန်တွေသာ ကောင်းတယ်လို့ သိရပါတယ်။ အထွက်နှုန်းကတော့ အရင်နှစ်တွေကလောက် မဖြစ်ဘူးလို့လည်း ဆိုပါတယ်။



အဟောင်းလက်ကျန်တွေကလည်း ကျန်နေပြီး အများဆုံးကတော့ (ထူး-၃) နှင့်(ထူး-၄)စတာတွေ ကျန်တယ်လို့ သိရပါတယ်။ ကြက်သွန်ဖြူ(သစ်)က ပေါ်ခါစမှာ တစ်ပိဿာကို (လတ်ခြား) ကျပ် ၅၀၀၊ (ထူး-၁) ကျပ် ၆၀၀၊ (ထူး-၂) ကျပ် ၉၀၀ နဲ့ (ထူး-၃)နဲ့ (ထူး-၄) က ကျပ် ၁၀၀၀ ဈေးရှိပါတယ်။ ကြက်သွန်ဖြူဈေးကလည်း တစ်နှစ်ကောင်းလိုက်၊ နောက်တစ်နှစ်ကျရင် ဈေးပျက်လိုက်နဲ့ ဖြစ်တာကြောင့် စိုက်တဲ့တောင်သူတွေကလည်း ဈေးကောင်းတဲ့သီးနှံတွေကို ပြောင်းပြီး စိုက်နေရတာကြောင့် ဈေးကွက်မှာ ပစ္စည်းတွေက များလိုက်/နည်းလိုက်ဖြစ်လာတယ်လို့ သိရပါတယ်။ ဈေးကွက်သဘောအရ ပစ္စည်းများနေရင် ဈေးကျပြီး ပစ္စည်းနည်းရင်တော့ ဈေးတက်ပါတယ်။ ရှမ်းကြက်သွန်ဖြူတွေက ယခင်နှစ်ကလည်း လက်ကျန်တွေကျန်ပြီး ဒီနှစ်မှာလည်း အထွက်မကောင်းဘူးဆိုပေမယ့် ထွက်လာတဲ့ အသစ်တွေနဲ့ပေါင်းရင် ဈေးကွက်လက်ကျန်က အတော်များနေတယ်လို့ သိရပါတယ်။ ဒေသအစုံတွေကလည်း ဝင်လာပြီဖြစ်တာကြောင့် ဈေးကလည်း ကျလာပါတယ်။ ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ကြက်သွန်ဖြူ တစ်ပိဿာပေါက်ဈေးက (လတ်ခြား) က ကျပ် ၄၅၀ ၊ (ထူး-၁)ကျပ် ၅၅၀ ၊ (ထူး-၂)ကျပ်၆၀၀ ၊ (ထူး-၃) ကျပ် ၇၅၀ ၊ (ထူး-၄)ကျပ် ၈၅၀ ဈေးရှိပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ (လတ်ခြား)ကျပ် ၂၀၀ ၊ (ရှယ်)ကျပ် ၃၀၀၊ (ထူး-၁)ကျပ် ၅၀၀ ၊ (ထူး-၂)ကျပ် ၇၀၀၊ (ထူး -၃)ကျပ် ၉၀၀နဲ့ (ထူး-၄)ကကျပ် ၁၂၀၀ဈေးရှိပါတယ်။ **ဧခိုင်၊ တောင်ကြီး**

## နနွင်း

# ပုံမှန်အရောင်းအဝယ်ဖြစ်နေတဲ့ နနွင်း

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉၇၈၈၃ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) တန် ၂၈၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၁၈ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၈ တန် လျော့နည်းတင်ပို့ခဲ့ ပါတယ်။

ရှမ်းစ နနွင်းက ပုံမှန်အရောင်းအဝယ်ရှိပြီး ဟိုပုံးနနွင်းကို အိန္ဒိယနဲ့ဘင်္ဂလားဒေ့ရှ် ဝယ်လက်တွေကသာ ဝယ်ယူကြတာလို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ အရည်အသွေးပေါ်မူတည်ပြီး နနွင်းဈေးတွေ ကွာခြားတယ်လို့ ပွဲရုံတွေက သတင်းရရှိပါတယ်။ **မော်မော်အောင်**

# အရောင်းထိုင်းတဲ့ ရှမ်းနနွင်း

မနှစ်ကတော့ ရှမ်းနနွင်းကအရောင်းအဝယ်သွက်ခဲ့ပြီး ချင်းက အရောင်းအဝယ် အေးခဲ့ပါတယ်။ ဒီနှစ်ကတော့ ချင်းက ရောင်းကောင်းနေပြီး နနွင်းကတော့ ပြန်ပြီး အရောင်းထိုင်းနေပါတယ်။ ပြည်ပဝယ်လက်တွေမရှိဘဲ ပြည်တွင်းသုံးမှာတောင် အမှုန့်ကြိတ်ဖို့ရယ်၊ ပရဆေးဖော်ဖို့အတွက်သာ ဝယ်ယူမှုရှိနေတယ်လို့လည်း ဈေးကွက်က သိရပါတယ်။ မနှစ်ကလို ပြည်ပဝယ်လက်တွေ အလုံးအရင်းနဲ့ ဝယ်ယူတာမရှိပေမယ့် သူဟာနဲ့သူရောင်းနေရပါတယ်။ ရန်ကုန်နဲ့ မန္တလေးဝယ်လက်ကတော့ ချင်းဝယ်ရင်း နနွင်းကိုလည်း လိုသလောက်ဝယ်ယူပြီး မော်လမြိုင်နဲ့ ပြည်ကတော့ အမှုန်ကြိတ်ဖို့ရယ်၊ ပရဆေးဖော်ဖို့ရယ်အတွက် ဝယ်ယူနေလို့ တစ်လလုံးမှာ တန်ချိန်ငါးရာခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်းသိရပါတယ်။

အောင်ပန်းဈေးကွက်မှာ ဧပြီလရဲ့နနွင်း တစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ကျပ် ၉၀၀ မှ ကျပ် ၁၅၀၀ ရှိပြီး ဆင်တောင် နနွင်းကကျပ် ၂၀၀၀ ဈေးရှိပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ နနွင်းကအရောင်းအဝယ်မရှိပေမဲ့ဈေးနှုန်းကတော့ အရည်အသွေးပေါ်လိုက်ပြီး ဖြစ်နေပါတယ်။ ညှံ့စတွေက ကျပ် ၈၅၀-ကျပ် ၉၀၀ရှိပြီး ထိပ်စကတော့ကျပ် ၂၂၀၀ဈေးရှိနေတယ်လို့ ဒေသခံပွဲရုံတွေကသိရှိရပါတယ်။

**ဧခိုင်၊ တောင်ကြီး**

## ချင်း

# ဒီတစ်ပတ် ရှမ်းချင်း ဈေးတက်

ဒီတစ်ပတ်တော့ ရှမ်းချင်းတွေ ဈေးတက်လာပါတယ်။ သင်္ကြန်အလွန်ကာလမှာ ပြည်တွင်း၊ ပြည်ပဝယ်လက်တွေ ဝယ်လိုအား များလာတာက တစ်ကြောင်း၊ ပစ္စည်းလက်ကျန်နည်းတာက တစ်ကြောင်းနဲ့ အကြောင်းတွေစုပြီး ဈေးတက်လာတာဖြစ်တယ်လို့ သိရပါတယ်။ ပြည်တွင်းသို့ ဝယ်လက်တွေအပြင် အိမ်နီးချင်းပြည်ပနိုင်ငံတွေဖြစ်တဲ့ ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့ကလည်း ဝယ်လိုအားကောင်းလာပါတယ်။ မနှစ်က ချင်း (စို)ဈေးက တစ်နှစ်ပတ်လုံးမှာ အမြင့်ဆုံး ကျပ် ၄၀၀ မှ ၄၅၆ ကျပ်ဈေး ထိသာရခဲ့ပြီး အရောင်းအဝယ်ကလည်း ပါးခဲ့တာ (၂)နှစ်၊ (၃)နှစ်ခန့် ရှိလာတာကြောင့် တောင်သူတွေက ချင်းအစား မနှစ်ကဈေးအနည်းငယ် ကောင်းခဲ့တဲ့ ကြက်သွန်ဖြူဘက်ကို လှည့်ခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်မှာ ချင်းအစိုက်နည်းခဲ့သလို အထွက်လည်း နည်းခဲ့ပါတယ်။ သင်္ကြန်မတိုင်မီက အထိ တစ်ပိဿာကို ကျပ် ၃၀၀ ကျပ် ၄၀၀ မှာ သာ ပတ်ချာလည်ရှိနေပြီး သင်္ကြန်အပြီးမှာစပြီး တက်လာခဲ့တာ ကျပ် ၅၀၀-ကျပ် ၆၀၀မှ ယခုတစ်ပတ်ဆိုရင်ကျပ် ၈၀၀ ဈေးရှိလာပါတယ်။ ဝယ်လိုအားရှိသလောက် ပစ္စည်းကမရှိလို့ ချင်းတောင်သူတွေကလည်း မိုးကိုမျှော်နေပါတယ်။ မိုးအနည်းငယ်ကျလာရင်တော့ ဥမတွေကို ဖော်လို့ရတော့မှာဖြစ်ပါတယ်။ ဧပြီလ တစ်လလုံးမှာ ချင်း(စို)က တန်ချိန် တစ်ထောင့်ငါးရာခန့် အရောင်းအဝယ်ဖြစ်ခဲ့သလို ချင်းခြောက်က တန်ချိန်ခုနစ် ထောင့်ခြောက်ရာကျော်ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဧပြီလမှာ ချင်း(စို)က အမြင့်ဆုံးကျပ် ၅၈၀- ကျပ် ၆၀၀ အထိရှိခဲ့ပြီး မေလရဲ့ဒီတစ်ပတ်မှာတော့ အောင်ပန်းဈေးကွက်မှာ ကျပ် ၇၀၀ -ကျပ် ၈၀၀ ဈေးရှိပါတယ်။ ချင်း ခြောက်ကတော့ ဧပြီလမှာလည်း ကျပ် ၈၀၀-ကျပ် ၉၀၀ ရှိပြီး မေလမှာလည်း ကျပ် ၇၀၀-ကျပ် ၉၀၀ ဈေးနဲ့သာ အရောင်းအဝယ်ဖြစ်နေတယ်လို့ ဒေသခံပွဲရုံတွေထံက သိရှိရပါတယ်။ **ဧခိုင်၊ တောင်ကြီး**

# ချင်းတန်ချိန် ၈၀၀နီးပါးတင်ပို့

ဧပြီလ ၂၉ ရက်မှ မေလ ၅ ရက် သီတင်းပတ်အတွင်း ချင်း ၇၈၁ ဒသမ ၉၅၈ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၆၂ ဒသမ ၅၀၈ တန်၊ ဂျာမနီနိုင်ငံသို့ ၁၂ ဒသမ ၄၅ တန်၊ စင်ကာပူနိုင်ငံသို့ ၁၆၂ တန်နဲ့ သီရိလင်္ကာနိုင်ငံသို့ ၄၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၇၀၀ ကျော် တင်ပို့မှု ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၅၄၆၃ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

# ခာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဒီဇယ်၊ ခာတ်ဆီ တန်ချိန် ၂၀၀၀၀၀ နီးပါးဝင်

ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၂၁၇၀၀၆၂ တန်ဖိုးရှိ ခာတ်ဆီ၇၂၆၅၄ ဒသမ ၅၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၆၁၉၄၁၃၇၅ တန်ဖိုးရှိ ဒီဇယ် ၁၀၄၅၁၅ ဒသမ ၈၃ တန်၊ စုစုပေါင်း ၁၇၇၁၇၀ ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခာတ်ဆီတန်ချိန် ၉၅၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၃၁၀၀ ကျော်ပိုမိုတင်သွင်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၃၄၄၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၇၀၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ခာတ်ဆီရော ဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂၅၁ သန်းတန်ဖိုးရှိ **Re-export** ဒီဇယ် ၁၅၈၉၅ ဒသမ ၄၈ တန်၊ တာချီလိတ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၃၁၂၆၁၉ တန်ဖိုးရှိ ဒီဇယ် ၃၅၇ ဒသမ၄၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၈၉၄၆၀ တန်ဖိုးရှိ ခာတ်ဆီ ၁၁၉၆ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ခာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၈၅၀၊ အောက်တိန်း (92) ကျပ် ၈၁၀၊ အောက်တိန်း (95) ကျပ် ၈၆၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၆၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၇ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၈၀၀၀၀၊ ရောင်းဈေး ကျပ် ၁၈၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ မေ ၇ ရက်မှာ ခာတ်ဆီဝယ်ဈေး ကျပ် ၁၇၇၀၀၀၊ ရောင်းဈေး ကျပ် ၁၇၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေးနည်းနည်း မြင့်လာပေမယ့် ခာတ်ဆီဈေးငြိမ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ခာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)နဲ့ အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာအောက်တိန်း (95) တစ်လီတာ ကျပ် ၁၀၆၀၊ ဒီဇယ် တစ်လီတာ ကျပ် ၉၁၀၊ အဆင့်မြင့်ဒီဇယ်တစ်လီတာ ၉၂၅ ကျပ်၊ အောက်တိန်း (92) တစ်လီတာ ၉၁၅ ကျပ်၊ ခာတ်ဆီတစ်လီတာ ကျပ် ၉၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ မေ ၇ ရက်တွင် ဒီဇယ်ဝယ်ဈေးကျပ် ၁၈၆၀၀၀၊ ရောင်းဈေး ကျပ် ၁၈၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမေလ၁၁ ရက်တွင် ဝယ်ဈေး ကျပ် ၁၈၉၀၀၀၊ ရောင်းဈေး ကျပ် ၁၉၃၀၀၀နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ မေ ၇ ရက်တွင် ဝယ်ဈေး ကျပ် ၁၈၃၀၀၀၊ ရောင်းဈေး ကျပ် ၁၈၅၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မေ ၁၁ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၂၀၀၀ ဈေးမြင့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ခာတ်ဆီပါ ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်အဆင့်မြင့်ဒီဇယ်နဲ့အောက်တိန်း(95) နဲ့ အောက်တိန်း (92)မှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ခာတ်ဆီ ၇၅၅ ကျပ်၊ အဆင်မြင့်ဒီဇယ် ၈၉၅ ကျပ်၊ အောက်တိန်း(92) ၈၅၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီ တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၄၁၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၉၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင် ခာတ်ဆီဈေး၊ ဒီဇယ်ဈေးများမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် တစ်လီတာကျပ် ၉၀၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၉၁၀၊ အောက်တိန်း (92) ကျပ် ၉၀၀၊ အောက်တိန်း (95) ကျပ် ၁၀၄၀ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၄၀၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## ဒေါ်လာဈေး ဆက်လက်မြင့်တက်လာခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် မေလဒုတိယပတ်အတွင်း ဈေးဆက်လက်မြင့်တက်လာခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၄၂ ကျပ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

"အမေရိကန်ဗဟိုဘဏ်ရဲ့ ငွေကြေးပေါ်လစီက ဒေါ်လာကို ၂၀၀၈ ဘဏ္ဍာရေးပျက်ကပ်မတိုင်မီကာလက တန်ဖိုးအထိ ဆွဲတင်သွားမယ်လို့ သတင်းထွက်လာတယ်။ ဒါကြောင့် အမေရိကန်စီးပွားရေး ဦးမော့လာမယ်ဆိုရင် ဒေါ်လာလည်း ပြန်ဦးမော့လာဖို့ရှိတယ်။ နောက်ပြီး ပြည်တွင်းမှာ မိုးဦးကာလဖြစ်တော့ ဆောက်လုပ်ရေးပစ္စည်းတွေ အဝယ်လိုက်လာတယ်။ ဆောက်လုပ်ရေးပစ္စည်းတော်တော်များများက နိုင်ငံခြားကဝယ်ရတာဆိုတော့ ဒေါ်လာအဝယ်လိုက်လာပြီး ဒေါ်လာဈေးတက်လာတယ်လို့မြင်တယ်"ဟု ပြည်တွင်းငွေကြေး အရောင်းအဝယ်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် မေ ၇ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၃၆ကျပ်၊ ဝယ်ဈေး ၁၃၃၄ကျပ် ရှိခဲ့ပြီး မေ ၉ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၄၁ ကျပ်၊ ဝယ်ဈေး ၁၃၃၉ ကျပ်သို့ မြင့်တက်ခဲ့ကာ မေ ၁၁ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၄၀ ကျပ်၊ ဝယ်ဈေး ၁၃၃၈ ကျပ်ဖြင့် ဈေးပိတ်သိမ်းသွားခဲ့ကြောင်းသိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး အတက်အကျနည်း

ဧပြီလ နောက်ဆုံးပတ်မှစတင်ကာ ဈေးကျခဲ့သည့် ပြည်တွင်းရွှေဈေးမှာ မေလပထမပတ်အထိ ဆက်လက်ကျဆင်းခဲ့သော်လည်း မေလဒုတိယပတ်မှာတော့ ဈေးအတက်အကျ နည်းခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ မေလ ပထမပတ်က ကျပ် ၉၄၀၅၀၀ ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် မေလဒုတိယပတ်အတွင်း ကျပ် ၉၄၀၀၀၀ဖြင့် အရောင်းအဝယ်ရှိခဲ့သည်။

"အရင်အပတ်တွေတည်းက ကမ္ဘာ့စီးပွားရေးသတင်းတွေထဲမှာ ရွှေသတင်းက ထိပ်တန်းသတင်းဖြစ်နေတယ်။ အမေရိကန်ရဲ့ အီရန်အပေါ် သဘောထားပြောင်းလဲလာမှုက စစ်ရေးအကျိုးဆက်ဖြစ်ပေါ်လာမလားဆိုပြီး စိုးရိမ်မှုတွေကနေ ရွှေဈေးအပေါ် သက်ရောက်မှုရှိခဲ့တယ်။ အခုငြိမ်နေပေမယ့် ပြန်တက်နိုင်မယ့်အလားအလာ ရှိနေပါတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မေ ၇ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၃၈၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ မေ ၁၁ ရက်တွင် ကျပ် ၉၃၇၀၀၀သို့ ကျဆင်းခဲ့ပြီး မေ ၁၁ရက်တွင် ကျပ် ၉၄၀၀၀၀ ဖြင့်ဈေးပိတ်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း မေ၇ ရက်က တစ်အောင်စလျှင်၁၃၁၂အမေရိကန်ဒေါ်လာ ရှိခဲ့ရာမှ မေ ၉ ရက်တွင် တစ်အောင်စလျှင် ၁၃၁၁ အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့ပြီး မေ ၁၁ ရက်တွင် ၁၃၁၅ အမေရိကန်ဒေါ်လာသို့ အနည်းငယ်မြင့်တက်ခဲ့သည်။ **သန်းထိုက်အောင်**

## ရန်ကုန်စတော့အိတ်ချိန်း သတင်းစာရှင်းလင်းပွဲ မေ ၁၅ ရက်တွင် ပြုလုပ်မည်

ရန်ကုန် စတော့အိတ်ချိန်း၏ သတင်းစာရှင်းလင်းပွဲကို မေ ၁၅ ရက်တွင်ရန်ကုန်စတော့အိတ်ချိန်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် စတော့ရှယ်ယာ အရောင်းအဝယ်ကြိမ်ရေလေးကြိမ်တိုးမြှင့်ခြင်း၏ အကျိုးရလဒ်များ၊ KTzRH ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ အွန်လိုင်းဝန်ဆောင်မှု စတင်ခြင်း၊ ရန်ကုန်စတော့အိတ်ချိန်း၌ ဇွန် ၅ ရက်တွင်ပြုလုပ်မည့် စာရင်းဝင်ခြင်းနှင့်ပတ်သက်သော အသိပညာပေးဆွေးနွေးပွဲ၊ အစုရှယ်ယာအထူးလုပ်ငန်းအဖွဲ့ တည်ထောင်မှုစသည်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် စတော့အိတ်ချိန်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး အစုရှယ်ယာဈေးကွက်ဖြစ်ပြီး ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် အဆောက်အဦဖွင့်လှစ်ခဲ့ကာ ၂၀၁၆ ခုနှစ် မတ်လတွင် အစုရှယ်ယာရောင်းဝယ်မှုကို စတင်ခဲ့သည်။

ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Research နှင့် Japan Exchange Group တို့မှ ပူးပေါင်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

May 11, 2018
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.34 |
| BDT | Bangladesh Taka | 84.16 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.35 |
| EUR | Euro | 0.83 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 66.78 |
| I DR | Indonesia Rupiahs | 13966.08 |
| JPY | Japan Yen | 109.70 |
| MYR | Malaysia | 3.95 |
| PKR | Pakistan Rupees | 115.85 |
| PHP | Philippines Pesos | 51.85 |
| RUB | Russia Rubles | 63.37 |
| SGD | Singapore Dollars | 1.33 |
| KRW | South Korea Won | 1073.20 |
| LKR | Sri Lanka Rupe | 158.08 |
| THB | Thailand Baht | 31.68 |
| GBP | United Kingdom Pounds | 0.73 |
| VND | VietnamDon | 22768.87 |

*Source:xe.com*

## World Gold Price

May-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 7 | 1318 | 1318 | 1317 |
| 8 | 1317 | 1316 | 1315 |
| 9 | 1313 | 1311 | 1310 |
| 10 | 1316 | 1315 | 1315 |
| 11 | 1328 | 1325 | 1326 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 7-5- 2018 | 939.00 | 939.00 |
| 8-5- 2018 | 936.50 | 936.80 |
| 9-5- 2018 | 938.50 | 938.60 |
| 10-5- 2018 | 939.00 | 938.50 |
| 11-5- 2018 | 940.00 | 940.30 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 7 | 6.36 | 31.85 | 83.18 | 67.11 |
| 8 | 6.36 | 31.86 | 83.93 | 67.07 |
| 9 | 6.38 | 32.09 | 83.63 | 67.38 |
| 10 | 6.37 | 31.11 | 84.15 | 67.67 |
| 11 | 6.35 | 31.68 | 84.16 | 66.78 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 7-May | 16.50 | 3044.17 | 2330.06 | 6779.50 | 914.00 |
| 8-May | 16.45 | 3090.23 | 2342.19 | 6813.01 | 910.00 |
| 9-May | 16.38 | 3062.45 | 2331.61 | 6741.60 | 910.00 |
| 10-May | 16.50 | 3071.72 | 2310.67 | 6777.74 | 914.00 |
| 11-May | 16.74 | 3078.55 | 2271.22 | 6876.04 | 926.00 |

## Energy NYMEX 11-5-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 71.37 | 0.01 | 0.01 |
| Brent Crude Futr (USD/bbl) | 77.33 | -0.14 | -0.18 |
| Gasoline Rbob Fut (Cent/gal) | 219.02 | 0.12 | 0.05 |
| Natural Gas Futr (USD/MMBtu) | 2.81 | -0.01 | -0.21 |
| Heating Oil Futr (Cent/gal) | 221.98 | -0.30 | -0.13 |

## ဘိလပ်မြေ

# ရေလမ်းမှဘိလပ်မြေ တန်ချိန် ၉၀၀၀နီးပါးတင်သွင်း

ဧပြီလ ၂၉ ရက်မှ မေလ ၅ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၉၀၂၆၇ တန်ဖိုးရှိ ဘိလပ်မြေ ၈၉၉၁ ဒသမ ၁၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်နိုင်ငံမှ ၅၂ တန်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၅၀နဲ့ မလေးရှားနိုင်ငံမှ ၈၇၈၉ ဒသမ ၁၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဘိလပ်မြေတန်ချိန် ၄၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၅၃၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဧပြီလ ၂၈ ရက်မှ မေလ ၄ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ၁၃၀၆၅တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်ကဘိလပ်မြေအဝင်မှာ တန်ချိန် ၁၃၁၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှ အဝင်ပိုပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။



# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ကပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲပစ္စည်းပြတ်နေတဲ့စိန်ဘိလပ်မြေက ဈေးကွက်ထဲပြန်ဝင်လာတယ်လို့ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၁၅၀၊ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ်၅၀၅၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်က ပုံမှန်ရှိတယ်၊ ဘိလပ်မြေဈေးကတော့ အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၈၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာကျပ်၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၈၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရ ပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ထိုင်း(ဆင်)က ပစ္စည်းပြတ်ပြီး ကြံ့နဲ့အပါချီက ကျပ် ၁၀၀ ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၃၀၀၊ စိန်(ထိုင်း)ကျပ် ၆၁၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အပါချီနဲ့ နဂါးဘိလပ်မြေသာရှိပြီး စိန်၊ဆင်နဲ့ကမ္ဘောဇဘိလပ်မြေက ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း)ကျပ် ၇၀၀၀၊အေသုံးလုံးကျပ် ၅၂၀၀၊အပါချီ ကျပ်၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ခတ်မြေဩဇာ

# ဒီတစ်ပတ် မြေဩဇာအဝင်နည်း

ဧပြီလ ၂၉ရက်မှ မေလ ၅ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၂၁၇၄၀တန်ဖိုးရှိ မြေဩဇာ ၅၄၂၈ ဒသမ ၄၈၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဂျာမနီနိုင်ငံမှ တန်ချိန် ၅၀၀၊ အိန္ဒိယနိုင်ငံမှ ၁၁ ဒသမ ၈၇၆ တန်၊ အီရန်နိုင်ငံမှ ၁၀၆၉တန်၊ အီတလီ နိုင်ငံမှ ၁၀၃ ဒသမ ၁၈တန်၊ ဂျပန်နိုင်ငံမှ ၂၅ ဒသမ ၅၀ တန်၊ ကိုရီးယားနိုင်ငံမှ ၂၂၃ တန်၊ နော်ဝေနိုင်ငံမှ ၅၄၄ ဒသမ ၂၄၅ တန်၊ စင်ကာပူနိုင်ငံမှ ၁၃ ဒသမ ၈၀၁ တန်၊ ရုရှားနိုင်ငံမှ ၁၉၇ ဒသမ ၁၅ တန်၊ ထိုင်းနိုင်ငံမှ ၂၀၀၅ ဒသမ ၇၃တန်နဲ့ ဗီယက်နမ် နိုင်ငံမှ ၇၃၅ တန် တင်သွင်းခဲ့ပါတယ်။

ဒီတစ်ပတ် ထိုင်းနိုင်ငံမှအများဆုံးတင်သွင်းခဲ့ပြီး ဒုတိယအများဆုံးတင်သွင်းတဲ့နိုင်ငံက အီရန်နိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၂၅၆၆၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၀၂၃၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ ပိုတက်ဆီယမ်ကလိုရိုဒ်၊ ယူရီးယား၊ အော်ဂဲနစ်၊ ကွန်ပေါင်း၊ အာမိုနဲ့ ခတ်ဆားတို့ဖြစ်ပါတယ်။

# တောင်ကြီးဈေးကွက် အရောင်းအေး

ဧပြီလ ၂၈ ရက်မှ မေလ ၄ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာတန်ချိန် ၃၁၅၁၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၂၁၀၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၀၄၄၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့ မန္တလေးမှာ အရောင်းပုံမှန်ရှိပြီး မကွေးနဲ့တောင်ကြီးမှာအရောင်းအေးတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိသလို ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်)ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ တီစူပါ ၂၀%ကျပ် ၁၈၀၀၊ တီစူပါ(၁၀း၁၀း၅)ကျပ် ၅၀၀၊ ပိုတက် ကျပ် ၂၀၀၀၊ မြားကမ္ဘာ ကျပ် ၅၀၀ ဈေးမြင့်ပြီး ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၀၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၅၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၃၅၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ကျပ်၁၇၀၀၀၊ ခတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက် (တရုတ်)ကျပ် ၂၄၀၀၀၊ ယူရီးယား(ယူအေအီး)ကျပ် ၂၂၅၀၀၊ မြားကမ္ဘာကျပ် ၁၆၅၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၀၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၈၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၈၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၅၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါကျပ် ၂၃၀၀၀၊ တောင်သူမ ကျပ် ၁၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ တီစူပါ (၄၆%တရုတ်)ကျပ် ၂၂၀၀၀၊ မြားသီးစုံ ကျပ် ၁၅၂၀၀၊ ပန်းသီးစုံ ကျပ် ၁၅၈၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ ပိုတက် ကျပ် ၂၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီ၊ နို့မှုန့် အဝင်လျော့

ဧပြီလ ၂၉ ရက်မှ မေလ ၅ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၈၀၀၀ တန်ဖိုးရှိ နို့ဆီ ၂၁၈ ဒသမ ၈၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒွန်းနို့ဆီတစ်မျိုးသာ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန်၃၇၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၅၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

ဒီတစ်ပတ် အမေရိကန်ဒေါ်လာ ၃၀၁၀၈၀ တန်ဖိုးရှိ နို့မှုန့် ၁၃၅ ဒသမ ၆၀ တန်ကို ရေလမ်းမှ တင်သွင်းခဲ့ပါတယ်။

နယူးဇီလန်နိုင်ငံမှ ၇၅ ဒသမ ၆၀ တန်နဲ့ ပိုလန်နိုင်ငံမှ တန်ချိန် ၆၀ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၂၆၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၂၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါအဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၄ မှ ၄/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၄ မှ ၂၇/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၃၄.၀၀ | (-) | ၃၄.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၉၈၅.၀၀ | ၁၅၅၈.၀၀ | (+) | ၄၂၇.၀၀ |
| ၅။ | တာချီလိတ် | ၆၀၀၀.၀၀ | ၈၃၀၀.၀၀ | (-) | ၂၃၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | ၅၀၈၀.၀၀ | ၃၂၇၅.၀၀ | (+) | ၁၈၀၅.၀၀ |
| | စုစုပေါင်း | ၁၃၀၆၅.၀၀ | ၁၃၁၆၇.၀၀ | (-) | ၁၀၂.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ခတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၄ မှ ၄/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၄ မှ ၂၇/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၃၀၁၅.၄၃ | ၁၅၅၀၉.၃၀ | (+) | ၇၅၀၆.၁၃ |
| ၂။ | လွယ်ဂျယ် | ၂၆၈.၀၀ | ၈၀.၀၀ | (+) | ၁၈၈.၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၃၂၄.၅၀ | ၈၃၁.၀၀ | (+) | ၁၄၉၃.၅၀ |
| ၄။ | ကန်ပိုက်တီး | ၉၀၉.၀၀ | ၁၂၆၆.၀၀ | (-) | ၃၅၇.၀၀ |
| ၅။ | မြဝတီ | ၃၉၉၇.၅၉ | ၁၂၈၄.၅ | (+) | ၂၇၁၃.၀၉ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၁၀၀၀.၀၀ | ၂၁၀၀.၀၀ | (-) | ၁၁၀၀.၀၀ |
| | စုစုပေါင်း | ၃၁၅၁၄.၅၂ | ၂၁၀၇၀.၈ | (+) | ၁၀၄၄၃.၇၂ |

ဇော်ဝင်း

## နှမ်း

# တရုတ်နယ်စပ် နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၆၂၇ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ တန် ၄၉၀ကျော်တင်ပို့ခဲ့ပါတယ်။ စခန်းလိုက် တင်ပို့မှုမှာ မူဆယ်မှ နှမ်းဖြူ(အခွံချွတ်) ၁၈တန်၊ ချင်းရွှေဟော်မှ နှမ်းနက် ၃၇၃ တန်ကျော်နဲ့ နှမ်းညို(အခွံချွတ်) ၉၉တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှနှမ်းတင်ပို့မှုမရှိဘဲ ချင်းရွှေဟော်မှ နှမ်းနက် ၉၂ တန်ခွဲသာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တရုတ်နယ်စပ်မှ နှမ်း ၃၉၇တန်ကျော် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၄၀၂၀တန်ဖိုးရှိနှမ်းနက် ၂၈တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၂ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၄ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီ ၂၈ရက်မှ မေ၄ရက်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၈၄၆၁၅၄ ကျပ်၊ နှမ်းနက် တစ်တန်လျှင် ၁၉၅၀၁၀၄ ကျပ်ဈေးရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

# ပြည်ဈေးကွက်တွင် ဆီကြိတ်နှမ်းနီဈေးမြင့်လာလို့ နှမ်းဆီဈေးပါမြင့်

ပြည်ဈေးကွက်သို့ ယခုတစ်ပတ်တွင် နှမ်းဝင်ရောက်မှုမရှိပေမယ့် လှောင်ထားတဲ့ မိုးနှမ်းနှင့် ဆောင်းနှမ်းများကြောင့် အရောင်းအဝယ်မှာ ယခင်နှမ်းပေါ်ချိန်ကလို နေ့စဉ်အရောင်းအဝယ်မဖြစ်ပေမယ့် တစ်ခါတစ်ရံ အရောင်းအဝယ်ဖြစ်လျှင် အိတ် ၁၀၀-၂၀၀ လောက်သာ အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ နှမ်းနက်ကို အောင်လံဝယ်လက်များကအဝယ်ရှိပြီး နှမ်းနီကို မိုးနှမ်းစိုက်မယ့် မျိုးသမားများက အဝယ်ရှိသဖြင့် နှမ်းနီမှာ ဈေးအမြင့်တွင် ငြိမ်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ်တွင် နှမ်းဈေးများမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ နှမ်းဆီဈေးမှာလည်း နှမ်းဆီ(ရှယ်)တစ်ပိဿာလျှင် ကျပ် ၅၄၀၀ဖြင့် နှမ်းနီဈေးမြင့်လို့ နှမ်းဆီဈေးမြင့်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ပဲဆန်

# ပြည်ပဲဆန်ဈေးမှာ ဝယ်လက်များရှိပေမယ့် ဈေးငြိမ်နေ

ပြည်ဈေးကွက်သို့ မင်းတုန်းနှင့်ရခိုင်ပြည်ဘက်မှ မြေပဲဆန်များ ဝင်ရောက်မှုမှာ တစ်နေ့လျှင် အိတ် ၄၀၀ မှ ၅၀၀ အထိရှိလို့ ဝယ်လက်သမားများကလည်း ဝင်သလောက် အဝယ်ရှိတာ တွေ့ရပါတယ်။ ရန်ကုန်၊ မန္တလေး ဝယ်လက်များကလည်း လုံးဆန် အနီရော အဖြူပါ ဝယ်ယူမှုရှိပြီး မြို့တွင်းရှိ ဆီစက်များလည်း ဆီဆန်ကို ဝယ်ယူမှုရှိနေတာတွေ့ရပါတယ်။ အရောင်းအဝယ်ဖြစ်ပေမယ့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၂၀၀၀ နှင့် လုံးဆန်ဈေးမှာ(အဖြူ)တစ်ပိဿာလျှင် ကျပ် ၂၃၀၀ နှင့်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း(ပြည်)**

## စားအုန်းဆီ

# အကျဈေးဘက်ကို ဦးတည်နေတဲ့ စားအုန်းဆီ

အတက်အကျများနေတဲ့ မလေးရှားစားအုန်းဆီဈေးဟာ ဒီတစ်ပတ်မှာတော့ အကျဘက်ကို ဦးတည်နေပါတယ်။ ဘာဆာမလေးရှားကုန်စည်ဒိုင်ရဲ့သတင်းများအရ မေ ၈ ရက်မှာ စားအုန်းဆီတစ်တန်ကို ၂၃၈၁ ရင်းဂစ်နဲ့ ဈေးပိတ်ခဲ့တာကြောင့် အခြေခံစံထားဈေးနှုန်းထက် သုညဒသမ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရပါတယ်။



ထို့ပြင်အဆိုပါရက်မှာ စားအုန်းဆီ ၂၅တန်ပါဝင်တဲ့ အတွဲပေါင်း ၅၀၆၇၀တွဲ ရောင်းချခဲ့ကြောင်းကိုလည်း တွေ့ရပါတယ်။ မလေးရှားနိုင်ငံရဲ့စားအုန်းဆီအပေါ် ပို့ကုန်အခွန်ကောက်ခံမှုကာလကို တိုးမြှင့်သတ်မှတ်လိုက်ခြင်းနှင့်အတူ မေလရဲ့ ဆယ်ရက်တာကာလ စားအုန်းဆီဈေးအခြေအနေဟာ အဆိုးဘက်ကို ယိမ်းယိုင်လျက်ရှိနေပါတယ်။

မလေးရှားနိုင်ငံဟာ အင်ဒိုနီးရှားနိုင်ငံပြီးရင် ဒုတိယအကြီးဆုံးစားအုန်းဆီထုတ်လုပ်တဲ့နိုင်ငံဖြစ်ပြီး ၂၀၁၈ နှစ်ဆန်းမှ ဧပြီလအထိ စားအုန်းဆီတင်ပို့မှုအပေါ် အခွန်သတ်မှတ်ကောက်ခံမှုကာလကိုသတ်မှတ်ခဲ့ပြီး မေလအတွက် ၅ ရာခိုင်နှုန်း ဆက်လက်ကောက်ခံခဲ့ပါတယ်။ စားအုန်းဆီတင်ပို့မှုအပေါ် အခွန်သတ်မှတ်ကောက်ခံမှုကာလကို ပထမကာလအဖြစ် ဇန်နဝါရီလဆန်းမှစ၍သတ်မှတ်ခဲ့ပြီး ၂၀၁၈ခုနှစ်အတွက် အရန်ကုန်ပစ္စည်းထားဖို့ ရည်ရွယ်ခဲ့တာ ဖြစ်ပေမဲ့ နောက်ဆက်တွဲအဖြစ် ဈေးနှုန်းမတည်ငြိမ်မှုများ ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။

အထွက်နှုန်းလျော့ကျနိုင်ဖွယ်ရာရှိတယ်ဆိုတဲ့မျှော်မှန်းမှုများကြောင့် စားအုန်းဆီပင်တွေဟာလည်း ဈေးတက်နေခဲ့ပြီး ဧပြီ ၂၆ ရက်က အမြင့်ဆုံးဈေးအဖြစ် ၂၄၀၀ ရင်းဂစ်အထိ ရောက်ရှိခဲ့ပါတယ်။ အခြားဆီများဖြစ်ကြတဲ့ ချီကာဂို ပဲပုပ်ဆီရဲ့ ဇူလိုင်လအတွက် ချုပ်ဆိုတဲ့ဈေးနှုန်းတွေဟာ သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်ရဲ့ စက်တင်ဘာလအတွက် ပဲပုပ်ဆီကြိုရောင်းဈေးဟာ သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒါပေမဲ့ ဒါလီယံကုန်စည်ဒိုင်ရဲ့စက်တင်ဘာလအတွက် စားအုန်းဆီချုပ်ဆိုတဲ့ဈေးကတော့ သုည ဒသမ ၃ ရာခိုင်နှုန်း ဈေးတက်ခဲ့တဲ့အတွက် ပြိုင်ဘက်ဆီများရဲ့ဈေးအလားအလာကို စောင့်ကြည့်ဖို့လိုအပ်နေသလို စားအုန်းဆီထုတ်လုပ်မှုတိုးတက်မှုရှိနေကြောင်းကိုလည်း သတင်းရရှိပါတယ်။

**ကြည်သာသစ်နိုင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၁-၅-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၇၀၀ | ၅၇၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၉၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၄၆၀၀ | ၄၆၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၄၅၀၀ | ၄၅၀၀ | □ | ၄၅၀၀ | ၄၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၁-၅-၂၀၁၈ US$/Ton

| အမျိုးအစား | ဧပြီလပဥ္စမပတ် | မေလပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | - | - | |
| RBD P.Olein | ၆၃၆.၅၀ | ၆၃၆.၅၀ | □ |
| RBD P.Stearin | ၆၂၁.၅၀ | ၆၂၁.၅၀ | □ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၁-၅-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၈၀.၁၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၃၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၁၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၁.၂၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၈.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၂၁.၆၁၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၁-၅-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၇၅ ဒေါ်လာနှင့် USD ဈေး ၁၃၄၂ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၁-၅-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၄၂ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ ၁၀-၅-၂၀၁၈နှင့်၁၁-၅-၂၀၁၈ရက်နေ့ မလေးရှားနိုင်ငံတွင် ဈေးကွက်ပိတ်သဖြင့် ၉-၅-၂၀၁၈ရက်နေ့ CIF, FOBဈေးနှုန်းများဖြင့် တွက်ချက်ထားပါသည်။

# ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့

**အောင်ဆန်းလင်း (DOCA)**





## ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်ခြင်း

ဖာလာပင်သည် အိန္ဒိယနိုင်ငံ၏ ပင်လယ်ကမ်းခြေဒေသမှ ဆင်းသက်လာခဲ့ခြင်းဖြစ်ပြီး ၁၈၆၅ ခုနှစ်တွင် နီပေါနိုင်ငံသို့ ရောက်ရှိခဲ့ပါသည်။ ၁၉ ရာစုအစပိုင်း၌ အိန္ဒိယနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ စတင်ရောက်ရှိခဲ့ပြီး ၎င်းမှတစ်ဆင့် ဂွါတီမာလာနိုင်ငံသို့ ၁၉၂၀ ခုနှစ်တွင် ရောက်ရှိခဲ့ပါသည်။ ဖာလာကို ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၀၀ မှ စတင်စိုက်ပျိုးနိုင်ပြီး အမြင့်ပေ (၂၀၀၀-၄၅၀၀) အတွင်း အကောင်းဆုံးဖြစ်ထွန်းပါသည်။ ဖာလာပင်သည် ပူနွေးစိုစွတ်၍ မိုးများသောဒေသတွင် ကောင်းစွာဖြစ်ထွန်းပေါက်ရောက်ပြီး မိုးရေချိန်(၁၂၀-၁၆၀) လက်မအတွင်း၊ အပူချိန်(၁၃-၁၅)ဒီဂရီစင်တီဂရိတ်၊ ရေချဉ်ငန်ဓာတ်(၅-၆)တွင် စိုက်ပျိုးဖြစ်ထွန်းပါသည်။ ဖာလာပင်များသည် အရိပ်(၆၀ ရာခိုင်နှုန်း)ခန့် လိုအပ်ပြီး အများအားဖြင့် သဘာဝသစ်တောများကြားတွင် ပေါက်ရောက်ဖြစ်ထွန်းသော အပင်တစ်မျိုး ဖြစ်ပါသည်။ အပင်သက်တမ်း နှစ်နှစ်မှ သုံးနှစ်အတွင်း အပွင့်များပွင့်လေ့ရှိပြီး စိုက်ပျိုးပြီး သုံးနှစ်အကြာတွင် ပထမဆုံးအသီးများကို ခူးဆွတ်ရရှိပါသည်။

အဓိကအားဖြင့် ဖာလာအမျိုးအစားနှစ်မျိုးရှိပါသည်။ ၎င်းတို့မှာ ဖာလာ(စိမ်း) (Small green cardamom/ Eletteria cardamomum) နှင့် ဖာလာ(အနီ) (Large red/black cardamom/Amomum Subulatum Roxb)တို့ဖြစ်ပါသည်။ ဖာလာစိမ်း (Small green cardamom) ကို ဂွါတီမာလာ၊ အိန္ဒိယ၊ တန်ဇန်းနီးယား၊ ဟွန်ဒူးရဒ်စ်၊ ကိုလံဘီယာ၊ ဘရာဇီး၊ သီရိလင်္ကာ၊ လာအိုနှင့် ဗီယက်နမ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး ဖာလာ(နီ) (Large cardamom)ကို နီပေါ၊ အိန္ဒိယ၊ ဘူတန်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့တွင် အဓိကစိုက်ပျိုးကြပါသည်။ မြန်မာနိုင်ငံတွင်မူ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ တောင်ကုန်းတောင်တန်းဒေသများတွင် ဖြစ်ထွန်းပေါက်ရောက်လျက်ရှိပါသည်။ ကရင်ပြည်နယ်အတွင်းရှိ သံတောင်ကြီး၊ ဖါပွန်၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီးမြို့နယ်များတွင်မူ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ချဉ်ပေါင်ဖာလာသည် ပဲခူးတိုင်းဒေသကြီး ရေနီမြို့ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာ ချဉ်ပဒေါင်းတောင်မှ စတင်ပေါ်ပေါက်လာပါသည်။ ၎င်းမှတစ်ဆင့် ကရင်ပြည်နယ်၊ သံတောင်ကြီး ဒေသအတွင်း ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လာကြောင်း သိရှိရပါသည်။ ချဉ်ပေါင်ဖာလာသည် ဖာလာမျိုးရင်းဖြစ်ပြီး ချဉ်ပေါင်ဖာလာဟု အမည်တွင်ခဲ့ခြင်းမှာ ချဉ်ပဒေါင်းတောင်မှ စတင်ပေါ်ပေါက်ခဲ့ခြင်းအတွက် ချဉ်ပဒေါင်းဖာလာမှ ချဉ်ပေါင်ဖာလာဟု ခေါ်တွင်လာကြပါသည်။ ကရင်ပြည်နယ်သည် တောင်ကုန်းတောင်တန်းများ၊ သစ်တောများ ပေါများသည့်အလျှောက် သစ်တော၊ သစ်ပင်များကို မှီခိုပေါက်ရောက်သော အပင်များ၊ ကုန်းမြင့်ဒေသကို ကြိုက်နှစ်သက်သောအပင်များ ပေါက်ရောက်လျက်ရှိရာ ဖာလာပင်သည်လည်း ပါဝင်ပါသည်။ ယခုအခါ ဖာလာသီး၊ ဖာလာစေ့သည် ပြည်တွင်း၌သာမက ပြည်ပသို့တင်ပို့ရောင်းချသည့် သီးနှံတစ်မျိုးအဖြစ် ရောက်ရှိလာခဲ့ရာ သဘာဝအလျောက် ပေါက်ရောက်သည်များကို ခူးဆွတ်နေရာမှ စိုက်ခင်းများအဖြစ် ပြုပြင်ထုတ်လုပ်လာနေကြပြီ ဖြစ်ပါသည်။ ကရင်ပြည်နယ် သံတောင်ကြီးဒေသသည် ချဉ်ပေါင်ဖာလာ အပါအဝင် ကော်ဖီ၊ လက်ဖက်စသောသီးနှံများ ထွက်ရှိရာဒေသဖြစ်ပြီး ဒေသခံပြည်သူအများစုမှာ စိုက်ပျိုးရေးဖြင့် အသက်မွေးကြသူများဖြစ်ပါသည်။ ထို့ကြောင့် ၎င်းဒေသဖွံ့ဖြိုးတိုးတက်ရန်နှင့် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်မြင့်မားရန် အလွန်ပင်အရေးကြီးပါသည်။

## ချဉ်ပေါင်ဖာလာ၏ အသုံးဝင်ပုံ

ချဉ်ပေါင်ဖာလာစေ့ကို ဟင်းခတ် အမွှေးအကြိုင်အနေဖြင့်လည်းကောင်း၊ ပရဆေးအနေဖြင့်လည်းကောင်း၊ မြန်မာ့ တိုင်းရင်းဆေးများတွင်လည်းကောင်း အသုံးပြုကြပါသည်။ အစာအိမ်အတွင်း အစာကြေခြင်းကို အထောက်အကူဖြစ်စေသည့်အပြင် လေပွခြင်း၊ လေကယ်ခြင်းများကို သက်သာစေပါသည်။ တရုတ်နိုင်ငံတွင် ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်းကောင်း၊ ဗိုက်အောင့်ခြင်း၊ အစာအိမ်ရောင်ခြင်းတို့တွင် ဆေးဝါးအဖြစ် အသုံးပြုကြပါသည်။ မီးယပ်ငုတ်ခြင်း၊ မီးယပ်သွေးဆုံးနာများအတွက် ဖော်စပ်သော မီးယပ်ဆေးများတွင်ဖာလာကို ထည့်သွင်းအသုံးပြုပါသည်။ ထို့အပြင် ကျောက်ငန်း၊ ကျောက်ရူးရောဂါများအတွက် ဖော်စပ်သော ကျောက်ဆေးများတွင်လည်း ဖာလာကို အသုံးပြုကြပါသည်။ ဖာလာစေ့မှရသော ဖာလာဆီအားမွှေ့နှင့် ကင်းမြီးကောက်များ ကိုက်သည့်အခါ အစာဖြေဆေးအဖြစ် အသုံးပြုနိုင်ပါသည်။ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်း၊ လည်ချောင်းနာခြင်းများအတွက် ဖာလာစေ့ကို ကြိတ်၍ ပျားရည်(သို့) သကာရည်နှင့်ရော၍ သောက်သုံးနိုင်ပါသည်။

## ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မှုအခြေအနေ

မြန်မာနိုင်ငံမှ ထွက်ရှိသော ချဉ်ပေါင်ဖာလာများကို အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံသို့နှစ်စဉ်တင်ပို့နိုင်ခဲ့ပြီး ယခုအခါ ကိုရီးယား၊ စင်ကာပူနှင့် အိန္ဒိယနိုင်ငံများသို့ပင် တင်ပို့နိုင်ပြီဖြစ်ပါသည်။သို့သော်လည်း မြန်မာနိုင်ငံမှ ထွက်ရှိသော ဖာလာများမှာ လာအို၊ ဗီယက်နမ်နိုင်ငံများမှ ထွက်ရှိသော ဖာလာများကဲ့သို့ အရည်အသွေး မကောင်းသောကြောင့် ဈေးကောင်းမရကြောင်း လေ့လာသိရှိရပါသည်။ထို့ပြင် ပြည်ပသို့ နှစ်စဉ်တင်ပို့နိုင်မှုပမာဏမှာလည်း ကျဆင်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တင်ပို့နိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၁၁-၂၀၁၂ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ချဉ်ပေါင်ဖာလာ တင်ပို့နိုင်မှုအခြေအနေ**

| စဉ် | ခုနှစ် | တန်ချိန် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
|---|---|---|---|
| ၁ | ၂၀၁၁- ၂၀၁၂ | ၉၂၅ | ၄ . ၉၀၁ |
| ၂ | ၂၀၁၂-၂၀၁၃ | ၅၄၈၂ | ၃၁ . ၀၁၂ |
| ၃ | ၂၀၁၃-၂၀၁၄ | ၄၅၈၇ | ၁၉ . ၃၀၇ |
| ၄ | ၂၀၁၄-၂၀၁၅ | ၃၄၄၅ | ၁၄ . ၇၀၆ |
| ၅ | ၂၀၁၅-၂၀၁၆ | ၂၆၂၂ | ၉ . ၃၈၂ |
| ၆ | ၂၀၁၆-၂၀၁၇ | ၂၆၇၇ | ၉ . ၅၁၉ |
| ၇ | ၂၀၁၇-၂၀၁၈ | ၂၂၇၈. ၃၇ | ၆ . ၈၀၇ |
| | စုစုပေါင်း | ၂၂၀၁၆. ၃၇ | ၉၅ . ၆၃၄ |

အထက်ပါဇယားအရ နှစ်အလိုက် တင်ပို့နိုင်မှုအခြေအနေမှာ ကျဆင်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ မည်သည့်အကြောင်းအရာများကြောင့်လဲဟု လေ့လာသုံးသပ်ကြည့်သော် အခြားသောနိုင်ငံများမှ ဖာလာများ၏ အရည်အသွေးနှင့် မယှဉ်ပြိုင်နိုင်ခြင်း၊ အရည်အသွေးများ ကျဆင်းလာခြင်း၊ ထွက်ရှိမှုပမာဏလျော့ကျခြင်း ဈေးကွက်ထိုးဖောက်နိုင်မှု အားနည်းခြင်းတို့ကြောင့်ပင်ဖြစ်ပေသည်။ ထို့ကြောင့် ထုတ်လုပ်မှုပမာဏ တိုးတက်အောင်လုပ်ဆောင်သကဲ့သို့ တစ်ဖက်တွင်လည်း အရည်အသွေး ပြည့်မီအောင်လုပ်ဆောင်ဖို့ အလွန်ပင်အရေးကြီးလှပါသည်။ထို့အပြင် ဈေးကွက်ထိုးဖောက်ရန်၊ ဈေးကွက်ထပ်မံတိုးချဲ့ဖို့ရန်လည်း လိုအပ်ပါသည်။ သို့မှသာ ထုတ်လုပ်မှု၊ တင်ပို့မှုအခြေအနေများမှာ တိုးတက်ဖွံ့ဖြိုးလာမှာ ဖြစ်ပါသည်။

ထို့ကြောင့် ရေရှည်တွင် ဈေးနှုန်း၊ ဈေးကွက် ကောင်းမွန်ရန်နှင့် ပြည်ပတင်ပို့မှု တိုးတက်စေရန်အတွက် ကြိုးပမ်းလုပ်ဆောင်ကြရန် လိုအပ်လျက်ရှိနေပါသည်။ လက်ရှိအခြေအနေတွင် ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူအများစုမှာ ခူးဆွတ်ပြီး ချဉ်ပေါင်ဖာလာများကို သမားရိုးကျ လွယ်ကူအဆင်ပြေသော နည်းလမ်းဖြစ်သည့် ထင်းမီးဖြင့်သာ အခြောက်ခံနေကြသည့်အတွက် ချဉ်ပေါင်ဖာလာများမှာ အနံ့၊ အရသာကို ထိခိုက်စေပြီး ဖာလာအရည်အသွေးမှာ ကျဆင်းကြရပါသည်။ ထို့ပြင် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိသောကြောင့်လည်း အရည်အသွေး ကျဆင်းလာခြင်းဖြစ်ပေသည်။ ထိုသို့ အရည်အသွေးကောင်းများရရှိစေရန်မှာ ထုတ်လုပ်မှု လုပ်ငန်းစဉ် (Processing) အဆင့်တိုင်းကို နည်းပညာများအတိုင်း သေချာစွာ စနစ်တကျ လုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။

ထိုသို့ လုပ်ဆောင်ရာတွင် မခူးဆွတ်ခင် (Pre harvest)နှင့် ခူးဆွတ်ပြီး (Post harvest)အဆင့်ခွဲ၍ စနစ်တကျ လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ Pre harvest အဆင့်တွင် အပင်ပြုစုပျိုးထောင်ခြင်း၊ အသီးထွက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း၊ အသီးအစေ့ အရည်အသွေး ကောင်းမွန်ရေး ပြုစုစောင့်ရှောက်ခြင်း စသည်တို့ကို စနစ်တကျ လုပ်ဆောင် ရမည်ဖြစ်ပြီး ခူးဆွတ်စဉ် harvest အခြေအနေ၌ နည်းစနစ်မှန်ကန်စွာ ခူးဆွတ်ခြင်းနှင့် အရင့်အမှည့်ညီမှသာ ခူးဆွတ်ခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ခူးဆွတ်ရာတွင် ရင့်မှည့်သော အသီးများကိုသာ ရွေးချယ်၍ နှစ်ကြိမ်၊ သုံးကြိမ်ခွဲ၍ ခူးဆွတ်ကြပါသည်။ တစ်ကြိမ်တည်းနှင့်အပြီး ခူးဆွတ်ခြင်းအားဖြင့် မရင့်မှည့်သေးသော ဖာလာသီးအနုများ၊ အစေ့အဆန် မအောင်မြင်သေးသော ဖာလာသီးများပါဝင်သဖြင့် အရည်အသွေးညံ့ဖျင်းခြင်း၊ အလေးချိန်လျော့ကျခြင်းများ ဖြစ်တတ်ပါသည်။ နှစ်ကြိမ်၊ သုံးကြိမ် ခူးဆွတ်ခြင်းအားဖြင့် ရင့်မှည့်၍ အစေ့အဆန်အောင်မြင်သော ဖာလာသီးများကို ရရှိပြီး အရည်အသွေးကောင်းမွန်၍ အလေးချိန်တိုးတက်ကာ ဈေးနှုန်းလည်း ပိုမိုတိုးတက်ရရှိပါသည်။ ခူးဆွတ်ပြီး (Post harvest) အဆင့်တွင်လည်း သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်း လုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် အခြောက်ခံခြင်းလုပ်ငန်းမှာ အရေးကြီးဆုံး လုပ်ငန်းဖြစ်ပြီး ချဉ်ပေါင်ဖာလာ၏ အရည်အသွေး အပေါ် အများဆုံးသက်ရောက်မှု ရှိနေပါသည်။

## ရိတ်သိမ်းချိန်လွန်နည်းပညာ
**(Post harvest Technology)**

**(က) သန့်စင်ခြင်း**

ခူးဆွတ်ပြီး ဖာလာသီးများကို အခြောက်မခံခင် သန့်ရှင်းအောင်ပြုလုပ်ရပေမည်။ ပထမအဆင့်အနေဖြင့် ဆန်ကာကို အသုံးပြု၍ သဲနှင့်အမှိုက်များကို ဖယ်ရှားရပါသည်။ လိုအပ်ပါက သန့်စင်ပြီး ဖာလာသီးများကို ရေတွင် ဆေးကြောသန့်စင်၍ အပေါက်ပါ ပလတ်စတစ်ခြင်းများအတွင်း ထည့်ရပါသည်။ ထိုသို့ဆေးကြောသန့်စင်ရာ၌ သောက်သုံးရန်သင့်သောရေကိုသာ အသုံးပြုရမည်ဖြစ်ပြီး ညစ်ညမ်းမှုမရှိစေရန် ရေကိုပုံမှန်လဲလှယ်ပေးရပါမည်။ ထိုသို့ သန့်စင်ပြီးပါက ဖာလာသီးမှ အညှာများကို ဖယ်ရှားပေးရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# Maharashtra ပြည်နယ်အစိုးရက ဝယ်ယူထားခဲ့သည့် ပဲစင်းငုံများ၏ ၉၅ ရာခိုင်နှုန်းမှာ ကြိတ်ခွဲနိုင်ခြင်းမရှိဘဲ အစိုးရအနေဖြင့် ရူပီးကုဋေ ၁၀၀၀ ခန့် အရှုံးနှင့်ရင်ဆိုင်နေရ

ပြီးခဲ့သည့်နှစ်သီးနှံရာသီ၌ Maharashtra ပြည်နယ်အစိုးရသည် ရူပီးကုဋေ ၃၀၀၀ ကျော်တန်ဖိုးရှိ ပဲစင်းငုံများကို ဝယ်ယူထားခဲ့ပြီး ယင်းပမာဏ၏ ၉၅ ရာခိုင်နှုန်းကျော်မှာ ယခုထိတိုင် ကြိတ်ခွဲပြုပြင်ရခြင်း မရှိသေးသည့်အတွက် ပြည်နယ်အစိုးရအနေဖြင့် ရူပီး ကုဋေ ၁၀၀၀ ဝန်းကျင်ခန့် အရှုံးပေါ်နိုင်သည်ဟု ပြည်နယ်ဈေးကွက်မြှင့်တင်ရေးဦးစီးဌာန၏ ပြောကြားချက်အရ သိရှိရသည်။

ပြည်နယ်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဝယ်ယူထားသည့် ပဲစင်းငုံများမှာ သိုလှောင်ထားနိုင်သည့်ကာလ ကန့်သတ်ချက်ရှိသည့်အတွက် ပျက်စီးသွားသည့်ပဲများကို လွှင့်ပစ်ရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က နိုင်ငံအတွင်း ပဲစင်းငုံ အမြောက်အမြားထွက်ရှိခဲ့သောကြောင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လအတွင်း ပဲစင်းငုံကွင်တယ် ၆၇ ဒသမ ၃၄ သိန်းဝန်းကျင်ခန့်ကို ပြည်နယ်အစိုးရက ဝယ်ယူခဲ့ကြောင်း၊ အဆိုပါပဲများအား ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရန်နှင့် တာရှည်အထားခံရန်အတွက် ကြိတ်ခွဲပြုပြင်ရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ဝယ်ယူထားသည့်ပဲများ၏ ၉၅ ရာခိုင်နှုန်း ကျော်အား ကြိတ်ခွဲမှုမပြုရသေးကြောင်း၊ ပဲစင်းငုံများမှာ ခြောက်လမှတစ်နှစ်အတွင်းသာ သိုလှောင်ထားနိုင်ရာ အချို့မှာ အညှောင့်ပေါက်လာသဖြင့် လွှင့်ပစ်ရမည့်အခြေအနေဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကုန်တွင် Maharashtra State Marketing Federation (MSMF) ၏ အထွေထွေမန်နေဂျာအား ပဲခွဲစက်ကုမ္ပဏီတစ်ခုအား မျက်နှာသာပေးမှုပြုလုပ်သည်ဟု စွပ်စွဲချက်ဖြင့် အလုပ်မှ ရပ်ဆိုင်းခဲ့သော်လည်း ၎င်းကုမ္ပဏီကိုမူ အရေးယူထားခြင်းမရှိသေးကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကြံစိုက်တောင်သူများအတွက် တစ်ကွင်တယ်လျှင် ၅ ဒသမ ၅ ရူပီး ထောက်ပံ့ကြေးပေးရန် အိန္ဒိယအစိုးရ အတည်ပြု

အိန္ဒိယနိုင်ငံ၌ ကြံများစံချိန်တင် ထွက်ရှိခဲ့သည့်အတွက် သကြားဈေးနှုန်း များ သိသိသာသာ ကျဆင်းနေခြင်းကြောင့် သကြားစက်များက ကြံစိုက်တောင်သူများ အားပေးချေရမည့် ကြံဖိုးကြွေးကျန်ပမာဏမှာ ရူပီးကုဋေ ၂၀၀၀၀ ခန့်ထိရှိလာရာ ယင်းအခြေအနေအား ကူညီဖြေရှင်းပေးနိုင်ရန်အတွက် အိန္ဒိယအစိုးရသည် ကြံစိုက်တောင်သူများသို့ တစ်ကွင်တယ်လျှင် ၅ ဒသမ ၅ ရူပီးခန့် (တစ်တန်လျှင် ၅၅ ရူပီးခန့်) ထုတ်လုပ်မှု ထောက်ပံ့ကြေးပေးရန် မေ ၂ ရက်တွင် စီးပွားရေးရာဗဟိုကော်မတီက အတည်ပြုလိုက်ကြောင်း သိရှိရသည်။

ကြံအများဆုံးထုတ်လုပ်သည့် ပြည်နယ်တစ်ခုဖြစ်သည့် Karnataka ပြည်နယ်၌ မေ ၁၂ ရက်တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ ယခုဆုံးဖြတ်ချက်သည် ယင်းကာလမတိုင်မီ အချိန်ကိုက်ဖြစ်လာကြောင်း၊ အဆိုပါဆုံးဖြတ်ချက်ကို သကြားလုပ်ငန်းအဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Abinash Verma က ထောက်ခံကြိုဆိုလိုက်ပြီး ၂၀၁၇-၁၈ ဈေးကွက်ရာသီ အတွင်း သကြားစက်များ၏ ကြိတ်ခွဲနိုင်မှု အခြေအနေကိုအခြေခံ၍ အစိုးရအနေဖြင့် ရူပီးကုဋေ ၁၅၀၀ မှ ၁၆၀၀ ထိထောက်ပံ့ပေးရနိုင်ဖွယ်ရှိသည်ဟု ၎င်းကသုံးသပ်ပြောကြားထားကြောင်း သိရှိရသည်။

ကြံစိုက်တောင်သူများသို့ တင်နေသည့်အကြွေးများကို သကြားစက်များက ပေးချေနိုင်ရေးနည်းလမ်းများကို ပြီးခဲ့သည့်လက ဝန်ကြီးများအဆင့် တွေ့ဆုံ၍ အလွတ်သဘောဆွေးနွေးခဲ့ကြရာ ထုတ်လုပ်မှုကိုအခြေခံ၍ ထောက်ပံ့ကြေးပေးခြင်း၊ သကြားတင်သွင်းမှုအပေါ် အခွန်အခကောက်ခံခြင်း၊ သကြားစက်များ၌ အသုံးပြုရသည့် အီသနော အပေါ် GST ခွန်လျှော့ချကောက်ခံခြင်း စသည့် နည်းလမ်းအမျိုးမျိုးကို စဉ်းစားရှာဖွေခဲ့ကြကြောင်း သိရှိရသည်။

ဧပြီ ၁၅ ရက်အထိ လက်ရှိရာသီအတွင်း အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုမှာ တန်ချိန် ၂၉ ဒသမ ၉၈ သန်းခန့်ထိရှိခဲ့ပြီး အမြင့်ဆုံးစံချိန်တင်ခဲ့ကြောင်း၊ သို့ဖြစ်၍ သကြားစက်လုပ်ငန်းရှင်များက ကြံစိုက်တောင်သူများသို့ပေးရမည့် ကြံဖိုးကြွေးကျန်မှာ ရူပီးကုဋေ ၂၀၀၀၀ ထိ မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၆-၁၇ ဈေးကွက်ရာသီတွင် သကြားတန်ချိန် ၂၀ ဒသမ ၃ သန်းထုတ်လုပ်နိုင်ခဲ့ပြီး ကမ္ဘာ့သကြား ဒုတိယအများဆုံးထုတ်လုပ်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ၏ နှစ်စဉ်သကြားသုံးစွဲမှု ပမာဏမှာ တန်ချိန် ၂၅ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

အိန္ဒိယဗဟိုအစိုးရသည် ပြည်တွင်းသကြားဈေးနှုန်းများ ကျဆင်းနေခြင်းကို ထိန်းညှိနိုင်ရန်အတွက် သကြားတင်သွင်း မှုအပေါ် သွင်းကုန်ခွန် ၁၀၀ ရာခိုင်နှုန်း သတ်မှတ်ထားပြီးဖြစ်ကာ ယခင်ကောက်ခံနေသည့် ပို့ကုန်ခွန်ကိုလည်း ဖျက်သိမ်းလိုက်ပြီးဖြစ်ကြောင်း၊ ထို့အပြင် သကြားစက်များအနေဖြင့် သကြားတန်ချိန် နှစ်သန်းခန့် တင်ပို့ရန်ကိုလည်း ဗဟိုအစိုးရက တိုက်တွန်းပြောကြားထားကြောင်း၊ ကြံဖိုးကြွေးကျန်များ ရှင်းလင်းနိုင်ရန်အတွက် ၂၀၁၅-၁၆ ဈေးကွက်ရာသီတွင် ဖော်ဆောင်ခဲ့သည့်အတိုင်း ထုတ်လုပ်မှုကိုလိုက်၍ ကြံစိုက်တောင်သူများအား အစိုးရက Incentives များ ထောက်ပံ့ဖန်တီးပေးရန် သကြားစက်လုပ်ငန်းရှင်များက တောင်းဆိုခဲ့ကြကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် အိန္ဒိယက ကျွဲသားတန်ချိန် ၁၃ သိန်းခန့်တင်ပို့နိုင်ခဲ့ပြီး ဗီယက်နမ်၊ မလေးရှားနှင့် အီဂျစ်တို့သို့ အများဆုံးတင်ပို့ခဲ့

အိန္ဒိယနိုင်ငံ၏ ကျွဲသားတင်ပို့မှုပမာဏမှာ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် နှစ်ရာခိုင်နှုန်းနီးပါးခန့် တိုးလာခဲ့ပြီး တန်ချိန် ၁၃ ဒသမ ၄၈ သိန်းသို့ရောက်ရှိလာခဲ့ကြောင်း၊ သို့ရာတွင် တန်ဖိုးအားဖြင့် ယင်းပို့ကုန်အတွက် ရရှိငွေမှာ ရူပီး ၂၅၉၈၈ ကုဋေသို့ အနည်းငယ်ကျဆင်းခဲ့ကြောင်း စိုက်ပျိုးရေးပို့ကုန်မြှင့်တင်ရေးအဖွဲ့ဖြစ်သည့် APEDA ၏ တရားဝင်ထုတ်ပြန်ထားသည့်အချက်အလက်များအရ သိရှိရပါသည်။

ဗီယက်နမ်၊ မလေးရှားနှင့် အီဂျစ်တို့မှာ အိန္ဒိယနိုင်ငံ၏ ကျွဲသားများအဓိကတင်ပို့ရာနိုင်ငံများဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ကျွဲသားတင်ပို့မှုပမာဏမှာ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ချိန် ၁၃၂၃၅၇၈ တန်ခန့်အတွက် ပို့ကုန်ရရှိငွေ ရူပီး ၂၆၁၆၁ ကုဋေရရှိခဲ့ပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ချိန် ၁၃၄၈၂၂၅ တန်ခန့်အတွက် ရူပီး ၂၅၉၈၈ ကုဋေရရှိခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်နှင့် စားသောက်ကုန်တင်ပို့မှု စုစုပေါင်းတန်ဖိုးအနေဖြင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ရူပီး ၁၀၇၄၇၂ ကုဋေခန့်သာရှိခဲ့ရာမှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ရူပီး ၁၁၈၈၁၉ ကုဋေခန့်သို့ ၁၀ ဒသမ ၅ ရာခိုင်နှုန်းခန့် တိုးလာခဲ့ကြောင်း APEDA ၏အချက်အလက်များအရ သိရှိရပါသည်။

ဘာစမာတီဆန် တင်ပို့မှုအနေဖြင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် တန် ၃၉၈၅၂၀ မှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ၄၀၅၁၈၉၆ တန်သို့မြင့်တက်လာခဲ့ပြီး ၎င်းအတွက် ပို့ကုန်ရရှိငွေ ရူပီး ၂၁၅၁၃ ကုဋေမှ ၂၆၈၄၁ ကုဋေသို့မြင့်တက်လာခဲ့ကြောင်း၊ အခြားဆန်တင်ပို့မှုပမာဏမှာလည်း တန်ချိန် ၆၇၇၀၈၃၃ တန်မှ ၈၆၃၃၂၃၇ တန်သို့ မြင့်တက်ခဲ့ပြီး ယင်းအတွက် ပို့ကုန်ရရှိငွေ မှာ ရူပီး ၁၆၉၃၀ ကုဋေမှ ၂၂၉၂၇ ကုဋေ သို့သိသိသာသာ မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၇-၁၈ ပို့ကုန်တင်ပို့ရရှိငွေ စုစုပေါင်းအနက် နှံစားသီးနှံတင်ပို့မှုမှ ရူပီး ၅၁၇၉၆ ကုဋေ၊ မွေးမြူရေးပို့ကုန်မှ ရူပီး ၂၉၇၁၂ ကုဋေ၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှ ရူပီး ၉၇၄၄ ကုဋေ၊ တန်ဖိုးမြှင့်သစ်သီးနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုမှ ရူပီး ၇၄၅၆ ကုဋေနှင့် အခြားတန်ဖိုး မြှင့်စားသောက်ကုန် တင်ပို့မှုမှ ရူပီး ၁၈၉၃၉ ကုဋေရရှိခဲ့ကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# မတ်ပဲနှင့် ပဲတီစိမ်း တင်သွင်းမှုကန့်သတ်ချက်အား အိန္ဒိယအစိုးရပြင်ဆင် သက်တမ်းတိုးလိုက်ရာ အိန္ဒိယကုန်သည်များအနေဖြင့် လက်ရှိဘဏ္ဍာနှစ်အတွင်း မတ်ပဲ၊ ပဲတီစိမ်း တန်ချိန်သုံးသိန်းခန့် ပြည်ပမှ တင်သွင်းနိုင်မည်

အိန္ဒိယဗဟိုအစိုးရသည် ပြည်တွင်း ပဲဈေးနှုန်းများတည်ငြိမ်စေရန်အတွက် မတ်ပဲနှင့် ပဲတီစိမ်း(ခွဲခြမ်းများနှင့် အခြားပုံစံများအပါအဝင်) နှစ်စဉ်တင်သွင်းခွင့် ကန့်သတ်ချက်အား တန်ချိန်သုံးသိန်းခန့်အဖြစ် သတ်မှတ်ကြောင်း မေ ၄ ရက်က Directorate General of Foregin Trade က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်နှစ် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လက ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ပဲတီစိမ်း၊ မတ်ပဲအလုံးနှင့် ကုန်ကြမ်းတင်သွင်းခွင့်ကို ကန့်သတ်ခဲ့ပြီး ခွဲခြမ်းများအား ကန့်သတ်ချက်တွင်ဖော်ပြထားခြင်းမရှိကြောင်း၊ သို့ဖြစ်၍ ပဲခွဲခြမ်းများအား ကုန်သည်များအနေဖြင့် တင်သွင်းရန်ခွင့်ပြုသကဲ့သို့ဖြစ်နေခဲ့ကြောင်း ဖော်ပြထားသည်။

ယခုကြေညာချက်အသစ်တွင်မူ ပဲတီစိမ်းနှင့် မတ်ပဲအမျိုးအစားအားလုံး (ခွဲခြမ်းများအပါအဝင်) အတွက် တန်ချိန် သုံးသိန်းခန့်တင်သွင်းခွင့်ပြုလိမ့်မည်ဟု ဖော်ပြထားပြီး အဆိုပါပဲနှစ်မျိုးအတွက် တန်ချိန်တစ်သိန်းခွဲစီ ခွဲခြားသတ်မှတ်ပေးထားပါသည်။

သို့ရာတွင် ၎င်းကန့်သတ်ချက်သည် နှစ်နိုင်ငံ/ဒေသတွင်း သဘောတူညီချက်များအောက်ရှိ အစိုးရ၏ ကတိကဝတ်များအပေါ် သက်ရောက်ခြင်းမရှိဟု ရှင်းလင်းဖော်ပြထားကြောင်း သိရှိရ သည်။

အိန္ဒိယ၏ မတ်ပဲနှင့် ပဲတီစိမ်းတင်သွင်းမှုပမာဏ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ မြန်မာနိုင်ငံမှဖြစ်ရာ ယခုကြေညာချက်အသစ်ကြောင့် အိန္ဒိယအစိုးရ၏ ကန့်သတ်ချက်တန်ချိန်သုံးသိန်းအတွင်း တင်ပို့နိုင်ရေး မြန်မာ့မတ်ပဲနှင့် ပဲတီစိမ်းကဏ္ဍ၌ လှုပ်ရှားဆောင်ရွက်မှုများ ပြန်လည်မြင်တွေ့လာရတော့မည်ဖြစ်ပါ သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကမ္ဘာ့အသိဉာဏ်ပစ္စည်းများဆိုင်ရာ အထိမ်းအမှတ်နေ့ (၂၀၁၈)

နေပြည်တော်တွင်ကျင်းပသည့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းများနေ့ (၂၀၁၈) အခမ်းအနားသို့ ကျွန်တော် တက်ရောက်ခဲ့ပါတယ်။ ခန်းမထဲသို့ မဝင်မီ အပြင်တွင် ခင်းကျင်းပြသထားသော ပစ္စည်းများကို မျက်လုံးတစ်ချက် ဝေ့ဝိုက်ကြည့်ပြီးနောက် ခန်းမထဲသို့ ဝင်သွားခဲ့တဲ့အခါ ခင်းကျင်းပြသထားတဲ့ပစ္စည်းတွေက ကျွန်တော့်ကို သမင်လည်ပြန် ဖြစ်စေခဲ့ပါတယ်။ ခန်းမထဲရောက်တော့ အခမ်းအနားစတင်ပြီးပညာရေးဝန်ကြီးဌာန ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ပါတယ်။

အခမ်းအနားသို့ အမေရိကန် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီ(USAID)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ နည်းပညာတက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ ပြည်တွင်းမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်တော်များ တက်ရောက်ခဲ့ပါတယ်။

ကမ္ဘာ့အသိဉာဏ် ပစ္စည်းများနေ့ကို ကမ္ဘာတစ်ဝန်း နှစ်စဉ်၊ နှစ်တိုင်း ပြုလုပ်နေကြပါတယ်။ နှစ်စဉ် ဧပြီ ၂၆ ရက်တွင်ကျင်းပပြီး ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization –WIPO) က ဆောင်ပုဒ်တစ်ခု အမြဲသတ်မှတ်ပေးခဲ့ပါတယ်။ ၂၀၁၈အတွက်ဆောင်ပုဒ်ကတော့ (Women In Innovation and Creative) ဖြစ်ပါတယ်။ အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည် မြင့်မားရေး၊ အမျိုးသမီးများ၏ အတွေးအခေါ် ဆန်းသစ်တီထွင်မှုများက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အခန်းကဏ္ဍတစ်ရပ်တွင် ပါဝင်လာစေရေး တွန်းအားပေး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ၌ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေများ ပေါ်ပေါက်လာစေရေး ဆောင်ရွက်လျက်ရှိရာ ပြည်သူ့လွှတ်တော်အထိ တင်ပြဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများမှာ ကုန်အမှတ်တံဆိပ် ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေတို့ ဖြစ်ပါတယ်။ မူပိုင်ခွင့်ဥပဒေများ ပေါ်ပေါက်လာပါက စွန့်ဦးတီထွင် ဖန်တီးသူများကို ထိထိရောက်ရောက် အကာအကွယ်ပေးနိုင်ပြီး တီထွင်ဖန်တီးသူများအတွက် အခွင့်အလမ်း အကျိုးကျေးဇူးများစွာ ခံစားလာရမှာ ဖြစ်ပါတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုကိုလည်း အထောက်အကူပြု၍ ကုန်သွယ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်စေပြီး တိုင်းပြည်၏ GDP တိုးတက်လာစေမှာဖြစ်ပါတယ်။ မူပိုင်ခွင့်ဥပဒေဖြင့် အသိဉာဏ်အားကို စိုက်ထုတ်လုပ်ကိုင်ရတဲ့ ပြည်သူတို့အဖို့ အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် မူပိုင်ခွင့်နှင့် ပတ်သက်၍ များစွာခေတ် နောက်ကျကျန်ရစ်ခဲ့ပြီး ယခင်ကာလများက မရှင်းလင်းနိုင်တဲ့ ပြဿနာများကို မူပိုင်ခွင့်ဥပဒေများနှင့် ဖြေရှင်းဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။

ယနေ့ ပြောင်းလဲလာပြီဖြစ်တဲ့ ပညာရေးစနစ်တွင်လည်း နိုင်ငံတကာနှင့်ပူးပေါင်း၍ ပညာရေး နယ်ပယ်ကဏ္ဍသစ် ဖွင့်လှစ်၍ ဆောင်ရွက်နေပါတယ်။ နည်းပညာ တီထွင်မှုကဏ္ဍတွင် ကျောင်းပညာရေးမှာ အားပေးလာတာ တွေ့ရပြီး နိုင်ငံတကာ ပြိုင်ပွဲတွေမှာ နည်းပညာ တီထွင်ဆုတွေကို မကြာခဏ သတင်းစာတွေထဲ ဖတ်ခဲ့ရပါတယ်။ ထိုစဉ်ကသာမန် မျှသာ သိရှိရခဲ့ပြီး လေးလေးနက်နက် မစဉ်းစားမိပါ။ ယခုတော့ နည်းပညာ မူပိုင်ခွင့်ရရှိ၍ စွန့်ဦးတီထွင် ဖန်တီးမှုများဖြင့် ချမ်းသာသွားကြ၍

**မြန်မာနိုင်ငံ၌ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေများ ပေါ်ပေါက်လာစေရေး ဆောင်ရွက်လျက်ရှိရာ ပြည်သူ့လွှတ်တော်အထိ တင်ပြဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။**

သူဌေးကြီးများ ဖြစ်သွားတဲ့ သူတို့၏ အကြောင်းကို ဒီနေ့ဟောပြောပွဲမှာ မူပိုင်ခွင့်ဥပဒေ၏ အကျိုးကျေးဇူးများကို သိရှိခဲ့ရပါတယ်။ ဒါကြောင့် အပြင်ခန်းမတွင် ခင်းကျင်းပြသတဲ့ ဖန်တီးတီထွင်ထားသူတို့၏ လက်ရာများကို အားလပ်ချိန်များတွင် သွားရောက်လေ့လာခဲ့ပါတယ်။

ပြခန်းတစ်နေရာတွင်တော့ ကြေးညိုရောင် ကနုတ်ပန်းပစ္စည်းလေးများကို တွေ့ရှိခဲ့ပါတယ်။ ကျွန်တော် ကြေးနှင့် လုပ်ထားသည်ထင်၍တာဝန်ခံကိုကိုင်ကြည့်လို့ ရမလားလို့မေးတော့ "ရပါတယ်" ဆိုတာနဲ့ ကိုင်ကြည့်တော့ ကြေးပစ္စည်း မဟုတ်ဘဲ သစ်သားထည်ဖြစ်နေသည်ကို တွေ့ရှိရပါတယ်။ ကျွန်တော် တော်တော် သဘောကျသွား တာကြောင့် "အစ်မဒီပစ္စည်းတွေကို Export လုပ်တာရှိသလား" မေးတော့ "ရှိတော့ရှိတယ် မပို့နိုင်သေးဘူး" လို့ ပြောတယ်။ "ဘာဖြစ်လို့လဲမေးတော့" "လိုင်စင်မရှိသေးဘူး"လို့ပြန်ဖြေတယ်။ ဒါဆို ကုမ္ပဏီတည်ထောင်လိုက်ပေါ့ပြောတော့ "ကုမ္ပဏီက တည်ထောင်ပြီး ပါပြီ"လို့ပြောပြန်တယ်။ "အဲ့ဒါဆို ပို့ကုန် သွင်းကုန်လိုင်စင်လုပ်လိုက်ပေါ့ လုပ်ပြီးပြီလား"မေးတော့ "မလုပ်ရသေးကြောင်းနဲ့ လိုအပ်ချက်ကလေးတွေ ပြောတယ်။ အစ်မ ဘာမှ မခက်ခဲပါဘူး။ လိုအပ်ရင် ကျွန်တော် ကူညီပေးပါမယ်။ ကျွန်တော်ရဲ့ရုံးဖုန်း၊ လက်ကိုင်ဖုန်းပေးခဲ့ပြီး "အကူအညီလိုရင် ဖုန်းသာဆက်လိုက်နော်"ဆိုကာ သိသလောက်လေးကို ရှင်းပြပေးခဲ့ပါတယ်။ ပြည်သူတွေကို ဝန်ဆောင်မှုပေးရမှာ၊ ကူညီပေးရမှာက ကျွန်တော်တို့ ဝန်ထမ်းတွေရဲ့ တာဝန်ပါ။ ကျွန်တော်တို့ရဲ့ လစာတွေက ပြည်သူတွေရဲ့ အခွန်အခတွေနဲ့ ချီးမြှင့်ထားတာဖြစ်လို့ ကျွန်တော်တို့ဟာ ပြည်သူတွေရဲ့ ဝန်ထမ်းတွေပါ။ ပြည်သူက ကြည်ဖြူပါရင်လို့ တွေးရင်း ကျွန်တော် သိနားလည်သလောက် ရှင်းလင်းတင်ပြပေးခဲ့ရ၍ ရင်ထဲတစ်ဖွဖွနှင့် ပျော်ရွှင်မှု ပီတိက ဝွမ်းဆီထိသလို ခံစားခဲ့ရပါတယ်။

နောက်တစ်နေရာမှာတော့ ကောင်မလေးတစ်ယောက် ပလတ်စတစ် တစ်ချပ်၊ ပစ္စည်းကလေးအချို့နှင့် ခင်းကျင်းပြသထားပါတယ်။ သမီးက ဘယ်ဌာနကလဲမေးတော့ "ကျွန်မက ရန်ကုန်တက္ကသိုလ် (Main)က ကျောင်းသူ ပါလို့ ဖြေတယ်။ ဒါကဘာကို ပြထားတာလဲမေးတော့ "Biodegradable Plastics" ထုတ်လုပ်နည်းလေးကိုပြသထားတာပါ။ "ဒါကို ဘယ်သူတွေလုပ်ထားတာလဲ" မေးတော့ "သမီးတို့ သူငယ်ချင်းတွေပါ"။ ဘယ်နှယောက်လဲလို့ မေးတော့ " ၅ ယောက်ပါ"။ ဒါဆို ဒီသမီးတို့ ထုတ်လုပ်ထားတဲ့ "Biodegradable Plastics" အကြောင်း ရှင်းပြပေးပါလားဆိုတော့ ဒီပလတ်စတစ်က တိရစ္ဆာန်တွေရဲ့ စွန့်ပစ်ပစ္စည်းကထုတ်လုပ်တာပါ။ အဓိကကတော့ပုစွန်၊ ကဏန်း၊ ငါးတို့၏အခွံနှင့် အကြေးခွံစသည်တို့ကို အခြေခံပြီး ထုတ်လုပ်လို့ရပါတယ်။ ပထမဦးဆုံး Biodegradable Plastics ကိုမီးရှို့ပြတော့ ပြာဖြစ်သွားတယ်။ ဒီပလတ်စတစ်ကို အသုံးပြုပြီး စွန့်ပစ်လိုက်ရင် မြေကြီးထဲမှာ သုံးပတ်ကနေ လေးပတ်အတွင်း ဆွေးမြေ့ပြီးတော့ မြေသြဇာဖြစ်သွားပါတယ်။ ဒီအဖြေလေးကို ကြားတော့ ကျွန်တော်တော်တော် သဘောကျသွားတယ်။ ဘာကြောင့်လဲဆိုတော့ ရန်ကုန်မှာ တာဝန်ထမ်းဆောင်နေစဉ် မိုးတွင်းကာလရဲ့ ညနေရုံးဆင်းချိန်များတွင် မိုးရွာသွန်းမှုကြောင့် ကားလမ်းမများပေါ်တွင် ရေလျှံပြီး ရေထဲမှာ ပုဆိုးကလေးမပြီး လမ်းလျှောက်ရတာကို ပျော်သလို ခံစား မိပါတယ်။ ကားလမ်းမပေါ် ရေစီးကြောင်းမှာ ပလတ်စတစ်ဘူးကြီးကြီး ငယ်ငယ်ဆိုဒ်မျိုးစုံ တစ်ခါသုံး အိတ်မျိုးစုံနှင့် ကွမ်းယာထည့် အိတ်အဆုံးရေစီးကြောင်းပေါ် မျောပါလာပြီး ပလတ်စတစ်မျိုးစုံမှာ ရေပေါ်တွင် ပေါလောတစ်ဖုံ၊ ရေထဲတွင်လိမ့်၍ တစ်မျိုး အမျိုးမျိုးအဖုံဖုံ မျောပါလာကြသည်မှာ ဇော်ဂျီ၏ ဗေဒါပန်းကဗျာလေးကိုပင်သွား၍ သတိရမိပါတယ်။ ဒီလိုပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုကို ဖြစ်စေတဲ့ ပလတ်စတစ်နေရာမှာ "Biodegradable Plastics"ကို အစားထိုးနိုင်ရင် သိပ်ကောင်းမှာပဲလို့ တွေးမိခဲ့၍ စိတ်ဝင်စားမှုမှာ ပိုမိုပြင်းထန်လာခဲ့သည်။ သမီးဒီပလတ်စတစ် ထုတ်လုပ်ပုံ အဆင့်ဆင့်လေးကိုလည်း ရှင်းပြပေးလို့ ရမလားဆိုတော့ ကလေးမက အားတက်သရောပဲ"ရပါတယ်"ဆိုပြီး ရှင်းပြပါတော့တယ်။ ကျွန်မတို့အဖွဲ့က ၅ ယောက်ရှိပြီးအားလုံး ကျောင်းသူတွေ ဖြစ်ပါတယ်။ ပထမဆုံးကုန်ကြမ်းဖြစ်တဲ့ ပုစွန်ခွံတွေကို ငါးဒိုင်တွေမှာ သွားရောက်ရှာဖွေရပါတယ်။ ရရှိတဲ့ ပုစွန်ခွံတွေကို ရေနဲ့ သန့်ရှင်းအောင် ဆေးကြောပြီး အခြောက်ခံ အမှုန့်ဖြစ်သွားအောင် ကြိတ်ရပါတယ်။ ရရှိလာတဲ့ ပုစွန်မှုန့်တွေကို NaOH ၄ ရာခိုင်နှုန်းရောပြီး ၂၄ နာရီကြာ ၃၀ ဒီဂရီ အပူပေးပြီးနောက် ရေနှင့် သန့်စင်၊ ၎င်းနောက် HCl ၄ ရာခိုင်နှုန်းရောပြီး ၁၈ နာရီကြာ ၃၀ ဒီဂရီ အပူပေးပြီး နောက်ရေဖြင့်ပြန်သန့်စင်၊ NAO ၅၀ ရာခိုင်နှုန်း ရောစပ်ပြီး ၄၇ နာရီကြာ ၃၀ ဒီဂရီအပူချိန်ပေးပြီး ၎င်းနောက် Acetic Acid ၁ ရာခိုင်နှုန်းနဲ့ ရောပြီးနောက် လက်ရှိ ပြသထားတဲ့ ပလတ်စတစ်ကုန်ကြမ်းကို ရရှိကြောင်း ပြောပြပါသည်။ စီးပွားဖြစ်ထုတ်လုပ်နိုင်မှု အခြေအနေမေးတော့ ပိုမိုကောင်းမွန်တဲ့ ကုန်ချောဖြစ်အောင် ကြိုးစားသွားပါမည်တဲ့။ ပုစွန်ခွံမှုန့်၅၀ ဂရမ်ကို A4 စက္ကူ အရွယ်အစားအရွက် ၂၀ ရပါတယ်လို့သိရပါတယ်။

ကမ္ဘာလောကကြီး သန့်ရှင်းသာယာလှပဖို့ ဒီသမီးလေးတွေ ကြိုးစားအားထုတ်မှုက များစွာ အထောက်အကူဖြစ်၍ ကမ္ဘာတစ်ခွင် ပလတ်စတစ်ကင်းစင်ပြီး သန့်ရှင်းသာယာတဲ့ ကမ္ဘာလေးတစ်ခု ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်တို့ သမီးလေးတို့၏ ကြိုးစားအားထုတ်မှုကြောင့် ကောင်းကျိုးလိုရာ ဆန္ဒတစ်လုံးတစ်ဝနဲ့ ပြည့်စုံပြီး ဘဝနှင့် ဆန္ဒတစ်ထပ်တည်းကျပါစေလို့ ဆုတောင်းပေးခဲ့မိပါတယ်။ သမီးလေးတို့က ပြုံးပြုံးလေးနဲ့ ကျန်ရစ်ခဲ့ပြီး အသိဉာဏ်တီထွင်မှုများဖြင့် အသက်မွေးဝမ်းကျောင်းပြုရတဲ့ သူတို့အတွက် အကာအကွယ်ပေးမည့် မူပိုင်ခွင့် ဥပဒေများ မြန်မာနိုင်ငံမှာ ပြီးပြည့်စုံစွာဖြင့် မြန်မြန်ဆန်ဆန် ပေါ်ပေါက်လာပါစေလို့ ဆုတောင်းမိနေပါတော့တယ်ခင်ဗျား။

ထွန်းမြင့်ထွန်း

## ထောပတ်သီး စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာ ဆရာဖြစ်သင်တန်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကမ္ဘောဇကုန်သွယ်ရေးရုံး၊ တောင်ကြီးမြို့၌ ထောပတ်သီးစိုက်ပျိုး ထုတ်လုပ်ခြင်းနည်းပညာ ဆရာဖြစ်သင်တန်းကို မေ ၈ ရက်နှင့် ၉ ရက်တွင် နှစ်ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ တောင်ကြီးမြို့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းလှဲ့က ဖျက်ပိုးအမျိုးအစား၊ အပင်ရောဂါများ၊ မိတ်ဆွေပိုးများ၊ ဘက်စုံသီးနှံ ကာကွယ်နှိမ်နင်းနည်းများ၊ ဓာတုပိုးသတ်ဆေးများ၏ အန္တရာယ်များ၊ ပိုးသတ်ဆေး အသုံးပြုပုံများ ၎င်းတို့ ကောင်းကျိုး ဆိုးကျိုးများနှင့် ထောပတ်ပင်၌ ကျရောက်တတ်သော ရောဂါများနှင့် ဖျက်ပိုးများအကြောင်းကို မေ ၈ ရက်တွင် ရှင်းလင်းသင်ပြခဲ့ပါတယ်။

မေလ ၉ ရက်မှာတော့ ထောပတ်သီး စိုက်ပျိုးထုတ်လုပ် သောတောင်သူများမှ ၎င်းတို့ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများ၊ အခက်အခဲများ၊ အမြဲတမ်းရင်ဆိုင်နေရသော ပိုးမွှားများနှင့် ရောဂါပြဿနာများ၊ ပြုစုပျိုးထောင်နည်းများ၊ လက်ရှိဈေးနှုန်း/ဈေးကွက်အခြေအနေများ၊ အနာဂတ် အလားအလာရှိသော ဈေးကွက်ဝေစုများ၊ အနာဂတ်တွင် စားသုံးသူများ စိတ်ကျေနပ်မှု ရှိစေရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများ ရှိစေရန်နှင့် ထောပတ်သီး အစုအဖွဲ့များ၊ အသင်းအဖွဲ့များ ညီညီညွတ်ညွတ်နှင့် ရှေ့ဆက်လုပ်မည့် လုပ်ငန်းများကိုလည်း အတူတကွ ပူးပေါင်းသွားရန် ရှင်းလင်းဟောပြောခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများမှလည်း အပြန်အလှန် ဆွေးနွေးခဲ့ကြပါတယ်။

သင်တန်းပြီးဆုံးချိန် ထောပတ်စိုက် တောင်သူတစ်ဦးမှ ထောပတ်ကိုင်း ကူးကိုင်းဆက်နည်းများကို လက်တွေ့ပြသခဲ့ပြီး အဆိုပါသင်တန်းသို့ တိုင်းနှင့်ပြည်နယ်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၅၉ ဦး တက်ရောက်ခဲ့ကြောင်းသိရပါတယ်။

စောနွေဝင်း (တောင်ကြီး)

# 5th China-South Asia Expo & 25th China Kunming Import and Export Fair

# ကုန်စည်ပြပွဲနှင့် မြန်မာနိုင်ငံ (ကုန်သွယ်မှုမြှင့်တင်ရန် ကုန်စည်ပြပွဲအခြေခံ)

### ကူမင်းကုန်စည်ပြပွဲ သမိုင်းကြောင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် နှစ်စဉ်ဇွန်လ၌ ကူမင်းကုန်စည်ပြပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံအနေနှင့် ကူမင်းကုန်စည်ပြပွဲသို့ ၁၉၉၉ ခုနှစ်မှစ၍ နှစ်စဉ်ပါဝင်ပြသခဲ့ပါသည်။ ကူမင်းသွင်းကုန်၊ ပို့ကုန် ကုန်စည်ပြပွဲနှင့်အတူ ၂၀၀၈ ခုနှစ်၌ တရုတ်-တောင်အာရှနိုင်ငံများ၏ ကုန်စည်ပြပွဲကိုပါ ပူးတွဲကျင်းပခဲ့ကြောင်း သိရှိရပါသည်။ ၂၀၀၉ ခုနှစ်၌ အဆိုပါကုန်စည်ပြပွဲများအပြင် အကြီးတန်းအရာရှိများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် အဆင့်မြင့် မဲခေါင်ဒေသ ပို့ဆောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ၊ မဲခေါင်ဒေသ နိုင်ငံများအတွင်း ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲ၊ မဲခေါင်ဒေသနိုင်ငံများ၏ စီးပွားရေးစကြံရက် သတ္တပတ်လှုပ်ရှားမှု သတ်မှတ်လျက် တစ်ပြိုင်တည်း ပူးတွဲကျင်းပခဲ့ပါသည်။ ၎င်းပြပွဲများ အစပြု၍ မဲခေါင်ဒေသ ခြောက်နိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံများ၊ တောင်အာရှနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ နီပေါနိုင်ငံ များ၊ အာဖဂန်နစ္စတန်၊ မော်လဒိုက်၊ ဘူတန်၊ တရုတ် (တိုင်ပေ) နိုင်ငံ များပါဝင်ပြသကြောင်း သိရှိရပါသည်။

### ပြပွဲဆောင်ပုဒ် Theme

ယခုနှစ် (၅) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့်(၂၅) ကြိမ်မြောက် ကူမင်းပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲကိုယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး "Integrating into the Belt and Road Initiative and Promoting Win-Win Cooperation" ကိုပြပွဲဆောင်ပုဒ် Theme အဖြစ် တရုတ်ပြပွဲကော်မတီမှ သတ်မှတ်ထားပါသည်။




### ကူမင်းကုန်စည်ပြပွဲကျင်းပမည့် ခန်းမဆောင်သစ်ကြီး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ Kunming International Convention & Center တွင် ၂၀၁၄ ခုနှစ်အထိ ကူမင်းကုန်စည်ပြပွဲများကိုကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်မှစ၍အသစ်ဆောက်လုပ်ပြီးသော Kumming Dianchi International Convention & Exhibition Center တွင် လက်ခံကျင်းပပေးလျက်ရှိပါသည်။

### ကူမင်းကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ခဲ့မှု အခြေအနေ

ကူမင်းကုန်စည်ပြပွဲများတွင် ၂၀၀၅ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံမှပါဝင်ပြသနိုင်ခဲ့သည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ဝင်းသန်းကျော်(ကုန်သွယ်မြှင့်)**

| စဉ် | ပြပွဲအကြိမ် | ပြခန်း | ကုမ္ပဏီ | လူဦးရေ | တန်ဖိုး (ကန်ဒေါ်လာ) |
|---|---|---|---|---|---|
| ၁။ | ၂၀၀၅ ခုနှစ် | ၃၀ | ၂၆ | ၇၀ | ၄၂၃၁၆၅. ၆၀ |
| ၂။ | ၂၀၀၆ ခုနှစ် | ၃၀ | ၁၈ | ၇၂ | ၇၄၂၅၀. ၃၀ |
| ၃။ | ၂၀၀၇ ခုနှစ် | ၄၀ | ၃၈ | ၇၅ | ၃၉၂၁၈. ၃၆ |
| ၄။ | ၂၀၀၈ ခုနှစ် | ၃၀ | ၂၉ | ၈၄ | ၈၃၁၃၂. ၆၃ |
| ၅။ | ၂၀၀၉ ခုနှစ် | ၃၀ | ၂၅ | ၁၂၉ | ၁၆၃၈၁၃. ၁၅ |
| ၆။ | ၂၀၁၀ ခုနှစ် | ၃၆ | ၂၅ | ၁၄၆ | ၃၅၉၄၉၄. ၄၀ |
| ၇။ | ၂၀၁၁ ခုနှစ် | ၃၀ | ၁၆ | ၁၄၅ | ၂၁၇၅၅၄. ၉၀ |
| ၈။ | ၂၀၁၂ ခုနှစ် | ၃၀ | ၂၈ | ၁၄၄ | ၂၇၆၀၆၃. ၈၇ |
| ၉။ | ၂၀၁၃ ခုနှစ် | ၃၀ | ၄၇ | ၁၈၈ | ၃၉၇၆၁၁. ၈၄ |
| ၁၀။ | ၂၀၁၄ ခုနှစ် | ၃၀ | ၅၁ | ၁၉၀ | ၂၄၉၁၉၁. ၁၃ |
| ၁၁။ | ၂၀၁၅ ခုနှစ် | ၃၅ | ၃၉ | ၁၅၀ | ၂၁၀၆၈၆. ၅၆ |
| ၁၂။ | ၂၀၁၆ ခုနှစ် | ၄၈ | ၃၉ | ၁၈၀ | ၃၄၉၁၈၄. ၀၀ |
| ၁၃။ | ၂၀၁၇ ခုနှစ် | ၃၄ | ၂၆ | ၁၄၀ | ၅၈၁၁၇၃. ၀၀ |

(ဆက်လက်ဖော်ပြပါမည်)

# ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၂/၂၀၁၈ အစည်းအဝေးမှ ဖက်စပ်ပြည်ပလုပ်ငန်းတစ်ခုအပါအဝင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှစ်ခု ဆောင်ရွက်ခွင့်ပြုပေး

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဧပြီလကုန် နောက်ဆုံးပတ်တွင် ကျင်းပပြုလုပ်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၂/၂၀၁၈ အစည်းအဝေးတွင် ဖက်စပ်ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု အပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှစ်ခုအား လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ပြီး ၎င်းလုပ်ငန်းများတွင် အိမ်ရာဆောက်လုပ်ငှားရမ်းရောင်းချခြင်း၊ စပါးခွံလောင်စာတောင့် ထုတ်လုပ် ရောင်းချခြင်း၊ ဟိုတယ်နှင့် ကလေးကစားကွင်း၊ ဆန်စပါး အခြေခံတန်ဖိုးမြှင့်ဆန် ထုတ်လုပ်ရောင်းချခြင်း၊ အဆင့်မြင့် Shopping Mall တည်ဆောက်/ငှားရမ်း/ရောင်းချခြင်း၊ ရုပ်ရှင်ရုံနှင့် ဈေးဆိုင်ခန်း များဆောက်လုပ်ပြီး ငှားရမ်းခြင်း၊ ဟိုတယ်နှင့် အပန်းဖြေစခန်း တည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းတို့ပါဝင်၍ New Odin International Co.,Ltd. က ပုသိမ်မြို့နယ် ချောင်းသာကျေးရွာအုပ်စုအတွင်းရှိမြေ ၁၈ ဧကတွင် အိမ်ရာဆောက်လုပ်ငှားရမ်း ရောင်းချခြင်းလုပ်ငန်းကို ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖြစ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈ သန်းနှင့် မတည်ရင်းနှီးသွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအဖြစ် စပါးခွံလောင်စာတောင့် ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းကို Amazing Advanced Transforming & Manufacturing Co.,Ltd. က ညောင်တုန်းမြို့နယ်၊ ဟိုတယ်နှင့် ကလေးကစားကွင်းလုပ်ငန်းကို International Green Land Trading Co.,Ltd. က ညောင်တုန်းမြို့နယ်၊ ဆန်စပါး အခြေခံတန်ဖိုးမြှင့်ဆန်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းကို Paddy Star Co.,Ltd. က မြောင်းမြမြို့နယ်၊ အဆင့်မြင့် Shopping Mall တည်ဆောက် /ငှားရမ်း/ရောင်းချခြင်းလုပ်ငန်း၊ ရုပ်ရှင်ရုံနှင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်ပြီး ငှားရမ်းခြင်း လုပ်ငန်းကို Delta Industrial Group Co.,Ltd. က ပုသိမ်မြို့နယ်၊ အိမ်ရာဆောက်လုပ်ရောင်းချခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းကို Ayeyarwaddy Inspiration Co.,Ltd. က မအူပင်မြို့နယ်၊ ဟိုတယ်နှင့် အပန်းဖြေစခန်း တည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းကို NgweLwin Pyin Co.,Ltd. က ပုသိမ်မြို့နယ် ချောင်းသာကျေးရွာအုပ်စုတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်ထံမှ သိရပါသည်။

**မင်းမင်းဦး(ပုသိမ်)**

# ရန်ကုန်မြောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၄/၂၀၁၈)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်မြောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၄/၂၀၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ပိုင်းခရိုင်၊ စည်သူခန်းမ၌ ဧပြီ ၂၇ ရက်က ကျင်းပခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများ စုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်တင်စိုးက ယခင်လ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဧပြီလတွင် ခရိုင်အတွင်းရှိ ဈေး၊ မြို့နယ်/ရပ်ကွက် ကျေးရွာများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ခရိုင်အတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ပညာပေးဆွေးနွေးပွဲနှင့် ဈေးကွက်အတွင်း ကွင်းဆင်းပညာပေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဧပြီလအတွင်း မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးသို့ ဖုန်းဖြင့်တိုင်ကြားလာသည့် 4TV ရုပ်သံလိုင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြခဲ့ပါသည်။

ထို့နောက် ခရိုင်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာပေး ဟောပြောခြင်း၊ ဈေးကွက်ပညာပေးခြင်း၊ စားသုံးသူတိုင်ကြားမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ခြင်း၊ အခါအားလျော်စွာ သတိပေးတားမြစ်ချက်များကို ထုတ်ပြန်ကြေညာခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များမှ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့သည်။

**နီလာဦး (မြောက်ပိုင်းခရိုင်)**

# ပင်လောင်းမြို့နယ် ပေါင်းလောင်းဒေသတွင် ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်း

ရှမ်းပြည်နယ် ( တောင်ပိုင်း ) ပင်လောင်းမြို့နယ် ပေါင်းလောင်း ဒေသ ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု အခြေအနေများ တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ပေါင်းလောင်းဒေသ ချဉ်ပေါင်ဖာလာ အစုအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခြင်း အခမ်းအနားကို ပေါင်းလောင်းမြို့ တောင်ကျကျေးရွာ၌ မေ ၃ ရက်က ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အစုအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားသို့ ရှမ်းပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ ပေါင်းလောင်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ချဉ်ပေါင်ဖာလာ စိုက်တောင်သူများ၊ စုစုပေါင်း ၇၃ ဦးခန့် တက် ရောက်ခဲ့ကြပြီး ဦးစီးအရာရှိဦးခွန်ကျော်ဌေးက စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေနှင့် အစုအဖွဲ့ ဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူး၊ အရည်အသွေးမီ ထုတ်လုပ်နိုင်ရေး လုပ်ငန်းစဉ်များအား အကျယ်တဝင့် ရှင်းလင်းခဲ့ပြီး တက်ရောက်လာသော တောင်သူများမှလည်း အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ပေါင်းလောင်းဒေသ ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအစုအဖွဲ့အား အလုပ်အမှုဆောင်၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရှိ ရပါသည်။

**ခွန်တီးတုတ် (တောင်ကြီး)**

## အိန္ဒိယနဲ့ တရုတ်နယ်စပ်စခန်းများမှ ကွမ်းသီးတင်ပို့

မြန်မာ-အိန္ဒိယ နယ်စပ်စခန်းများမှ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆၆ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၆၆၉ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၉၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၇၆ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုညဒသမ ၄၂၆ သန်း တန်ဖိုးရှိ ကွမ်းသီး ၃၃၂ တန်၊ တမူးကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၄၀ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၃၅၆ တန်တင်ပို့ခဲ့ပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၂၅၈၁ တန်ဖိုးရှိ ကွမ်းသီး(အစို) တန် ၅၀ ကိုလည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၃၃၅၀ တန်ဖိုးရှိ ကွမ်းသီး ၂၉ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ **မျိုးဇော်**

---

## တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ သကြားတင်ပို့မှု တန်တစ်သောင်းကျော်ရှိ

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ ဧပြီ ၂၈ ရက်မှ မေ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၇၀ သန်း တန်ဖိုးရှိသကြား ၁၃၁၈၆ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ Re-Export သကြား၇၈၆၆ တန်ခွဲနဲ့ (ရိုးရိုး) သကြားတန် ၃၂၀၀ ကိုလည်းကောင်း၊ လွယ်ဂျယ်မှ (ရိုးရိုး)သကြား ၁၄၃ တန်ခွဲကိုလည်းကောင်း၊ ချင်းရွှေဟော်မှ Re-Export သကြား ၁၉၇၆ တန်ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ကြပါတယ်။ ယခင်တစ်ပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ သကြား၁၉၅၅၇ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၃၇၁ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှ သကြား တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အတွင်းကျပ် ၇၉၉၀၂၀၊ တစ်ဖက်နိုင်ငံဈေး ယွမ် ၃၈၆၀ ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

---

## မေလဆန်းပိုင်း မူဆယ်ကုန်သွယ်ရေးအခြေအနေ

၂၀၁၈ မေလ ပထမပတ်အတွင်း မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ပို့ကုန် အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၆၃၁ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၉၉၈ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၆၂၉ သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ သီတင်းပတ်မှာ ပို့ကုန်ပိုင်းတွင် ဆန်၊ ဆန်ကွဲ၊ ပဲ၊ ကဇွန်း၊ ရေငန်ငါး၊ ငါးခြောက်၊ ငါးဆားနယ်၊ ကျောက်စိမ်း၊ လက်ဝတ် ရတနာ အချောထည်၊ သကြားနှင့် ဆိတ်/နွား(အရှင်) တို့ ပိုမိုတင်ပို့ခဲ့ပြီး သွင်းကုန်ပိုင်းတွင် ငါးဖမ်းပိုက်ကွန်၊ စက်နှင့် စက်ပစ္စည်း၊ လယ်ထွန်စက်၊ စက်ဘီးအပို ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ ဓါတ်မြေဩဇာ၊ ချုပ်ပြီး အဝတ်အထည်နှင့် မီးဖိုချောင်သုံးပစ္စည်းများ ပိုမိုတင်သွင်းခဲ့သဖြင့် ယခင် တစ်ပတ်ထက် ကုန်သွယ်မှုပမာဏ ပိုမိုခဲ့ပါသည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် အမေရိကန်တစ်ဒေါ်လာ ၁၃၃၁ ကျပ်၊ အမေရိကန်တစ်ဒေါ်လာ ၆ ဒသမ ၃၃၂ ယွမ်၊ ကျပ် ၁၀၀ လျှင် သုည ဒသမ ၄၈၁ ယွမ်နှုန်းထားရှိကြောင်း တွေ့ရပါသည်။ ပို့ကုန်ကားစီးရေ ထွက်ခွာမှု အနေဖြင့် ၂၂ ဘီးယာဉ် ၂၅၅ စီး၊ ၁၂ ဘီးယာဉ် ၂၇၆၄ စီး၊ ၆ ဘီးယာဉ် ၈၄၄ စီး၊ ၄ ဘီးယာဉ် ၁၆၈ စီးဖြစ်ပြီး သွင်းကုန်ကား စီးရေ ထွက်ခွာမှုအနေဖြင့် ၂၂ ဘီးယာဉ် ၉၁၈ စီး၊ ၁၂ ဘီးယာဉ် ၁၅၀၄ စီး၊ ၆ ဘီး ယာဉ် ၂၄၇ စီး၊ ၄ ဘီးယာဉ် ၃၂စီးတို့ဖြစ်ကြောင်း သိရပါသည်။ **မော်မော်အောင်**

---

## မူဆယ်မှ ရေထွက်ကုန်တန်ဖိုး ပိုမိုပြီး တန်ချိန်လျော့နည်း

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၆၂ သန်း တန်ဖိုးရှိရေထွက်ကုန် ၂၅၈၁ တန်ကျော် ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၆၁၇ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၆ တန် လျော့နည်းခဲ့ပေမယ့် တန်ဖိုးအားဖြင့် သုည ဒသမ ၄၃၀ သန်း ပိုမိုခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ငါးစီဖောင်း၊ ငါးဆားနယ်၊ ငါးခြောက်၊ ပင်လယ်မျှော့ခြောက်၊ ကဇွန်းနဲ့ ရေငန်ငါး ပိုမိုတင်ပို့ခဲ့သဖြင့် တန်ဖိုးပိုမိုရခြင်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဈေးအနေနဲ့ ကဇွန်းတစ်တန်လျှင် ယွမ် ၈၈၂၀၀၊ ငါးရှဥ့် တစ်တန်လျှင် ယွမ် ၃၃၀၀၀ ဈေးရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

---

## တရုတ်နယ်စပ်မှ ပြောင်းတင်ပို့မှု လျော့နည်း

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ စခန်းစုံမှ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၂၆ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၈၅၆၆ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၆၃၆၇ တန်၊ လွယ်ဂျယ်မှ ၁၈၆၁ တန်၊ ချင်းရွှေဟော်မှ ၂၂၃ တန်နဲ့ ကန်ပိုက်တီမှ ၁၁၅ တန် ဖြစ်ပါတယ်။

ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၀၀၂၈ တန်နဲ့ နှိုင်းယှဉ်ပါက ၁၄၆၂ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင် တစ်ပတ်က ပြောင်းတစ်တန်လျှင် ၃၀၇၂၄၅ ကျပ်ရှိရာ မှ ဧပြီ ၂၈ ရက်မှ မေ ၄ ရက် အထိ ရက်သတ္တပတ်မှာ ၃၀၇၆၉၂ ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကား ၅၂၅ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ကထက် ၆၂စီးလျော့နည်းခဲ့ကြောင်း၊ မန္တလေး-မူဆယ် သယ်ယူခ စရိတ်နှုန်းထားမှာ ပြောင်းတစ်ပိဿာလျှင် ၆၃ ကျပ်ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

---

## မူဆယ်မှ ပရဆေးကုန်ကြမ်း ပုံမှန်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၈ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် (၁၁) မျိုး ကို တန်ချိန်အားဖြင့် ၉၆၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း ၉၅၃ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် မူဆယ်မှ ပရဆေးကုန်ကြမ်း ပုံမှန်တင်ပို့နေတယ်လို့ဆိုရပါမယ်။ ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေး အမယ်များမှာ ကွမ်းစား ဂမုန်း၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ ဆီးဆန်၊ နနွင်းတက်၊ တောချင်း၊ မာလာဥခေါင်း၊ ဒရင်ကောက်မြစ်၊ ဖန်ခါးသီးခြောက်နဲ့ ချဉ်ပေါင်ဖာလာ အခွံပါတို့ဖြစ်ပါတယ်။ အဆိုပါ ရက်သတ္တပတ်အတွင်း မြန်မာ-အိန္ဒိယ နယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၆၉၄၃ တန်ဖိုးရှိ တောင်လုံးကျော် ကီလို ၄၀၀ ကို မြန်မာနိုင်ငံသို့ တင်သွင်းလာခဲ့ပါတယ်။ **မော်မော်အောင်**

---

## ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များ တင်သွင်းမှုကျဆင်း

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေး စခန်းများမှ ဧပြီလ ၂၈ ရက်မှ မေ ၄ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၅ ဒသမ ၆၄၇ သန်း တန်ဖိုးရှိဆိုင်ကယ် ၁၂၅၅ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၃၀၈၅ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၃၀ စီး လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ မူဆယ် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ၂၂၇ သန်း တန်ဖိုးရှိ သုံးဘီး ဆိုင်ကယ် ၁၉၄ စီးကိုလည်း တင်သွင်းခဲ့ပါတယ်။

ယခုတစ်ပတ် မြဝတီကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်မှ လျော့နည်းတင်သွင်းခဲ့လို့ ယခုတစ်ပတ်အတွင်း လျော့နည်းရခြင်း ဖြစ်ပါတယ်။ တင်သွင်းမှုကိုကြည့်ပါက တမူးကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၅ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၂၃ စီး၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၄၀ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃၁ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၂၇၉ စီး၊ မူဆယ် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၈၂ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၀၉၁၃ စီး တင်သွင်းခဲ့တယ်လို့ သတင်း ရရှိပါတယ်။ **မျိုးဇော်**

---

## မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်တင်ပို့မှု လျော့ကျ

မြန်မာ-ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၆၆ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၅၆၅၇ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၀၉၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၄၃၄ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ပိုမိုတင်ပို့ခဲ့ပေမယ့် မြိတ်ကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းတို့မှ လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ယခုလို လျော့နည်းရခြင်းဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်တွင် အမေရိကန်ဒေါ်လာ သုညဒသမ ၁၉၇ သန်း တန်ဖိုးရှိ ငါးမျိုးစုံနှင့် ကဇွန်း ၂၂၃ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ဒသမ ၆၃၄ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ငါးမှုန့်၊ မွေးပုစွန်၊ သဲကဇွန်း တို့ကို ၁၄၉၂ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၃၅ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ အခြားရေထွက်ပစ္စည်း၊ ရေဘဝဲ၊ ကဇွန်း၊ ပင်လယ်ငါးရှဥ့်တို့ကို ၃၉၄၁ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မျိုးဇော်**

---

## ကန်ပိုက်တီ ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုလျာထားချက် ပြည့်မီကျော်လွန်

မြန်မာ-တရုတ် နယ်စပ်ရှိကန်ပိုက်တီ ကုန်သွယ်ရေးစခန်းသည် ဧပြီလတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၅၁၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၀၈ သန်း၊ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၁၂၃ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကန်ပိုက်တီ ကုန်သွယ်ရေးစခန်း၏ ဧပြီလအတွက် လျာထားချက်မှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၅ သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၃ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈ သန်းဖြစ်ပြီး အမှန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၃၅ သန်းကျော် ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှုမှာ ၄၃၉ ရာခိုင်နှုန်းကျော်အထိ ပြည့်မီကျော်လွန်ခဲ့ပါသည်။

အနီးစပ်ဆုံး ၂၀၁၈ မတ်လနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၁၂ သန်း၊ သွင်းကုန်တွင် အမေရိကန်ဒေါ်လာ သုညဒသမ ၄၅၂ သန်း ပိုမိုခဲ့ပြီး ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၆၄ သန်း ပိုမိုခဲ့ကြောင်း တွေ့ရပါသည်။

ကာလတူ ၂၀၁၇ ဧပြီနှင့်နှိုင်းယှဉ်လျှင် ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆၀၁ သန်း ပိုမိုခဲ့ပြီး သွင်းကုန်တွင် အမေရိကန်ဒေါ်လာ သုညဒသမ ၁၉၆ သန်းလျော့နည်း ခဲ့သော်လည်း ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄၀၅ သန်း ပိုမိုခဲ့ပါသည်။ ပို့ကုန်တွင် ပိုမိုရခြင်းမှာ တစ်သျှူးငှက်ပျောနှင့် ဖရဲသီးတို့ ပိုမိုတင်ပို့ခဲ့သည့်အပြင် ယခု ၂၀၁၈ ဧပြီတွင် စပါးခွံမီးသွေးတောင့်ကိုပါ ပိုမိုတင်ပို့နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ သွင်းကုန်ပိုင်းတွင် ကာလတူထက် လျော့နည်းရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ လျော့နည်းတင်သွင်းခဲ့သဖြင့် သွင်းကုန် လျော့နည်းရခြင်းဖြစ်ကြောင်း သိရပါသည်။ မေလတွင် ပို့ကုန်ပိုင်းအနေဖြင့် တစ်သျှူးငှက်ပျော၊ ပြောင်း၊ ဆန်၊ ဖရဲသီးနှင့် စပါးခွံမီးသွေးတောင့်များ ပိုမိုတင်ပို့လာနိုင်မည်ဖြစ်ပြီး သွင်းကုန်တွင်လည်း ဓါတ်မြေဩဇာ၊ ဘိလပ်မြေ၊ တာယာနှင့်ကျွတ်များ၊ အဝတ်အထည်များ တင်သွင်းမှု ပိုမိုလာနိုင်သဖြင့် ကုန်သွယ်မှုပမာဏ လျာထားချက်ထက် ပြည့်မီနိုင်မည်ဖြစ်ကြောင်း ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါသည်။ **မော်မော်အောင်**

# အာဆီယံနိုင်ငံများ၏ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်စရိတ်များ

သိန်းမြင့်ဝေ

## အာဆီယံစီးပွားရေးအလားအလာ

အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သော အာဆီယံသည် စီးပွားရေး အင်အားကောင်းသောဒေသ (Economic Dynamo) တစ်ခုဖြစ်သည်။ စတင်တည်ထောင်စဉ်က အာဆီယံ၏ GDP သည် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၇ ဘီလီယံသာရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် အာဆီယံ၏ GDP သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံသို့ မြင့်တက်ခဲ့ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ် ၅ ခုအတွင်း သိသိသာသာ တိုးတက်ခဲ့ပါသည်။ လက်ရှိအချိန်ကာလတွင် အာဆီယံစီးပွားရေး အသိုက်အဝန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ လက်ရှိ အာဆီယံသည် ကမ္ဘာ့ဆဋ္ဌမမြောက် စီးပွားရေးအင်အားအကြီးမားဆုံးဒေသဖြစ်သည်။ ထို့ပြင် အာရှတိုက်တွင်လည်း တတိယမြောက် စီးပွားရေးအင်အားအကြီးမားဆုံးဖြစ်သည်။

## စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရမှုလွယ်ကူခြင်း

အာဆီယံ၏ တိုးတက်မှုက ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကို ဆွဲဆောင်နေပါသည်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံသို့ စီးဝင်သော FDI သည် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၂၀ ထိ မြင့်တက်လာခဲ့သည်။ အာဆီယံသည် ကမ္ဘာ့စုစုပေါင်း FDI ၏ ၁၆ ရာခိုင်နှုန်းကို လက်ခံရရှိနေပါသည်။ ကမ္ဘာ့ဘဏ်က ထုတ်ပြန်သော ၂၀၁၈ ခုနှစ် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရမှု လွယ်ကူခြင်းအစီရင်ခံစာ (2018 Ease of Doing Business report) အရ အာဆီယံအဖွဲ့ဝင်နိုင်ငံအတော်များများသည် သိသာသော တိုးတက်မှုများရှိကြောင်း တွေ့ရပါသည်။ စင်ကာပူသည် အရှေ့တောင်အာရှဒေသတွင် စီးပွားရေးအချက်အချာကျသောနိုင်ငံ (Business hub) အဖြစ် လူသိများပါသည်။ နိုင်ငံတကာကုမ္ပဏီကြီးများကလည်း အာရှ-ပစိဖိတ်ဒေသတွင် ရုံးခန်းများဖွင့်လှစ်ပြီး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေကြသည်။ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် Ease of Doing Business အညွှန်းကိန်းများ အဆင့် ၁၄ မှ အဆင့် ၂၀ ထိ အသီးသီးမြင့်တက်နေပါသည်။

## အရှေ့တောင်အာရှရှိ ကုန်အမှတ်တံဆိပ်များ

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လျက်ရှိသောကြောင့် ကုန်အမှတ်တံဆိပ်ကာကွယ်ခြင်း (Brand Protection or Protection of Trademarks) သည် အလွန်အရေးကြီးသောနေရာသို့ ရောက်ရှိလာပြီဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်ကြားတွင် အရှေ့တောင်အာရှဒေသ၌ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ရန် လျှောက်ထားမှု ၂၀ ရာခိုင်နှုန်း တိုးတက်လာသည်။ ၂၀၁၅ ခုနှစ်တွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားမှု ပေါင်း ၁၆၈၉၉၂ ခုရှိခဲ့သည်။

နိုင်ငံတကာကုန်အမှတ်တံဆိပ်အသင်း (International Trademark Association) ကပြုလုပ်သော လေ့လာမှုအရ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ပိုမိုပြုလုပ်သော လုပ်ငန်းများ (Trademark Intensive Industries) သည် တိုင်းပြည်၏ GDP တွင် များပြားစွာပါဝင်ကြောင်း၊ စီးပွားရေးတိုးတက်မှုကို များစွာအထောက်အကူပြုကြောင်း သိရှိရပါသည်။ ကုန်အမှတ်တံဆိပ်ကို ပိုမိုကာကွယ်သော လုပ်ငန်းများ တည်ရှိသည့် အာဆီယံအဖွဲ့ဝင် ငါးနိုင်ငံဖြစ်သော အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့၏ စုစုပေါင်း GDP သည် အာဆီယံဒေသတစ်ခုလုံး GDP ၏ ၉၀ ရာခိုင်နှုန်းရှိပါသည်။

ကုန်အမှတ်တံဆိပ် ပိုမိုကာကွယ်သော လုပ်ငန်းများ၏ GDP တွင် တိုက်ရိုက်ပါဝင်မှု (Direct Contribution) မှာ ဖိလစ်ပိုင်နိုင်ငံတွင် ၁၇ ရာခိုင်နှုန်းရှိပြီး စင်ကာပူနိုင်ငံတွင် ၅၀ ရာခိုင်နှုန်းအထိ ရှိပါသည်။ အဆိုပါလုပ်ငန်းများ၏ GDP တွင် သွယ်ဝိုက်ပါဝင်မှု (Indirect Contribution) မှာ ထိုင်းနိုင်ငံတွင် ၄၀ ရာခိုင်နှုန်းရှိပြီး မလေးရှားနိုင်ငံတွင် ၆၀ ရာခိုင်နှုန်းအထိ ရှိပါသည်။ ထို့ပြင် အဆိုပါလုပ်ငန်းများသည် စုစုပေါင်းအလုပ်အကိုင်ရရှိမှု၏ ၁၃ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းထိ တန်ဖိုးရှိသော အလုပ်အကိုင်များကို ဖန်တီးပေးနေသည်။

## အာဆီယံကုန်အမှတ်တံဆိပ် မှတ်ပုံတင်စရိတ်များ

အရှေ့တောင်အာရှဒေသတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားရာတွင် ကုန်ကျစရိတ်အုပ်စု သုံးမျိုးတွေ့ရှိရပါသည်။ ၎င်းတို့မှာ တရားဝင်ပေးဆောင်ရသော အခကြေး (Official Fees)၊ အကျိုးဆောင် ကိုယ်စားလှယ်ရှေ့နေခ (Attorney Charges) နှင့် ဘာသာပြန်ခ (Translation Costs) တို့ဖြစ်သည်။ ဤစရိတ်များ ကျခံပြီးမှသာ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ရရှိပါသည်။

အခြားသော ကုန်အမှတ်တံဆိပ်ကုန်ကျစရိတ်များသည် ကုန်စည်နှင့် ဝန်ဆောင်မှုအမျိုးအစားနှင့် အရေအတွက်ပေါ်တွင်မူတည်၍ ကျခံရပါသည်။ နိုင်ငံတကာကုန်စည်နှင့်ဝန်ဆောင်မှုအတန်းအစား ခွဲခြားသတ်မှတ်သည့် စနစ်အရ ကုန်ပစ္စည်းများအတွက် အတန်းအစား ၃၄ မျိုး (34 classes for goods) နှင့် ဝန်ဆောင်မှု အမှတ်တံဆိပ်များအတွက် အတန်းအစား ၁၁ မျိုး (11 classes for services) ခွဲခြားထားသည်။

အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့တွင် အတန်းအစား နှစ်မျိုး (two classes) သာရှိပြီး ကုန်အမှတ်တံဆိပ် လျှောက်ထားခြင်းကို အွန်လိုင်းမှ လျှောက်ထားရသည်ဟူ၍ ယူဆပါ။ အတန်းအစား နှစ်မျိုးမှာ Class 10 (ဆေးပစ္စည်းကိရိယာနှင့် အစိတ်အပိုင်းများ) နှင့် Class 44 (ဆေးပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း) တို့ဖြစ်သည်။ ထို့ပြင် အတန်းအစားတစ်ခုစီတွင် ကုန်စည်နှင့် ဝန်ဆောင်မှု အမျိုးအမယ်သုံးမျိုးစီကိုသာ ကုန်အမှတ် တံဆိပ် လျှောက်ထားမည်ဟု ယူဆပါ။ ထိုအခါ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်စရိတ် စုစုပေါင်းမှာ မလေးရှားတွင် ၁၃၈၉ အမေရိကန်ဒေါ်လာ၊ စင်ကာပူတွင် အမေရိကန်ဒေါ်လာ ၁၇၀၀၊ ထိုင်းတွင် အမေရိကန်ဒေါ်လာ ၁၈၀၀ နှင့် အင်ဒိုနီးရှားတွင် ၁၈၄၈ အမေရိကန်ဒေါ်လာခန့် ကုန်ကျပါမည်။

အဆိုပါ ကုန်ကျစရိတ်များတွင် ထပ်ဆင့်တိုးတန်ဖိုးခွန် (Value Added Tax) အပြင် ဘာသာပြန်ခလည်း ပါဝင်သည်။ ထပ်ဆင့်တိုးတန်ဖိုးခွန်သည် မလေးရှားတွင် ၆ ရာခိုင်နှုန်း၊ စင်ကာပူတွင် ၇ ရာခိုင်နှုန်း၊ ထိုင်း ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့်အင်ဒိုနီးရှားတွင် ၁၀ ရာခိုင်နှုန်း ရှိကြသည်။ အထက်ဖော်ပြပါ ခန့်မှန်းခြေကုန်ကျစရိတ်များသည် အခကြေးဇယားများ (Fee Schedules) တွင် တွေ့ရှိရသော တန်ဖိုးများအပေါ် အခြေခံတွက်ချက်ထားသော စရိတ်များဖြစ်သည်။ ဤနေရာတွင် အခကြေးဇယားများသည် တရားစီရင်ပိုင်ခွင့် (Jurisdiction) တစ်ခုစီတွင်ရှိသော လွတ်လပ်သည့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် ဥပဒေအဖွဲ့ (Independent Intellectual Property Law Associates) အနည်းဆုံးငါးဖွဲ့က ဖြည့်ဆည်းပေးသည့်ဇယားများဖြစ်ရပါမည်။

ကုန်အမှတ်တံဆိပ်အတွက် အဓိကကုန်ကျစရိတ် နှစ်မျိုးမှာ ဖိုင်တွဲခ (Filing Fee) နှင့် မှတ်ပုံတင်ခ (Registration Fee) တို့ဖြစ်သည်။ အတန်းအစားနှစ်မျိုး (two classes) အရ ကုန်အမှတ်တံဆိပ် လျှောက်ထားခြင်းအတွက် ဖိုင်တွဲခမှာ မလေးရှားတွင် ၅၂၂ အမေရိကန်ဒေါ်လာ၊ စင်ကာပူတွင် အမေရိကန်ဒေါ်လာ ၁၀၀၀၊ ထိုင်းတွင် အမေရိကန်ဒေါ်လာ ၁၂၅၀နှင့် အင်ဒိုနီးရှားတွင် ၁၄၅၂ အမေရိကန်ဒေါ်လာခန့်စီ ကုန်ကျပါသည်။ တရားဝင်ဖိုင်တွဲခများ (Official Filing Fees) မှာ ထိုင်းတွင် အမေရိကန်ဒေါ်လာ ၆၀၊ မလေးရှားတွင် အမေရိကန်ဒေါ်လာ ၁၂၀၊ အင်ဒိုနီးရှားတွင် ၂၃၀ ဒေါ်လာနှင့် စင်ကာပူတွင် ၃၂၀ ဒေါ်လာခန့်စီကုန်ကျပါသည်။ အဆိုပါစရိတ်များတွင် အကျိုးဆောင်ရှေ့နေခပါဝင်ပြီးဖြစ်သည်။ စင်ကာပူနိုင်ငံသည် အဆိုပါစရိတ်များကို တွက်ချက်ရာတွင် စင်ကာပူအသိဉာဏ်ပစ္စည်းများရုံး (Intellectual Property Office of Singapore) က သတ်မှတ်ထားသည့် ကုန်စည်နှင့် ဝန်ဆောင်မှုအမျိုးအမယ်အပေါ် အခြေခံပါသည်။

အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့တွင် အွန်လိုင်းမှ ဖိုင်တွဲခြင်း (Electronic Filing) အတွက် မက်လုံးများပေးထားရာ စင်ကာပူသည် အွန်လိုင်းမှ လျှောက်ထားခြင်းအတွက် မက်လုံးအများဆုံးပေးသောနိုင်ငံဖြစ်သည်။ စင်ကာပူနိုင်ငံတွင် အွန်လိုင်းမှ လျှောက်ထားခြင်းသည် လူကိုယ်တိုင်စာရွက်စာတမ်းဖြင့် လျှောက်ထားခြင်းထက် ကုန်ကျစရိတ်ထက်ဝက်နီးပါးသက်သာကြောင်းသိရှိရပါသည်။

## ဘုံကုန်အမှတ်တံဆိပ်စနစ်နှင့်ရုံး

အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) သည် လွန်စွာအလားအလာကောင်းပြီး ကုန်အမှတ်တံဆိပ် အမျိုးမျိုးနှင့်စီးပွားရေးအဖွဲ့အစည်းအမျိုးမျိုးက အရှေ့တောင်အာရှဒေသတွင် ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်နေကြပါသည်။ သို့သော်လည်း အာဆီယံနိုင်ငံများတွင် ကုန်အမှတ်တံဆိပ်ကာကွယ်သည့် မဟာဗျူဟာ (Brand Protection Strategy) သည် ရင်းနှီးမြှုပ်နှံသူများအတွက် စိန်ခေါ်မှုကြီးတစ်ခုဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် အာဆီယံနိုင်ငံအသီးသီးတွင် ကုန်အမှတ်တံဆိပ်ကာကွယ်ခြင်းနှင့် ပတ်သက်သောမူများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေပြဋ္ဌာန်းချက်များသည် အမျိုးမျိုးကွဲပြားပြီး တိတိကျကျ သတ်မှတ်ထားခြင်းမရှိသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် အာဆီယံနိုင်ငံများအတွက် ဘုံကုန်အမှတ်တံဆိပ်စနစ် (Common Trademark System) နှင့် ဘုံကုန်အမှတ်တံဆိပ်ရုံး (Commom Trademark Office) တို့ကို ထူထောင်ထားရှိသင့်ပါသည်။ ထိုသို့ထူထောင်ခြင်းသည် အသိဉာဏ်ပစ္စည်းပူးပေါင်းရေးဆိုင်ရာ အာဆီယံမူဘောင်သဘောတူညီချက်(ASEAN Framework Agreement on Intellectual Property Cooperation) ကိုလည်း အကောင်အထည်ဖော်ရာရောက်ပါသည်။ ထိုသို့ ထူထောင်ခြင်းအားဖြင့် လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီဖြစ်ပြီး လွယ်ကူရှင်းလင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်ချမှတ်ရန်နှင့် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲရန်အတွက် ကုန်ကျစရိတ်ကို အနီးစပ်ဆုံးတွက်ချက်စဉ်းစားနိုင်ခြင်းစသည့် ကောင်းကျိုးများကို ခံစားရမည်ဖြစ်သည်။

**Source: ipwatchdog**

## နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ၊ လက်ကား ရောင်းချခွင့်ပြုခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လက်လီ၊ လက်ကား ရောင်းချဖြန့်ဖြူးသူများအကြား မျှတသော ယှဉ်ပြိုင်မှုတိုးတက်စေခြင်းအားဖြင့် စားသုံးသူများအတွက် ဈေးနှုန်းလျှော့ကျပြီး ရွေးချယ်ခွင့်ပိုမိုရရှိလာ စေရန်လည်းကောင်း၊ ရောင်းချဖြန့်ဖြူးမှုလုပ်ငန်းများတွင် ကုန်ပစ္စည်းအရည်အသွေးနှင့်ဝန်ဆောင်မှုအရည်အသွေး၊ နည်းပညာများ တိုးတက်စေရန်လည်းကောင်း၊ ပြည်တွင်းထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိ၍ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း ရည်ရွယ်၍ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ၊ လက်ကား ရောင်းချခွင့်ပြုသည့် အမိန့်ကြော်ငြာစာအား ၂၀၁၈ ခုနှစ် မေလ ၉ ရက်စွဲ ပါ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့သည်။

လက်လီ၊ လက်ကားရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မည်သည့် မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့် ကုမ္ပဏီ၊ နိုင်ငံခြားသား အပြည့်အဝဆောင်ရွက်သည့် ကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီမဆို စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်။

လက်လီ၊ လက်ကား ရောင်းချခွင့်စည်းကမ်းချက်များအား လိုအပ်သလို ပြင်ဆင်သတ်မှတ်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်လီ၊ လက်ကားရောင်းချဖြန့်ဖြူးမှုခွင့်ပြုသည့် စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဝန်ကြီးဌာနWebsite ဖြစ်သော www.commerce.gov.mm တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

**ကြည်သာသစ်နိုင်**



PSH
PYI SAN HTIKE CO.,LTD
No (26), Thirimon (8th) Street, Thirimon Housing, Mayann Gone Township, Yangon.
Tel : 09-5109794, 09-5252499, Office : 01-682980
Email : winlaw.law@gmail.com, yeehseng89@gmail.com




အေအိုင်ကော့(ပ်)ကုမ္ပဏီလီမိတက်
AICORP (MYANMAR) Co., Ltd.
ဖိုးသာအောင်
(ယူရီးယား-ပုလဲဓါတ်မြေဩဇာ အနံ ၄၆ %)
အထွက်နှုန်းမှာအကောင်းဆုံး
ဖိုးသာအောင် ကိုသုံး
UREA-N 46%
အမှတ်-၆ / ပထမထပ် (A1) ဗိုလ်တထောင်ဘုရားလမ်း၊လမ်းသွယ် (၃)၊ရန်ကုန်မြို့။
ဖုန်း – 09 5117148 ,09 43053340, 09 445577791, 09 445577792, 01 292099, 01 295040




RAIN POWER
RAIN POWER INDUSTRY
စက်ရုံ – အမှတ်(၁၁၉/၁၂၀/၁၂၁/၁၂၂/၁၂၃)၊သော်ကာလမ်းနှင့်စိန်ခြယ်လမ်း၊ဘလောက်(၃)၊(၂၂)ရပ်ကွက်၊ ကျွဲ့ဗအိမ်ရာ၊တောင်ဒဂုံမြို့နယ်၊ရန်ကုန်မြို့။ Ph: 09 31860387, 09 974908600
အမှတ် – ၂၃၃၊မြေညီထပ်၊လမ်း–၄၁(အပေါ်ဘလောက်)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
Hot-LIne : 09 5116410, 09 450239866, 09 795266062
Email : 2010kyawzayar@gmail.com




FUMO Engineering ( Boilers & Accessories )
Fulton
FUMO Engineering (Fulton Boiler Agent)
Address: No.18, Bayint Naung Rd, Shwe Pinlon Avenue, North Dagon, Yangon, Myanmar.
Phone : 09 5416852
Email : mhhmyanmar@gmail.com




Royal Rose
Myanmar Sandals & Bags
Export Quality Products
Bldg.No.216,Room(4),Yankin St
Yankin Tsp,Yangon,Myanmar.
Ph : 09-799 593 453,09 431 057480,09 421057480
E-mail: m.platinum@gmail.com


နိုင်ငံတော်အဆင့်အသိအမှတ်ပြုဆုရ
R.O
Lucky
Purified Drinking Water
Best Taste, Best Quality
Since 1991


Branch of Singapore
HTG
YOUR LOGISTICS PARTERTNER
WING POWER COMPANY LIMITED
(Freight Forwarding & General Services)
Address : Building 40,No#2,Yanshin Road,Yankin Township,
Yangon,Myanmar.
H.P : +95 973053154, 09 420000204


SLK
SHWE LONE KIT
CAR SALE CENTRE
R39.ကံ့ကော်(၅)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်
Tel: 0951 41595, 0978 5575852, 0951 41252
Email : shwelonekit@gmail.com
facebook: shwelonekir.cartrade

# ပဲပုပ်စေ့နှင့် ဈေးကွက် အလားအလာများ

**မြတ်နိုး**

## နိဒါန်း

တရုတ်နိုင်ငံတွင် ပဲပုပ်စေ့ကို တိုက်ရိုက်စားသုံးရန်နှင့် ဆီထွက်သီးနှံအဖြစ်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်အစားအစာထုတ်လုပ်ရန်အတွက်လည်းကောင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ပဲပုပ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် တရုတ်နိုင်ငံ၏စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

## ပဲပုပ်စေ့စိုက်ပျိုးမှုနှင့်ထုတ်လုပ်မှုအခြေအနေ

တရုတ်နိုင်ငံတွင် ပဲပုပ်စေ့ကို ဒေသအလိုက်နွေဦး၊ နွေနှင့်ဆောင်းဦးရာသီများတွင် စိုက်ပျိုးကြပါသည်။ အဓိကစိုက်ပျိုးသည့်ဒေသများမှာ တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့်တောင်ပိုင်းဒေသများတွင် ဖြစ်ပါသည်။

**ပုံ (၁) တရုတ်နိုင်ငံ၏ အုပ်ချုပ်မှုဆိုင်ရာနယ်မြေပြ မြေပုံ**




Sources : GEB – Institut de l'Elevage (© Cartique)

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ Heilongjiang၊ Jilin၊ Liaoning စီရင်စုများနှင့် Inner Mongolia ဒေသများတွင် ပဲပုပ်စေ့ကို နွေဦးရာသီ၌ ( ဧပြီ ၂၀ ရက်မှ မေ ၁၀ ရက်အတွင်း) စတင်စိုက်ပျိုးကြပြီး ဆောင်းဦးရာသီ၌ ( စက်တင်ဘာ ၁၀ ရက်မှ လကုန်ထိ) ရိတ်သိမ်းကြပါသည်။ ၎င်းဒေသများအနက် Heilongjiang စီရင်စုသည် ပဲပုပ်စေ့အများဆုံး စိုက်ပျိုးထုတ်လုပ်သည့်ဒေသဖြစ်ပါသည်။

ထို့ပြင် တရုတ်နိုင်ငံအရှေ့ပိုင်းရှိ Shandong၊ Henan၊ Hebei၊ Jiangsu၊ Anhui နှင့် Shanxi စီရင်စုများ၌ ပဲပုပ်စေ့ကို နွေရာသီတွင် (ဇွန်လလယ်ပိုင်း) စတင်စိုက်ပျိုးကြပြီး စက်တင်ဘာ ၁၀ ရက်မှ အောက်တိုဘာ ၁၀ ရက်အတွင်း ရိတ်သိမ်းကြပါသည်။

တရုတ်နိုင်ငံတောင်ပိုင်း ယန်ဇီမြစ်၏တောင်ဘက်ရှိစီရင်စုများ၌ ပဲပုပ်စေ့ကို နွေဦး၊ နွေနှင့်ဆောင်းဦးရာသီ သုံးမျိုးလုံးတွင် စိုက်ပျိုးကြပြီး နွေဦးတွင်မတ်လ၌ စတင်စိုက်ပျိုးကာ ဇူလိုင်လ၏ ပထမ ၁၀ ရက်အတွင်း ရိတ်သိမ်းကြပါသည်။ နွေရာသီတွင် မေလ ၂၀ ရက်ခန့်မှ ဇွန်လ ၁၀ ရက်အတွင်း စတင်စိုက်ပျိုး၍ အောက်တိုဘာလတွင် ရိတ်သိမ်းပါသည်။ ဆောင်းဦးရာသီတွင် ဇူလိုင် ၂၀ ရက်မှ ဩဂုတ်လ အစောပိုင်းရက်များအတွင်း စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလ၏ပထမ ၁၀ ရက်အတွင်း ရိတ်သိမ်းကြပါသည်။

**ပုံ (၂) တရုတ်နိုင်ငံ၏ ပဲပုပ်စေ့အဓိကစိုက်ပျိုးမှုနယ်မြေဧရိယာပြ မြေပုံ**




တရုတ်နိုင်ငံ၏ ပဲပုပ်စေ့စိုက်ပျိုးမြေဧရိယာသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ကျဆင်းခဲ့သော်လည်း ပြောင်းသီးနှံသိုလှောင်မှုအခြေအနေနှင့် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒအပြောင်းအလဲများကြောင့် ၂၀၁၆ ခုနှစ်မှစ၍ ပဲပုပ်စေ့စိုက်ပျိုးမြေဧရိယာသည် ပြန်လည်တိုးတက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်တွင် ပဲပုပ်စေ့ စိုက်ပျိုးမြေဧရိယာသည် ဟက်တာခုနစ်သန်းအထိ တိုးတက်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် ဟက်တာ ၇ ဒသမ ၄၂ သန်းနှင့် ၂၀၂၅ ခုနှစ်တွင် ဟက်တာ ၇ ဒသမ ၈ သန်းသို့ ရောက်ရှိမည်ဖြစ်ကြောင်းနှင့် နှစ်စဉ်စိုက်ပျိုးမြေဧရိယာသည် ၁ဒသမ၄ ရာခိုင်နှုန်းခန့် တိုးတက်လာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနမှ ခန့်မှန်းတွက်ချက်ထားပါသည်။

**ပုံ(၃)တရုတ်နိုင်ငံ၏ ပဲပုပ်စေ့စိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် အထွက်နှုန်းတွက်ချက်လျာထားမှု**




Source: Agricultural Information Institute of Chinese Academy of Agricultural Science, CAMES

တရုတ်နိုင်ငံ၏ ၂၀၁၆ ခုနှစ် ပဲပုပ်စေ့အထွက်နှုန်းသည် တစ်ဟက်တာလျှင် ၁၇၄၈ ဒသမ ၅၅ ကီလို ဂရမ်ခန့်ထွက်ရှိပြီး လက်ရှိအထွက်နှုန်းသည် အမေရိကန်နှင့် ဘရာဇီးနိုင်ငံများထက် လျော့နည်းကြောင်း၊ သို့ရာတွင် တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုစနစ်များကြောင့် ၂၀၂၀ ခုနှစ်တွင် ပဲပုပ်စေ့အထွက်နှုန်းသည် တစ်ဟက်တာလျှင်၁၈၁၄ ဒသမ ၀၂ ကီလိုဂရမ်နှင့် ၂၀၂၅ ခုနှစ်တွင်တစ်ဟက်တာလျှင် ၁၉၀၃ ဒသမ ၈၅ ကီလိုဂရမ်သို့ တိုးတက်လာမည်ဟု ဖော်ပြထားပါသည်။ စိုက်ပျိုးမှုနှင့်အထွက်နှုန်း တိုးတက်လာသည်နှင့်အမျှ ထုတ်လုပ်မှုပမာဏသည်လည်း ၂၀၂၀ ခုနှစ်တွင် တန်ချိန် ၁၃ဒသမ ၄၆ သန်းနှင့် ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၁၄ ဒသမ ၈၅ သန်းသို့တဖြည်းဖြည်း တိုးတက်ရောက်ရှိမည်ဟု တွက်ချက်ထားသည်။

## ပဲပုပ်စေ့ စားသုံးမှုအခြေအနေ

တရုတ်နိုင်ငံသည် ပဲပုပ်စေ့ကို အစားအစာအဖြစ် တိုက်ရိုက်စားသုံးလျက်ရှိပြီး အဓိကအားဖြင့် တို့ဖူး၊ ပဲနို့၊ ဆော့၊ တို့ဖူးချောင်း၊ ပဲငါးပိစသည့် ရိုးရာအစားအစာများထုတ်လုပ်၍ နေ့စဉ်စားသုံးကြပါသည်။ တို့ဖူး၊ ပဲပိစပ်ဆော့၊ ပဲငါးပိစားသုံးမှုသည် တရုတ်မှစတင်ခဲ့သည်ဟုပင် မှတ်ယူထားကြပါသည်။ တို့ဖူးကို ကယ်လိုရီပါဝင်မှုပမာဏနည်းပါးခြင်း၊ ပရိုတင်းပါဝင်မှုများခြင်းတို့ကြောင့် အလေးထားစားသုံးကြောင်းသိရှိရပါသည်။ ခေတ်ကာလအလိုက် ဆန်းသစ်ထုတ်လုပ်သည့် ပဲနို့မှုန့်ကဲ့သို့ စားသောက်ကုန်များကိုလည်း စားသုံးလျက်ရှိပါသည်။

လူတစ်ဦးကျ နေ့စဉ်စားသုံးမှုနှုန်းသည် ၂၁ ဂရမ်ခန့်ရှိပြီး ရိုးရာအစားအစာများဖြစ်သည့် တို့ဖူး၊ ပဲနို့များကဲ့သို့သော အစားအစာများကို ၁၅ ဂရမ်အောက်သာ စားသုံးနေသည့်အတွက် အစားအစာအာဟာရလမ်းညွှန်တွင် နေ့စဉ် ၄၀ ဂရမ်ခန့် စားသုံးသင့်သည်ဟု ဖော်ပြပါရှိသောကြောင့် နောင်တွင်ပိုမို စားသုံးမည့်အလားအလာများရှိပါသည်။ ပဲပုပ်စေ့စားသုံးမှုသည် ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၁၀၈ သန်းသို့ ရောက်ရှိနိုင်ကြောင်းနှင့် စားသုံးမှုသည် နှစ်စဉ် ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်နေမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။

ယခင်က ပဲပုပ်စေ့ကို လူစားသုံးရန်အတွက်သာ အဓိကထုတ်လုပ်ကြပါသည်။ ယခုအခါ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မှုများပြားလာခြင်းကြောင့် တိရစ္ဆာန်အစားအစာအတွက် ဝယ်လိုအားများလာခြင်းနှင့် ဆီစားသုံးမှုများလာခြင်းတို့ကြောင့် ဈေးကွက်ပြောင်းလဲမှုရှိလာပါသည်။ ဝက်မွေးမြူရေးသည် ၂၀၀၂ ခုနှစ်တွင် ၅ ရာခိုင်နှုန်းမှ ၂၀၁၀ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းထိတိုးတက်ခဲ့ပြီး နွားမွေးမြူရေးသည် ၂၀၀၂ ခုနှစ်တွင် ၃ ရာခိုင်နှုန်း မှ ၂၀၁၅ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းထိတိုးတက်ခဲ့သည့်အတွက် တိရစ္ဆာန်အစားအစာအတွက် လိုအပ်ချက်လွန်စွာ မြင့်မားလာခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် စီးပွားရေးတိုးတက်မှုနှင့် မြို့ပြထူထောင်မှု တို့ကြောင့် ဆီစားသုံးမှုမြင့်မားလာပြီး တစ်ဦးချင်းစီစားသုံးမှုသည် ၁၉၉၆ ခုနှစ်တွင် ၈ ကီလိုမှ ၂၀၁၄ ခုနှစ်တွင် ၂၄ ကီလိုထိ မြင့်တက်လာခဲ့ရာ ၎င်းနှုန်းသည် US နှင့် EU တို့ထက်လျော့နည်းသော်လည်း ကမ္ဘာ့ပျမ်းမျှ ဆီစားသုံးမှုနှုန်းထက် မြင့်မားနေကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် ၂၀၀၂ ခုနှစ်ထိ မုန်ညှင်းဆီကို အများဆုံးစားသုံးခဲ့သော်လည်း ၂၀၀၃ ခုနှစ်မှစ၍ ဈေးနှုန်းချိုသာမှု ကောင်းကျိုးကြောင့် ပဲပုပ်ဆီသည် ပိုမိုဈေးကွက်ရရှိလာပြီး နံပါတ် (၁) စားသုံးမှုအများဆုံးဖြစ်လာပါသည်။ ၂၀၁၆ ခုနှစ်တွင် စုစုပေါင်းဆီစားသုံးမှု၏ ၄၄ ရာခိုင်နှုန်းသည် ပဲပုပ်ဆီဖြစ်ပြီး မုန်ညှင်းဆီ ၂၄ရာခိုင်နှုန်း၊ စားအုန်းဆီ ၁၈ ရာခိုင်နှုန်းနှင့် မြေပဲဆီ ၉ရာခိုင်နှုန်းအသီးသီး စားသုံးလျက်ရှိကြောင်း သိရှိရပါသည်။

**ပုံ (၄) တရုတ်နိုင်ငံ၏ ပဲပုပ်ဆီ စားသုံးမှုအခြေအနေ**




Source : GEB-Institut de l'Elevage / Clever and Wu, 2016

ပဲပုပ်စေ့ကို တိုက်ရိုက်စားသုံးခြင်းမပြုဘဲ ဆီထုတ်ရန်အတွက်မူ တရုတ်နိုင်ငံတွင်စိုက်ပျိုးသည့် ပဲပုပ်စေ့မျိုးသည် မျိုးရိုးဗီဇပြုပြင်ထားခြင်းမရှိသော မျိုးဖြစ်သော်လည်း ပြည်ပမှတင်သွင်းသည့် မျိုးရိုးဗီဇပြုပြင်ထားသည့် ပဲပုပ်စေ့များနှင့်နှိုင်းယှဉ်ပါက ဆီအထွက်နှုန်း ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းထိ လျော့နည်းထွက်ရှိပါသည်။ ထို့ကြောင့် မျိုးရိုးဗီဇပြုပြင်ထားခြင်းမရှိသော ပဲပုပ်စေ့များ၏ ၆၀ ရာခိုင်နှုန်းကို စားသုံးရန်အတွက် အသုံးပြုနေကြောင်းနှင့် ပြည်ပမှတင်သွင်းသည့် မျိုးရိုးဗီဇပြုပြင်ထားသည့် ပဲပုပ်စေ့များ၏ ၉၀ ရာခိုင်နှုန်းကို ဆီထုတ်ရန်နှင့် ဆက်စပ်ထုတ်ကုန်များထုတ်လုပ်ရန် အသုံးပြုလျက်ရှိကြောင်း သိရှိရပါသည်။

## ကုန်သွယ်မှုဆိုင်ရာအခြေအနေ

လက်ရှိတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့နံပါတ်(၁)ပဲပုပ်စေ့ အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်ပြီး ပဲပုပ်စေ့အများဆုံးထုတ်လုပ်သည့် နိုင်ငံများဖြစ်သည့် အမေရိကန်၊ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့မှ အဓိကတင်သွင်းလျက်ရှိပါသည်။ တရုတ်နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ကမ္ဘာ့ပဲပုပ်စေ့ စုစုပေါင်းတင်သွင်းမှု၏ ၄၁ ရာခိုင်နှုန်းထိရှိခဲ့ပြီး အမေရိကန်၊ ဘရာဇီးနှင့် အာဂျင်တီးနား ထိပ်သီးထုတ်လုပ်သူ သုံးနိုင်ငံ၏ ပဲပုပ်စေ့တင်ပို့မှုသည် ကမ္ဘာ့ပဲပုပ်စေ့စုစုပေါင်းတင်ပို့မှု၏ ၉၀ ရာခိုင်နှုန်းရှိပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# Made in Myanmar ထုတ်ကုန်များတိုးပွားရေး စက်မှုဇုန်အသစ်များတည်ဆောက်တော့မည်

**မောင်လွင်ပြင်**

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့လိုသည်။ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလျှင်တော့ စက်မှုဇုန်များမရှိမဖြစ်လိုအပ်လာသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်စေနိုင်ရန် အခြေခံကျသောစက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များကို သက်ဆိုင်ရာနိုင်ငံအစိုးရများက မဖြစ်မနေစီစဉ်ထူထောင်ကြခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ခြင်းသည် တိုက်ရိုက်အချိုးကျသည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံ၌ စက်မှုဇုန်များထူထောင်ရေး၊ ထူထောင်ပြီးသား စက်မှုဇုန်များရှင်သန်ဖွံ့ဖြိုးရေးတို့ကို နိုင်ငံတော်အစိုးရက အားပေးပံ့ပိုးမှုများပြုနေသည်။

သို့သော်စက်မှုဇုန်များ ထူထောင်ရေးနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလျှင် စက်မှုဇုန်ဥပဒေရှိဖို့လိုသည်။ မြန်မာနိုင်ငံတွင် စက်မှုဇုန်များတည်ထောင်လာခဲ့သည်မှာ အနှစ် ၃၀ နီးပါးရှိလာပြီဟုသိရသည်။ ယခုအထိ စက်မှုဇုန်ဥပဒေဟူ၍ သတ်သတ်မှတ်မှတ်မရှိသေးချေ။ ယခုအခါ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဇုန်များတွင် အခက်အခဲများပေါ်ပေါက်ပါက ဖြေရှင်းနိုင်ရန် စက်မှုဇုန်ဥပဒေကိုရေးဆွဲထားပြီး အတည်ပြုနိုင်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း စက်မှုဝန်ကြီးဌာနက ပြောကြားကြောင်း သိရသည်။ စက်မှုဇုန်ဥပဒေအတည်ပြုနိုင်ရေးနှင့်စပ်လျဉ်းပြီး ၂၀၁၈ ခုနှစ် မတ် ၂၁ ရက်က ကျင်းပသည့်ပထမအကြိမ်အစည်းအဝေးတွင် အခန်း(၅) အထိ ဆွေးနွေးပြီးဖြစ်ကြောင်း၊ မတ် ၂၈ ရက်တွင် အခန်း(၆)မှ စတင်ဆွေးနွေးခဲ့ကြောင်း၊ လွှတ်တော်တွင်လည်း စက်မှုဇုန်ဥပဒေကို ဆွေးနွေးသွားဖို့ရှိကြောင်း၊ စက်မှုဇုန်များတွင်လည်း အခက်အခဲများဖြစ်ပေါ်နေသည့်အတွက် ဥပဒေကို အလျင်အမြန်အတည်ပြုပေးနိုင်ရန်လိုကြောင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်ဥပဒေရေးဆွဲအတည်ပြုနိုင်ရေးမှာ အဓိကကျသဖြင့် ပိုမိုကောင်းမွန်သည့်အချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသည့် စက်မှုလုပ်ငန်းများကို စက်မှုဇုန်အတွင်းပြောင်းရွှေ့လုပ်ကိုင်နိုင်ရေး မူဝါဒအချို့ပြောင်းလဲသတ်မှတ်ပေးရန်လည်း ထည့်သွင်းရေးဆွဲထားကြောင်း သိရပါသေးသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်ပေါင်း ၃၀ အတွင်း တည်ထောင်ထားသည့်စက်မှုဇုန်ပေါင်း ၃၀ နီးပါးရှိထားသော်လည်း လက်ရှိအချိန်တွင် စက်မှုဇုန်ဥပဒေမရှိသေးသဖြင့် အမြန်ဆုံးရေးဆွဲအတည်ပြုနိုင်ရန်လိုအပ်နေကြောင်း လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ဥက္ကဋ္ဌ ဦးအေးသောင်းကပြောကြားသည်။ “ ရန်ကုန်မှာဆိုရင် စက်မှုဇုန်ပေါင်း ၂၉ ဇုန်တည်ထောင်ထားပါတယ်။ သီလဝါစက်မှုဇုန်ကလွဲရင်ပေါ့။ သီလဝါကတော့နိုင်ငံတကာစံချိန်မီအောင် လက်ရှိမှာအထူးစီးပွားရေးဇုန်ကြီးဆိုတဲ့ စက်မှုဇုန်ကြီးတည်ထောင်နေပါတယ်။ စက်မှုဇုန်ကအခုမှစကာစပါ။ အခုတော့ဥပဒေ၊ နည်းဥပဒေတွေပြီးသွားပါပြီ။ ကျွန်တော်တို့စက်မှုဇုန်တွေ တည်ထောင်လာတာ အနှစ် ၃၀ ပြည့်ပါတော့မယ်။ အခုထိဥပဒေမရှိသေးဘူး။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနရဲ့ ညွှန်ကြားချက် ၁/၉၇ နဲ့ပဲ၊ ညွှန်ကြားချက်စာအုပ်ကလေးနဲ့ပဲ လုပ်နေတာပါ။ ကျွန်တော်တို့စက်မှုဇုန်စတည်ထောင်စဉ်က ဒီဥပဒေလိုတယ်ဆိုတာ အကြိမ်ကြိမ်တင်ပြခဲ့ပါတယ်။ အခုတော့ ရေးလည်းရေးဆွဲနေပါပြီ။ အမြန်ဆုံးပြီးဖို့ပဲလိုပါတယ်” ဟုဆိုသည်။

ယင်းသည် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်တစ်ဦး၏အသံဟု မှတ်ယူနိုင်သည်။ ထို့ပြင် ရွှေလင်ပန်းစက်မှုဇုန် ဥက္ကဋ္ဌ ဦးအေးသောင်းကပင် မြန်မာနိုင်ငံတွင် စက်မှုကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် စက်မှုဇုန်များတည်ဆောက်လာခဲ့သည်မှာ နှစ်ပေါင်း ၃၀ ပြည့်တော့မည်ဖြစ်သော်လည်း မြန်မာ့ကုန်အမှတ်တံဆိပ် (Made in Myanmar) ဖြင့် ဈေးကွက်ထိုးဖောက်မှု အနည်းငယ်သာရှိနေသေးကြောင်းကိုလည်း“ စက်မှုဇုန်တွေတည်ထောင်လာတာ နှစ်ပေါင်း ၃၀ ပြည့်ပါတော့မယ်။ ဒါပေမယ့် Made in Myanmar ဆိုတဲ့ တံဆိပ်အင်မတန်နည်းနေပါသေးတယ်။ ဘာကြောင့်လဲဆိုရင် ဥပဒေမရှိသေးလို့ပါ” ဟု ပြောကြားထားပါသေးသည်။ ယင်းကဲ့သို့စက်မှုဇုန်ဥပဒေမရှိသေးခြင်းကြောင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အခြားစက်မှုဇုန်များသို့ ဝင်ရောက်လုပ်ကိုင်ရန် အခက်အခဲများရှိနေကြောင်းကိုလည်း သိရသည်။ လာမည့် မေ ၁၄ ရက်တွင် ပြန်လည်စတင်မည့် လွှတ်တော်များပုံမှန်အစည်းအဝေးတွင် စက်မှုဇုန်ဥပဒေကို သက်ဆိုင်ရာစက်မှုဝန်ကြီးဌာနက တင်သွင်းလိမ့်မည်ဖြစ်သည်။ ယခုနှစ်အတွင်း ယင်းဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်လိမ့်မည်ဟုလည်း ခန့်မှန်းသည်။ ယင်းဥပဒေကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံချင်သူများလည်း စိတ်ဝင်စားလိမ့်မည်ထင် သည်။

စက်မှုဇုန်များနှင့်ပတ်သက်၍ နောက်ထပ်သတင်းတစ်ပုဒ်ကို ဧပြီလဆန်းပိုင်းက ထပ်မံကြားသိရသည်။ စက်မှုဇုန်အသစ်များထူထောင်ရန် အမှန်တကယ်လုပ်ကိုင်နိုင်မည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်သည့်သတင်းဖြစ်သည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံကျော်နှင့် ကျပ် ၂၈၇ ဘီလီယံကျော်တန်ဖိုးရှိသော စက်မှုဇုန်သုံးဇုန်ကိုတည်ဆောက်လုပ်ကိုင်ခွင့်ပြုလိုက်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်လိုက်သည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုဇုန်တည်ဆောက်ရေးလုပ်ငန်းတစ်ခုကို ဒေါ်လာ ၃၄ ဘီလီယံကျော်ဖြင့် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ခွင့်ပြုလိုက်ခြင်းသည် ယင်းပမာဏမှာ ယခုဘဏ္ဍာနှစ်အတွင်း ကဏ္ဍအလိုက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ၏ သုည ဒသမ ၆ ရာခိုင်နှုန်းအထိရှိကြောင်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် စက်မှုဇုန်တည်ဆောက်ရေးလုပ်ငန်းနှစ်ခုကို ကျပ် ၂၈၇ ဘီလီယံကျော်ဖြင့် ရင်းနှီးလုပ်ကိုင်ခွင့်ပြုလိုက်ခြင်းသည်လည်း ယင်းပမာဏမှာ ကဏ္ဍအလိုက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ၏ ခုနစ်ရာခိုင်နှုန်းကျော်အထိ ရှိကြောင်းတို့ကိုထုတ်ပြန်ထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် အသစ်ထပ်မံပေါ်ပေါက်မည့် စက်မှုဇုန်သုံးခုအထိ တိုးလာမည်ဖြစ်ရာ စက်မှုဇုန်အသစ်များတွင် Developer အဖြစ် အမှန်တကယ်လုပ်ကိုင်နိုင်မည့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ မည်သူ့ကိုမဆို လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ယခုလိုပြောကြားခဲ့သည်။ “ လက်ရှိရှိနေတဲ့ စက်မှုဇုန်တွေ၊ စီးပွားရေးဇုန်၊ အထူးစီးပွားရေးဇုန်တွေကို ပြန်သုံးသပ်တဲ့ အခါကျတော့ လွန်ခဲ့တဲ့နှစ် အတော်များများကဒါတွေကို အကောင်အထည်ဖော်ခဲ့တယ်။ စတင်အကောင်အထည်ဖော်ဖို့စပြီးတည်ဆောက်ကတည်းကိုက စက်မှုဇုန်တွေက အရည်အသွေးနိမ့်ကျနေတယ်။ အဲဒီတော့ လက်ရှိစက်မှုဇုန်အဟောင်းတွေကို ပြန်ပြီး အရည်အသွေးပြည့်အောင် မြှင့်လို့ရှိရင် ခက်ခဲတယ်။ ဒါကြောင့်မို့ စက်မှုဇုန်အသစ်တွေ ထပ်ပြီးတိုးချဲ့သွား ဖို့ရှိပါတယ်”ဟုပြောကြားခဲ့သည်။ စက်မှုဇုန်အသစ် တိုးချဲ့တည်ဆောက်ကြမည်ဆိုလျှင် ယင်းစက်မှုဇုန်ထဲတွင် စက်ရုံများလာရောက်ရင်းနှီးမြှုပ်နှံဖို့လိုသည်။ ထို့ကြောင့် စက်ရုံများတည်ဆောက်ပြီး ကုန်ထုတ်လုပ်မည့် Developer ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များကို ဖိတ်ခေါ်နေခြင်းဖြစ်သည်။

ထို့ပြင် ဝန်ကြီးဌာန၏အစီအစဉ်သည် စက်မှုဇုန်အသစ်များထပ်မံတည်ဆောက်ပြီးပါက လက်ရှိစက်မှုဇုန် အဟောင်းများတွင် လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များအား စက်မှုဇုန်အသစ်သို့ပြောင်းရွှေ့ရင်းနှီးလုပ်ကိုင်လိုပါကလည်း ခွင့်ပြုပေးဦးမည်ဟု သိရသည်။ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းကတော့ ယခုလို ဆက်ပြောထားသည်။ “ သို့သော် ကျွန်တော်တို့ အတွေ့အကြုံအရ Developer တွေ စက်မှုဇုန်တစ်ခုကို Develop လုပ်မယ်ဆိုပြီးတော့ ကိုယ်တကယ် လုပ်နိုင်စွမ်းမရှိဘဲနဲ့ အခွင့်အရေးကို ရအောင်ယူထားတယ်။ ပြီးတော့ လာပြီးရင်းနှီးမြှုပ်နှံမှုရှိလား၊ တစ်ယောက်ချင်း တစ်ယောက်ချင်းကို ခေါ်ပြီး နေရာပေးပြီး Develop လုပ်တယ်ဆိုတာ နည်းလမ်းမမှန်ပါဘူး။ အဲဒီတော့ Developer ပိုင်းကိုလည်း Consortium ဖြစ်ဖြစ် တကယ်လုပ်နိုင်စွမ်းရှိတဲ့သူတွေကိုပေးမယ်။ ဒါပေမယ့် အရင်တုန်းကလိုသူများအရင်းအနှီးကို ကိုယ့်အရင်းအနှီးဖြစ်တယ်ဆိုပြီး Develop လုပ်တာမျိုးကို လက်မခံပါဘူး။ တကယ်လုပ်နိုင်ရမယ်။ သတ်မှတ်ထားတဲ့ အချိန်ကာလအတွင်းလုပ်နိုင်ရမယ်။ ပြည်တွင်းကဖြစ်စေ၊ ပြည်ပကဖြစ်စေလုပ်ကိုင်ခွင့်ပေးမယ်”ဟု ပြောကြားထားသည်။

ယင်းသို့တိတိပပပြောကြားခြင်းသည်ပြည်တွင်းကလုပ်ငန်းရှင်အတုအယောင်များကို ကြိုတင်ကန့်သတ်ထားခြင်းလည်းဖြစ်မည်။ အမှန်တကယ်ကုန်ထုတ်လုပ်ခြင်းကို စိတ်မဝင်စားဘဲ စက်မှုဇုန်အသစ်ထဲက စက်ရုံတည်ဆောက်မည့်မြေကွက်များကြိုတင်လက်ဝါးကြီးအုပ်သိမ်းပိုက်ထားချင်သူ ငွေမည်းသမားများကို ကြိုတင်သတိပေးထားခြင်းလည်း ဖြစ်မည်ဟု ယူဆသည်။ မည်သို့ဖြစ်စေ မြန်မာနိုင်ငံတွင် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ထုတ်ကုန် Made in Myanmar အမှတ်တံဆိပ်များ အာဆီယံဈေးကွက်အတွင်း ထိုးဖောက်ရေးအတွက် စက်မှုဇုန်ဥပဒေပြဋ္ဌာန်းနိုင်ရေးနှင့် စက်မှုဇုန်အသစ်များ တည်ထောင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများက ကြိုးစားအားထုတ်မှုကို ကြိုဆိုရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Commerce ကာတွန်း



စာမျက်နှာ (၃) စက်သုံးဆီဈေးနှုန်းတည်ငြိမ်စေရေး ...... မှအဆက်

အဆိုပါ ဆုံးဖြတ်ဆောင်ရွက် ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ယခုအစည်းအဝေးတွင် တင်ပြဆွေးနွေးကြရန်နှင့် ဆောင်ရွက်ရန်ကျန်သည့် ကိစ္စရပ်များအပေါ် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စက်သုံးဆီဈေးနှုန်း တည်ငြိမ်မှန်ကန်စေရေး စီမံဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို အကြံပြုဆွေးနွေးပေးရန်ဖြစ်ကြောင်း မှာကြားပါသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း တာဝန်ရှိသူများနှင့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးသည့် ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရန်အတွက် မြေနေရာယူထားသည့် ကုမ္ပဏီ / အဖွဲ့အစည်း များမှ တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားမှု အခြေအနေများ၊ ဖြေရှင်းဆောင်ရွက်ပေးစေလိုသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးမှာကြားပြီး အဆိုပါ အစည်းအဝေးကို ၁၇း၀၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးသည့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေနေရာယူထားသည့် ကုမ္ပဏီ/အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**MOC(IR)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (၁)၊ BR (၂)၊ ၇ လွှာ | ၁၅၅၀ သိန်း | ဓာတ်လှေကားပါ၊ အဆင့်မြင့်ပြင်ပြီး | ၀၉/၅၁၁၇၂၆၂ |
| ၂။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၁၀၈၀ စ/ပေ | MB (၁)၊ BR (၁)၊ ၃ လွှာ | ၁၆၀၀ သိန်း | ဓာတ်လှေကားပါ၊ အဆင့်မြင့်ပြင်ပြီး | ၀၉/၅၁၁၇၂၆၂ |
| ၃။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း | ၆၅၀ စ/ပေ | (၄) လွှာ၊ အခန်းဖွဲ့ | ၃၈၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၄။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | (၁၅ x ၅၀)ပေ | (၆) လွှာ၊ အခန်းဖွဲ့ | ၂၇၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၅။ | မြေ | ရန်ကင်းမြို့နယ်၊ ဘောက်ထော် | (၄၅ x ၁၂၀)ပေ | မြေသီးသန့် | ၆၀၀၀ သိန်း | ဘိုးဘွားပိုင်မြေ | ၀၉/၉၇၆၂၁၁၂၃ |
| ၆။ | တိုက်ခန်း | တာမွေမြို့နယ်၊ မေတ္တာညွန့် | ၇၅၀ စ/ပေ | အခန်းဖွဲ့၊ လျှာထိုးခင်း (၄) လွှာ | ၄၃၀ သိန်း | | ၀၉/၄၅၂၁၉၄၄၃၉ |
| ၇။ | တိုက်ခန်း | ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း | (၁၅ x ၇၀)ပေ | အခန်းဖွဲ့၊ မြေညီ | ၁၅၅၀ သိန်း | | ၀၉/၄၅၂၁၉၄၄၃၉ |
| ၈။ | မြေ | ပုဂံမြို့ အနော်ရထာရပ်ကွက် | ၄၈၀၀ စ/ပေ | မြေသီးသန့် | ၂၂၀၀ သိန်း | လောကနန္ဒာ ဥယျာဉ်ရှေ့ | ၀၉/၄၅၂၁၉၄၄၃၉ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ဆင်ခေါင်းလေးရွာ | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၂၃၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |

## ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၇) မန္တလေးမြို့တွင် ဖွင့်လှစ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များ အောင်မြင်စေရန် အလေးထား ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုကဏ္ဍစဉ်ဆက်မပြတ် တိုးတက်စေရန်နှင့် လုပ်ငန်းရှင်များအား နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ကုန်သွယ်မှု အခြေခံသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်လျက်ရှိပါသည်။

သင်တန်းတွင် စီးပွားရေးလုပ်ငန်းရှင်များအား ကုန်သွယ်မှုနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန်အတွက် ကုန်သွယ်မှုဆိုင်ရာ ပညာရပ်များအားလုံးကို အသေးစိတ် သင်ကြားပို့ချမည်ဖြစ်သည့်အပြင် အကောက်ခွန်နှင့် ပြည်တွင်းအခွန်ဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာဘဏ်လုပ်ငန်းများ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေများ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကျွမ်းကျင် ပညာရှင်များက ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ပြီး လက်တွေ့သိရှိပြီး နားလည် နိုင်စေရန် လေ့လာရေးခရီးစဉ်များလည်း စီစဉ်ထားရှိပါသည်။

စီးပွားရေး စတင်လုပ်ဆောင်နေသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ စီးပွားရေးကို စိတ်ဝင်စားသော လူငယ်လူရွယ်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ ကုမ္ပဏီထူထောင်ရန် ရည်မှန်းထားသူများအနေဖြင့် ဤသင်တန်းကို တက်ရောက်သင့်ပါသည်။ ကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် ( ၇ )ကို ၂၀၁၈ ခုနှစ်၊ ဇွန် ၁ ရက်မှ စက်တင်ဘာလ ၃ ရက်အထိ စနေနေ့နှင့် တနင်္ဂနွေနေ့ ( ၂) ရက် (နံနက် ၀၉:၃၀ မှ ၁၂:၃၀ချိန်ထိ) ရက်သတ္တပတ် ၁၄ ပတ် ကြာမြင့်မည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်လိုသူများသည် ၃၅ လမ်း၊ ၆၃ x ၆၄ လမ်းကြား၊ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)သို့ လာရောက်စာရင်းပေးသွင်းနိုင်မည် ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၂-၃၉၂၇၅၊ ၀၉-၄၄၀၉၀၀၁၃၀၊ ၀၉-၂၅၉၀၂၁၂၆၅ များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(KTTA-MDY)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိဘောက် (၂၀၀၇) | F | ၁၄၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | နီဆန်းနတ် (၂၀၀၇) | E | ၁၃၅ သိန်း | 1.3 ဓာတ်ဆီ၊ ကားကောင်း၊ ရန်ကုန် |
| ၃။ | ပါဂျဲရိုး/အိုင်အို (၂၀၀၀) | D | ၁၄၅ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | အာရေပီ (၄) (၂၀၀၁) | E | ၂၁၅ သိန်း | 1.8 ဓာတ်ဆီ၊ နယ် |
| ၅။ | မတ်(စ်)တူး (၂၀၀၀) | D | ၁၉၅ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဟွန်ဒါဖစ်/ရှပ်တဲလ် (၂၀၁၁) | ယာယီ | ၂၈၈ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဝုရှ် (၂၀၀၃) | K | ၂၃၅ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဟွန်ဒါ/အင်ဆိုဒ် (၂၀၁၂) | စတိ | ၂၇၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | နွတ်(ချ်) (၂၀၀၂) | I | ၂၅၅ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |

## ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ သဃ်န်းကျွန်းမြို့နယ်ရှိ ရေနံ့သာဈေးနှင့် သဃ်န်းကျွန်းဈေးတို့တွင် အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများဆောင်ရွက်

ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရန်နှင့် စားသုံးသူပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ မေ ၈ရက်နှင့် ၉ရက်တို့တွင် သဃ်န်းကျွန်းမြို့နယ်ရှိ သဃ်န်းကျွန်းဈေးနှင့် ရေနံ့သာဈေးတို့တွင် အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိဒေါ်နွယ်ဇင်ဝင်းနှင့် ဒုတိယကြီးကြပ်ရေးမှူးဦးမောင်မောင်သောင်းတို့က အသိပညာပေးဟောပြောရာတွင် စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကျင့်ဝတ်သိက္ခာများ၊ အိမ်သုံးဆေးဝါးများ ဝယ်ယူအသုံးပြုရာတွင် အထူးဂရုပြု လိုက်နာရမည့်အချက်များ၊



Social Media မှ ဖြန့်ဖြူးရောင်းချလျက်ရှိသော ထုတ်ကုန်များ၏လုံခြုံစိတ်ချရမှု အားနည်းချက်များ၊ ယနေ့ခေတ်တွင် ခေတ်စားနေသော (Multi-level Marketing) ဆင့်ပွားကွန်ရက်ချိတ်ဆက် စီးပွားရေးစနစ်အပေါ် စားသုံးသူပြည်သူများ စဉ်းစားချင့်ချိန်၍ ရွေးချယ်သင့်ကြောင်း၊ ဈေးကွက်အတွင်း ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုရာ၌ စားသုံးသူပြည်သူများ နစ်နာမှုရှိခဲ့လျှင် တိုင်ကြားနိုင်သည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးခန်းဖွင့်လှစ်ထားရှိမှု အခြေအနေ၊ တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ စားသုံးသူများကို အကာအကွယ်ပေးနိုင်ရန် ရေးဆွဲထားသော စားသုံးသူ အကာအကွယ်ပေးဥပဒေအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ပြီး ဌာနခွဲစာရေး ဒေါ်မိုးမိုးကြည်နှင့် စာရင်းကိုင် (၃) ဒေါ်အေးအေးမော်တို့က ဟောပြောရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ကျန်၏ အန္တရာယ်များ၊ ဖော်မလင်၏ ဆိုးကျိုးများ၊ မှည့်ဆေး၊ ယင်မနားဆေးအသုံးပြုထားသော ထုတ်ကုန်များကို မည်ကဲ့သို့ ဂရုပြုဆင်ခြင်စားသုံးသင့်ကြောင်း၊ မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရသော ဓာတုဆိုးဆေးများအကြောင်းနှင့် ကျရောက်နိုင်သော ရောဂါဘယများအကြောင်း၊ ဈေးသူဈေးသားများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို တစ်ဆင့်ပြန်လည်ရောင်းချရာတွင် မူရင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများထံမှ နေရပ်လိပ်စာများကို ရယူထားရန် အရေးကြီးကြောင်း အသိပညာပေး ဟောပြောခဲ့ကြပါသည်။

ဟောပြောပွဲအပြီးတွင် အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာဝန်ထမ်းများနှင့် ဈေးဌာနတာဝန်ရှိသူများသည် အဆိုပါဈေးနှစ်ဈေးအတွင်း အစားအသောက်များနှင့် FDA မှ တားမြစ်ပိတ်ပင်ထားသော စားသောက်ကုန်များနှင့် လူသုံးကုန်များ ဖြန့်ဖြူးရောင်းချခြင်း ရှိ/မရှိကို ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **ဖြိုးသီဟ**

# International Trade Basic Course (Weekend Programme) (Batch-4) သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍရှိ စီးပွားရေးလုပ်ကိုင်သူများအား နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာ၊ ဗဟုသုတများ ရရှိရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များ၊ ကုန်သည်စီးပွားရေး လုပ်ငန်းရှင်သစ်များကို မွေးထုတ်ပေးနိုင်ရန် Trade Training Institute ကို ၂၀၁၂ ခုနှစ် ဧပြီလမှ စတင်ဖွင့်လှစ်ကာ နိုင်ငံတကာ ကုန်သွယ်မှုနှင့် ပတ်သက်၍ စာတွေ့/ လက်တွေ့များ ကျယ်ကျယ်ပြန့်ပြန့်သင်ကြားပို့ချပေးလျက်ရှိပါသည်။ ယခုအခါ International Trade Basic Course (Weekend Programme) (Batch-4) ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ပထမပတ်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခုတည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာ ကုန်သွယ်မှု သီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများအစ ရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည် ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာဟောပြောပွဲများ ကျင်းပပေးခြင်း၊ လေ့လာရေးခရီးစဉ်များစီစဉ်ပေးခြင်းတို့ သင်တန်းတွင် ပါဝင်မည်ဖြစ်ပါသည်။

သင်တန်းကို အမှတ် (၂၂၈-၂၄၀) ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် (၂) ရက် (စနေ၊ တနင်္ဂနွေ) (နံနက် ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ) ဖြင့် (၄)လကြာမြင့်မည်ဖြစ်ပါသည်။

သင်တန်းသားများ လက်ခံနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**တင်တင်လှ**

## ကွန်ပျူတာနှင့် နည်းပညာပြပွဲ (၂၀၁၈) မန္တလေးတွင်ကျင်းပ

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်များအသင်းတို့မှကြီးမှူး၍ ကွန်ပျူတာနှင့် နည်းပညာပြပွဲ (၂၀၁၈) မန္တလေး ဖွင့်ပွဲကို မေ ၅ ရက်က မန္တလေးမြို့တော်ခန်းမတွင် ကျင်းပခဲ့သည်။ ကွန်ပျူတာနှင့် နည်းပညာပြပွဲ (၂၀၁၈) မန္တလေးပြပွဲတွင် နည်းပညာ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ နည်းပညာ ထုတ်လုပ်မှုပြပွဲ၊ ဆော့ဖ်ဝဲလ် ရေးဆွဲခြင်းများ ပါဝင်ပြီး အထက်မြန်မာပြည်ရှိ နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ကွန်ပျူတာ လုပ်ငန်းရှင်များမှ ICT နည်းပညာ တိုးတက်ပြန့်ပွားစေရန် ရည်ရွယ်၍ စီစဉ်ကျင်းပခြင်းဖြစ်သည်။ ကွန်ပျူတာနှင့် နည်းပညာပြပွဲသို့ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီးကွန်ပျူတာ ပညာရှင်များအသင်း ဥက္ကဋ္ဌ ဦးဥက္ကာကျော်၊ ကွန်ပျူတာပညာရှင်များ အသင်းဥက္ကဋ္ဌ ဒေါ်သီရိခေတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ကွန်ပျူတာနှင့် နည်းပညာပြပွဲ (၂၀၁၈)တွင် မန္တလေး မြို့ရှိ ကွန်ပျူတာနှင့် နည်းပညာ ပစ္စည်းကုမ္ပဏီများမှ ပြခန်း ပေါင်း၅၀ကျော်ပြသထားပြီး ကွန်ပျူတာများ၊ လက်တော့ပ်များ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊ လုံခြုံရေးဆိုင်ရာ ပစ္စည်းများ၊ မာလ်တီမီဒီယာ ပစ္စည်းများအား ပြပွဲကာလအတွင်း အထူးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ နည်းပညာလေ့လာ လိုက်စားသူများ၊ ကျောင်းသားကျောင်းသူများ လာရောက် လေ့လာ ဝယ်ယူခဲ့ကြသည်။ ကွန်ပျူတာနှင့် နည်းပညာပြပွဲ (၂၀၁၈) မန္တလေးကို မေ ၅ ရက်မှ ၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီ အထိ ခင်းကျင်းပြသ ရောင်းချခဲ့ကြောင်း သိရသည်။ **သီဟကိုကို (မန္တလေး)**

# ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနတွင် Smart Business & Digital Transformation Seminar and Product Show Case ဟောပြောပွဲပြုလုပ်

ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာနအစည်းအဝေးခန်းမ(၁) တွင် Indra Solution နှင့် AIBI Institute တို့ ပူးပေါင်း ၍ Smart Business & Digital Trans-formation Seminar and Product Show Case ဟောပြောပွဲကို မေ ၅ ရက်က ကျင်းပပြုလုပ်ရာ ဖိတ်ကြားထားသော တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဌာနဆိုင်ရာများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ စီးပွားရေး အသင်းအဖွဲ့များ၊ Indra Solution မှ CEO နှင့် ဝန်ထမ်းများ၊ AIBI မှ တာဝန်ရှိသူများ၊ စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယတိုင်း ဦးစီးမှူး ဦးသိန်းနိုင်နှင့် လက်ထောက် ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့သည်။



ဟောပြောပွဲတွင် AIBI မှ ဦးမောင်မောင်ဦးက အဖွင့်အမှာစကား ပြောကြား၍ Indra solution Co.,Ltd.မှ CEO ဦးဇေယျာဝင့်က Digital Service များအတွက် Website ရေးဆွဲခြင်း၊ Domain အမည် ဝယ်ယူပေးခြင်း၊ Internet တွင် လွှတ်တင်မည့် နေရာဝယ်ယူပေးခြင်း၊ Google Search Engine တွင် ကြော်ငြာပေးခြင်း၊ Facebook Page တွင် လူသိများအောင် ကြော်ငြာပေးခြင်း၊ Facebook Page အား ကိုင်တွယ်ပေးခြင်း၊ Design ရေးဆွဲပေးခြင်း၊ ဆောင်းပါးများ ရေးပေးခြင်း၊ Email Marketing ပြုလုပ်ပေးခြင်း၊ Mobile App ရေးဆွဲခြင်း ဝန်ဆောင်မှုများ ပြုလုပ်ပေးနေပြီး Indra Convenience POS ကို သုံးခြင်းဖြင့် စာရင်းများအား အချိန်ကုန် သက်သာစွာ ဆောင်ရွက်နိုင်ပြီး ဝယ်သူများအား ဝန်ဆောင်မှု လျင်မြန်စွာ ပေးနိုင်၍ ကွန်ပျူတာ တွက်ချက်မှုဖြစ်သဖြင့် ကိန်းဂဏန်းများ အမှားအယွင်း နည်းပါးစွာ ဆောင်ရွက်နိုင်ခြင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများအား ကြိုတင်သိရှိ လျက်ကွန်ပျူတာ ဆော့ဖ်ဝဲလ်ဖြင့် စနစ်တကျ ဆောင်ရွက်နိုင်မှုကြောင့် လုပ်ငန်း လစ်ဟာမှုများ လျှော့ချနိုင်ပြီး နောက်ပိုင်း လုပ်ငန်းအတွက် အကျိုးဖြစ်စေမည့် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အထောက်အကူဖြစ်သော အစီရင်ခံစာများ တွက်ချက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမှာဖြစ်ကြောင်း ဟောပြော ဆွေးနွေးခဲ့ပြီး ဟောပြောပွဲသို့ တက်ရောက်လာသူများမှ သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **မင်းမင်းဦး(ပုသိမ်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

၁၄-၅-၂၀၁၈ မှ ၂၀-၅-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** မမျှော်လင့်သောငွေရတတ်ခြင်း၊ မပြီးပြတ်သေးသောကိစ္စများပြီးပြတ်အောင်လုပ်ကိုင်ဆောင်ရွက်ခြင်းမှ ငွေရရှိမည်။ မြေထွက်သီးနှံများမှအကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးပြင်ဆင်ထားသော်လည်း အခက်အခဲအနှောင့်အယှက်များကြောင့်ပူပန်နေရတတ်သည်။ ချစ်ရသူနှင့်သဘောထားကွဲလွဲမှုရှိနေလိမ့်မည်။ ကျန်းမာရေးတွင် ဒူးဆစ်၊ ခြေဆစ်များ၊ ခြေဖဝါးများ ထိခိုက်ဒဏ်ရာရတတ်သည်။ **ယတြာ။ ။သက်ကြီးသူများကို ဆေးဝါးလှူဒါန်းပါ။**



**တနင်္လာသားသမီးများအတွက်** ရေနှင့်ရေထွက်ပစ္စည်း၊ စားသောက်ကုန်လုပ်ငန်းများ အကျိုးပေးပါသည်။ ပညာရေးတွင် ဆရာသမားများ၏အားပေးမှုများကြောင့် ထွန်းပေါက်အောင်မြင်နိုင်ပါသည်။ အချစ်ရေးတွင်အချစ်ဦး၊ အိမ်ထောင်ဦးနှင့် လွဲရမလိုဖြစ်တတ်သည်။ ဒေါသကိုထိန်းနိုင်ခဲ့လျှင် အရာအားလုံးအဆင်ပြေသွား နိုင်ပါသည်။ ကျန်းမာရေးတွင်ထွေထွေထူးထူးပူပန်စရာမရှိနိုင်ပါ။ ရောဂါအသေးအမွှားလောက်သာဖြစ်တတ်ပါသည်။ **ယတြာ။ ။မိမိမွေးနံသားနှင့်ပြုလုပ်ထားသောပလ္လင်ကို ဘုရားရှင်အားလှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းတွင် အပြိုင်အဆိုင်၊ အတိုက်အခံနှင့်ပြေလည်အောင် ဆောင်ရွက်နိုင်စွမ်းရှိနေတတ်ပါသည်။ မိမိလုပ်ငန်းအတွင်း အိမ်ဆောက်ပစ္စည်းများ၊ လျှပ်စစ်ဆက်သွယ်ရေးလုပ်ငန်းများအကျိုးပေးပါသည်။ ပညာရေးကံကောင်းနေတတ်ပါသည်။ ချစ်ခင်သူပေါများပြီး ရွေးချယ်ရန်ခက်နေလိမ့်မည်။ အိမ်ထောင်ဖက်နှင့်အတူ ကြိုးစားအားထုတ်နေရတတ်သည်။ ကျန်းမာရေးအနေဖြင့် မျက်စိမှုန်ခြင်း၊ မျက်ရိုးကိုက်ခြင်း၊ လေထိုး၊ လေအောင့်ဝေဒနာဖြစ်တတ်ပါသည်။

**ယတြာ။ ။အရပ်ရှစ်မျက်နှာမေတ္တာပို့ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မမျှော်လင့်မရည်ရွယ်ဘဲအတိုက်အခံ အနှောင့်အယှက်များကြားမှ စီးပွားရေးကောင်းမွန်လာပါမည်။ စတိုးဆိုင်လုပ်ငန်း၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ အလှပြုပြင်ရေးလုပ်ငန်းများ အကျိုးပေးအားကောင်းတတ်ပါသည်။ ပညာရေးတွင် ရည်ရွယ်ချက်ကြီးကြီးမားမားထား၍ ဆုံးဖြတ်ချက်ခိုင်မာမှုရှိနေတတ်သည်။ မထင်မှတ်ဘဲ မိမိအားစိတ်ဝင်စားသူနှင့် ချစ်မိတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်သော ရောဂါကူးစက်ခံရတတ်သည်။

**ယတြာ။ ။ဘုရားတွင်သောက်တော်ရေကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လူသုံးကုန်ပစ္စည်းများနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ စီးပွားဖြစ်ထွန်းမှုအားကောင်းပါသည်။ ပညာရေးတွင်စွန့်စားလိုစိတ်ရှိနေလိမ့်မည်။ အချစ်ရေးတွင် ချစ်သူသဘောလိုက်လျောရတတ်သည်။ အိမ်ထောင်ရှိပြီးသူများသည် မိသားစုအရေးကိုရှေ့တန်းတင်၍ ကြိုးစားရမည်ဖြစ်သည်။ ကျန်းမာရေး အနေဖြင့် ရင်ဘတ်နာခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမဝခြင်းတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ။သံဃာတော်ကို ဖိနပ်လှူပါ။**



**သောကြာသားသမီးများအတွက်** တွင်းထွက်ရတနာပစ္စည်း၊ ကျောက်မျက်ရတနာတို့ရောင်းဝယ်ရေးလုပ်ကိုင်ပါက အောင်မြင်မှုများရရှိမည်ဖြစ်ပါသည်။ ပညာသင်ယူမှု ခက်ခဲကြန့်ကြာမှု၊ နှေးကွေးမှုရှိတတ်သည်။ အချစ်ရေးတွင် လေးလေးနက်နက်တည်ငြိမ်စွာ စဉ်းစားပြီးမှ ဆုံးဖြတ်ချက်ချလိမ့်မည်။ အိမ်ထောင်ရေးကံကောင်းပါသည်။ ကျန်းမာရေးအနေဖြင့် သွေးတိုး၊ ဆီးချိုဝေဒနာခံစားရတတ်သည်ကို သတိပြုပါ။

**ယတြာ။ ။ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်နေပါသည်။ သို့သော်လူပင်ပန်းနေလိမ့်မည်။ ပညာရေးတွင် အနှောင့်အယှက်ဖြစ်စေပါသည်။ အချစ်ရေးတွင် လေးနက်မှုမရှိဖြစ်နေမည်။ အပူမရှာလိုသော သဘောလည်းဖြစ်လိမ့်မည်။ အိမ်ထောင်ဖက်၏ လွှမ်းမိုးခြင်းခံရတတ်သည်။ ကျန်းမာရေးအနေဖြင့် စိတ်ထောင်း၍ကိုယ်ကျေဆိုသလို စိတ်ဖိစီးမှုများလာသည့်အခါ ရောဂါဝေဒနာတစ်ခုမဟုတ်တစ်ခု စွဲကပ်လာတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် မွှေးကြိုင်သင်းပျံ့သော ပန်းများကပ်လှူပါ။**

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ...... မှအဆက်

အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကဏ္ဍကြီး (၆) ရပ်ဖြစ်သော ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးရေး၊ ကုန်သွယ်မှုပညာပေးရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များအား ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ယခုထက်ပိုမိုဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အစိုးရသစ် (၂) နှစ်တာကာလအတွင်း အောင်မြင်မှုများသကဲ့သို့ အားနည်းချက်များလည်း ရှိပါကြောင်း၊ အောင်မြင်မှုများအနေဖြင့် ကုန်သွယ်မှုပမာဏ စံချိန်တင်တိုးတက်လာခြင်း၊ ဆန်တင်ပို့မှု ယခင်အမြင့်ဆုံး စံချိန်နီးပါး တင်ပို့နိုင်ခြင်းဖြစ်ပြီး ပို့ကုန်တင်ပို့ရန်အတွက် အရည်အသွေး၊ အချိန်မီ တင်ပို့နိုင်မှု၊ သယ်ယူပို့ဆောင် သိုလှောင်စရိတ်ကြီးမြင့်မှု စသည့် အားနည်းချက်များရှိကြောင်း၊ နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားတွင် ပြုပြင်ပြောင်းလဲမှု နှောင့်နှေးသည့် ဌာနများကို ကြပ်မတ်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ချမှတ်ထားသည့် ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများကို ဌာနဆိုင်ရာများက ဦးစားပေးအလိုက် အကောင်အထည်ဖော်ဖို့၊ နိုင်ငံ့ဝန်ထမ်းများ ယခင်ကဓလေ့သဖွယ် စွဲကပ်နေသည့် အဂတိလိုက်စားမှုများ ရှောင်ကြဉ်ဖို့၊ အနာဂတ်တွင် ပေါ်ထွန်းလာမည့် ဖက်ဒရယ် ပြည်ထောင်စု အုပ်ချုပ်ရေး စနစ်အတွက် ဗဟိုချုပ်ကိုင်မှု စနစ်တွေကို လျှော့ချဖို့ စသည်များကို လမ်းညွှန်ထားကြောင်း၊ ဌာနအလိုက် ချမှတ်ထားသည့် လုပ်ငန်းများကို အောင်မြင်အောင် တွန်းအားပေးမှ အောင်မြင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရန်လည်း လိုအပ်ကြောင်း၊ အကြီးတန်းအရာရှိများအနေဖြင့်လည်း အစိုးရ၏ပြောင်းလဲသည့် မူဝါဒများကို နားလည်ရမည်ဖြစ်ကြောင်း၊ (၆) လ ဘဏ္ဍာနှစ်လုပ်ငန်းများကို ကာလတို ဖြစ်သည့်အတွက် တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း အထူးစီးပွားရေးဇုန်များ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ကိစ္စရပ်များကို တာဝန်ခံဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိက ကဏ္ဍသည် ကျယ်ပြန့်ပြီး အခက်အခဲများရှိကြောင်း၊ အဆိုပါ အခက်အခဲများကို ဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက အမှာစကား ဆက်လက်ပြောကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသ ကုန်သွယ်ရေး စခန်းများမှ စခန်းတာဝန်ခံများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြည်နယ်/တိုင်းဒေသကြီး ဦးစီးမှူးများ၊ ဌာနခွဲအသီးသီးမှ ညွှန်ကြားရေးမှူးများအား မိမိတို့လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များ Power Point များဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆွေးနွေးရှင်းလင်းတင်ပြချက်များအပေါ် အမြဲတမ်းအတွင်းဝန်၊ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များမှ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားက အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးဒေါင့်မြို့နယ်တွင် လယ်ယာမြေ အဆင့်မြှင့်တင်ရန် သမဝါယမ ချေးငွေပေးအပ်

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးဒေါင့်မြို့နယ် သမဝါယမ အသင်းသားပိုင် လယ်ယာမြေများ အဆင့်မြှင့်တင်ခြင်းနှင့် ပံ့ပိုးချေးငွေပေးအပ်ပွဲကို မေ ၈ ရက်က ဒေါင့်ကြီးကျေးရွာအုပ်စု အညာစုကျေးရွာ၌ ကျင်းပခဲ့ပြီး ရှေးဦးစွာ ကန်ကြီးဒေါင့် မြို့နယ် သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းဆွေက လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ် ဥက္ကဋ္ဌ ဦးစောအင်ဒရူးပန်းက တောင်သူ ၃၆ ဦး၏ လယ်ယာမြေ ၂၈၅ ဧက အတွက် ပံ့ပိုးချေးငွေကျပ် သိန်း ၅၇၀ ပေးအပ်ရာ တောင်သူများက လက်ခံရယူခဲ့ပြီး တောင်သူဦးအောင်မြင့်ဆွေက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် တောင်သူဦးအောင်မြင့်ဆွေ၏ လယ်မြေ ၁၀ ဧက၌ လယ်ယာမြေ အဆင့်မြှင့်တင် ပြုပြင်လုပ်ဆောင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး အခမ်းအနားသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သမဝါယမ အသင်းသားများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဧရာမြေ (ပုသိမ်)**

# အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်များ မိတ်ဆက်ရှင်းလင်းတင်ပြခြင်းနှင့် မွန်ပြည်နယ် အသင်းခွဲဖြစ်မြောက်ရေး ဆွေးနွေးပွဲကျင်းပ

USAID နှင့် Intellectual Property Proprietor's Association Myanmar (IPPAM) တို့ ပူးပေါင်းကျင်းပသည့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်များ မိတ်ဆက်ရှင်းလင်း တင်ပြခြင်းနှင့် မွန်ပြည်နယ်အသင်းခွဲ ဖြစ်မြောက်ရေးဆွေးနွေးပွဲ အခမ်းအနားကို မေ ၆ ရက်က မော်လမြိုင်မြို့ Hetol K.S ၌ ကျင်းပ ပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် IPPAM ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့် မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးနေဇော်အောင်တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး IPPAM ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်က 'တီထွင်ဖန်တီးလူတို့ခရီး မူပိုင်ခွင့်သည်စည်း' ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ IPPAM အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်ဦးက 'စက်မှုဒီဇိုင်းနှင့် တီထွင်မှု မူပိုင်ခွင့်' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ IPPAM အလုပ်အမှုဆောင် ဦးမိုးမင်းသူက 'အသိဉာဏ်ပစ္စည်း ဆိုင်ရာလုပ်ငန်းရှင်များအသင်း မိတ်ဆက်ခြင်း' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ IPPAMတွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးအဲလ်ဘတ်ဇော်မင်းက 'ဒေသဆိုင်ရာအညွှန်း' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ IPPAM ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက အသိဉာဏ်ပစ္စည်းဆိုင်ရာ စီးပွားရေး အတွေ့အကြုံများအား ရှင်းလင်း ဝေမျှပါသည်။ ဆက်လက်၍ တက်ရောက်လာသူများမှ မေးမြန်းခြင်းအပေါ် တာဝန်ရှိသူများမှ အသီးသီး ပြန်လည်ရှင်းလင်းဖြေဆိုခဲ့ကြပြီး IPPAMအသင်းဖွဲ့စည်းနိုင်ရေး အတွက် စိတ်ပါဝင်စားသူများနှင့် ကုန်သည်လုပ်ငန်းရှင်များ စုစုပေါင်း ၂၀ ဦး အမည်စာရင်း ပေးသွင်းခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ မွန်ပြည်နယ်အတွင်းမှ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ IPPAMအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (စားသုံးသူ-မွန်)**

# တရုတ်နိုင်ငံထွက်ဆိုလာများအား ပြည်တွင်းရှိ Sandisolar ကုမ္ပဏီမှ ဖြန့်ဖြူးပေးသွားမည်

ပြည်တွင်းသို့ဝင်ရောက်လာမည့် တရုတ်နိုင်ငံမှ ဆိုလာပြားများကို Sandisolar ကုမ္ပဏီမှ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ဖြန့်ဖြူးရန်အတွက် Sandisolar အရောင်းပြခန်းသစ်ကို မေလ ၉ ရက်တွင် ရန်ကုန်မြို့ရှိ အလုံမြို့နယ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဆိုလာပြားများအပြင် အခြားသော အိမ်သုံးပစ္စည်းထုတ်ကုန်ဖြစ်သည့် HOMAGIC နှင့် Wistart အမှတ်တံဆိပ် ထုတ်ကုန်များကိုပါ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီအရောင်းပြခန်းမှာ Home System, Water Pant System, Agriculture System စတာတွေကို ဝန်ဆောင်မှုပေးပါတယ်။ မြန်မာပြည်ထဲကို စတင်ဝင်ရောက်လာစဉ်ကတည်းက ပြည်သူတွေရဲ့ လူနေမှုဘဝကိုဆိုလာနဲ့ ဝန်ဆောင်မှုပေးရတဲ့အတွက် ဝမ်းသာမိပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ Sandisolar အရောင်းပြခန်း နှစ်ခုဖွင့်ပြီးပါပြီ။ အခုရန်ကုန်က အရောင်းပြခန်းမှာ အမှတ်တံဆိပ်မျိုးစုံပေါင်းပြီး ဖွင့်တာပါ။ မန္တလေးမှာတော့ PV Product တစ်မျိုးတည်းကိုပဲ ရောင်းချပေးတာပါ" ဟု ဈေးကွက်ဖြန့်ဖြူးရေးတာဝန်ခံ Mr. Jiang Bin က ပြောသည်။

Sandisolar အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ၂၀၀၇ ခုနှစ်ကတည်းက စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းသို့ ရောက်ရှိလာသည့်ဆိုလာများဖြင့် လူဦးရေငါးသန်းအား ဆိုလာအသုံးပြုနိုင်ရန် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

# ဂျာမနီအခြေစိုက် Siemens ကုမ္ပဏီမှ အရှေ့တောင်အာရှတွင် ပထမဆုံးအရောင်းပြခန်းအဖြစ် ပြည်တွင်း၌ဖွင့်လှစ်

ဂျာမနီအခြေစိုက် လျှပ်စစ်ကုမ္ပဏီဖြစ်သည့် Siemens ကုမ္ပဏီမှ အရှေ့တောင်အာရှတွင် ပထမဆုံး အရောင်းပြခန်းအဖြစ် ရန်ကုန်မြို့ရှိ အလုံမြို့နယ်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ အရောင်းပြခန်းဖွင့်လှစ်ရခြင်းမှာ ၎င်းတို့၏ လျှပ်စစ်ထုတ်ကုန်ပစ္စည်းများကို မြန်မာပြည်ဈေးကွက်၌ ပိုမိုတိုးမြှင့် ရောင်းချနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး မြန်မာပြည်ကိုယ်စားလှယ်အဖြစ် Khin Maung Nyunt Trading Company Limited မှ ရရှိထားခြင်းဖြစ် ကြောင်း သိရသည်။

"Siemens ရဲ့ထုတ်ကုန်တွေကို လွန်ခဲ့တဲ့ ၁၅ နှစ်ကတည်းက ရောင်းရင်းနဲ့ ပါတနာဖြစ်သွားပြီး မြန်မာနိုင်ငံမှာ Under Licence နဲ့ ထုတ်လုပ်ဖြစ်တာ။ Siemens နဲ့ လုပ်တဲ့ပရောဂျက်တွေရှိသလို Technical နဲ့ပတ်သက်တာတွေအတွက်ကိုလည်း သူတို့ဘက်က ပညာရှင်တွေကိုခေါ်ပြီး ဒီကအင်ဂျင်နီယာတွေကို သင်ပေးပါတယ်။ အခုလိုကမ္ဘာကျော် ပြီး လူသိများတဲ့ Siemens အမှတ်တံဆိပ်နဲ့ ခင်မောင်ညွန့်ထရိတ်ဒင်းနဲ့ ပူးပေါင်းပြီး အရှေ့တောင်အာရှမှာ ပထမဆုံးဖွင့်လှစ်နိုင်တဲ့အတွက် ဝမ်းသာပါတယ်။ ဒီ Showroom မှာ ထုတ်ကုန်တွေနဲ့ နည်းပညာရပ်ဆိုင်ရာ Solution တွေကို Public နဲ့ Private Market နှစ်မျိုးစလုံးအတွက် ဖြည့်ဆည်းပေးသွားမှာပါ"ဟု Khin Maung Nyunt Trading Company Limited မှ MD ဦးခင်မောင်ညွန့်က ပြောသည်။

Siemens အရောင်းပြခန်းတွင် ၎င်း၏ထုတ်ကုန်များဖြစ်သည့် ထုတ်ကုန် ၇ မျိုးအပြင်အခြားသော ထုတ်ကုန်များကိုပါ ရောင်းချပေးမည်ဖြစ်ပြီး ပြည်တွင်းဈေးကွက်အတွက် အရည်အသွေးမြင့် ထုတ်ကုန်များကို အဓိကထား ဖြန့်ဖြူးရန်ရည်ရွယ်ထားကြောင်း သိရသည်။

Siemens အနေဖြင့်ပြည်တွင်း၌ အရောင်းပြခန်းဖွင့်လှစ်ခြင်းမှာ ထုတ်ကုန်ပစ္စည်းများ ရောင်းရန်တစ်ခုတည်းမဟုတ်ဘဲ လိုအပ်သည့် နည်းပညာပိုင်းများကိုပါ ကူညီပေးမည်ဖြစ်ကြောင်း၊ ကဏ္ဍအသီးသီး၌ လိုအပ်သည့် နည်းပညာအဖြေရှာမှုများအပြင် တကယ်လိုအပ်ပါက ကဏ္ဍကြီး၊ ကဏ္ဍငယ်များမှာပါ အကျိုးတူပူးပေါင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

# ဘန်ကောက်မြို့ရှိ ဇိမ်ခံကွန်ဒို ပရောဂျက်များအတွက် အရောင်းပြပွဲကျင်းပမည်

ဘန်ကောက်မြို့တွင် ရင်းနှီးမြှုပ်နှံရန်သင့်တော်သည့် ကွန်ဒိုပရောဂျက်များအတွက် ပြုလုပ်မည့် အရောင်းပြပွဲတွင် ဇိမ်ခံကွန်ဒိုများဖြစ်သည့် ကွန်ဒို ၆ ခုကိုပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။။

'အခုလုပ်မယ့်ပြပွဲမှာ အရင်ပွဲတွေနဲ့မတူဘဲ မြို့လယ်ခေါင်နဲ့ စီးပွားရေးအချက်အချာကျတဲ့ ဧရိယာမှာ ဆောက်ထားတဲ့ ကွန်ဒိုတွေကို ပြသသွားမှာပါ။ ထူးခြားချက်အနေနဲ့ ဒီကွန်ဒိုတွေမှာ အိမ်မွေးတိရစ္ဆာန် မွေးခွင့်ပြုထားတဲ့အတွက် တိရစ္ဆာန်ချစ်သူတွေအတွက် အဆင်ပြေစေပါတယ်။ နောက်ပြီး လူအများအသုံးပြုနိုင်တဲ့အခန်းမျိုးတွေ(ဥပမာ- Sky View ကြည့်ရှုနိုင်ခြင်း၊ ကာရာအိုကေသီဆိုနိုင်ခြင်း) ပြင်ဆင်ပေးထားတဲ့အတွက် လာရောက်နေထိုင်သူတွေ ကြိုက်နှစ်သက်မှာပါ။ စီးပွားရေးလုပ်ငန်းတွေက ပတ်ပတ်လည်မှာရှိလို့ ရေရှည်ရင်းနှီးမြှုပ်နှံလို့ သင့်တော်ပါတယ်။ လက်ရှိမှာလည်း တော်တော်များများ ဆောက်လုပ်ပြီးစီးနေသလို ရောင်းချတာတွေလည်း များနေပါပြီ။ ကာစတမ်မာတွေအတွက် ကိုယ်တိုင်ပဲ နေနေ ပြန်ပဲငှားငှား အကျိုးအမြတ်ရတဲ့ ပရောဂျက်တွေကိုပဲ မိတ်ဆက်ပေးတာပါ။ ပရောဂျက်ကာလကတော့ ၂၀၂၂ မှာပြီးမှာပါ။ ဘေးနားမှာ ဆေးရုံ ဆေးခန်း၊ ကျောင်း၊ ရှော့ပင်းစင်တာတွေနဲ့နီးတဲ့အတွက် အားလုံးနဲ့သင့်တော်ပါတယ်" ဟု Your Property Finder ကုမ္ပဏီမှ Sales & Marketing Manager ကိုကျော်ဇေယျာဦးက ပြောသည်။

အဆိုပါအရောင်းပြပွဲတွင် အထူးလျှော့ဈေးအဖြစ် သိန်း ၆၀ မှ ၁၀၀ အထိ ရနိုင်သည့် ပရိုမိုးရှင်းများ ပါဝင်ကြောင်း၊ ကွန်ဒိုတွင်လည်း ရေကူးကန် 5 Star အဆင့်ရှိ Lobby ဧည့်ခန်း၊ Sky View ကြည့်နိုင်မည့်နေရာ၊ အိမ်မွေးတိရစ္ဆာန်များအတွက်နေရာ အစရှိသည်တို့ ပါဝင်မည်ဖြစ်ပြီး မြန်မာငွေကျပ်သိန်းတစ်ထောင်ဝန်းကျင်မှ စတင်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အခန်းအကျယ်များမှာ အကျဉ်းဆုံး 25 sqm မှ အကျယ်ဆုံး 45/48 sqm ထိရှိပြီး ကြိုပွဲဝင့်ကွန်ဒို သဘောအရ ပထမဆုံး Down Payment အဖြစ် ၃၀ ရာခိုင်နှုန်းပေးချေရမည်ဖြစ်ကာ ပြီးစီးခါနီးအချိန်တွင် ကျန်ရှိသည့် ၇၀ ရာခိုင်နှုန်းကို ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအရောင်းပြပွဲကို မေလ ၁၉ နှင့် ၂၀ ရက်တွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး စတုတ္ထအကြိမ်မြောက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

# အဋ္ဌမအကြိမ်မြောက် အိမ်ခြံမြေ အရောင်းပြပွဲကို iMyanmarHouse.com မှ ကြီးမှူးကျင်းပ

အဋ္ဌမအကြိမ်မြောက် အိမ်ခြံမြေ အရောင်းပြပွဲကို iMyanmarHouse.com မှကြီးမှူး၍ မေလ ၁၁ ရက်မှ ၁၃ ရက်အထိ တပ်မတော်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတွင် တန်ဖိုးနည်းအိမ်ရာမှ နိုင်ငံတကာအဆင့်မီ ကွန်ဒိုများအထိ လေ့လာဝယ်ယူနိုင်ရန် အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးကုမ္ပဏီပေါင်း ၅၀ ကျော်မှ ဝင်ရောက်ပြသခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံသားတိုင်း အိမ်ပိုင်ဆိုင်နိုင်ရမည်ဆိုတဲ့ ဆောင်ပုဒ်အတိုင်းလစဉ် ဝင်ငွေရှိသူတွေ အိမ်ပိုင်ဆိုင်နိုင်စေဖို့ အမြဲကြိုးစားပေးနေပါတယ်။ ဒီပွဲမှာလည်း အိမ်ရာချေးငွေအတွက် KBZ, AYA နဲ့ ရိုးမဘဏ်တို့က ပါဝင်ကူညီထားပါတယ်' ဟု မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက ပြောသည်။

ပြပွဲအတွင်းကျပ်သိန်း ၂၀၀ ကျော်မှစသော တိုက်ခန်းများကို အထူးလျှော့ဈေးများ၊ အရစ်ကျစနစ်များဖြင့် ဝယ်ယူနိုင်စေရန် လုပ်ဆောင်ထားကြောင်း သိရသည်။




# Singtech ဖုန်း၏ ထုတ်ကုန်သစ် နှစ်မျိုးကို ပြည်တွင်းဈေးကွက်၌ စတင်မိတ်ဆက်




Singtech စမတ်ဖုန်း၏ထုတ်ကုန်သစ်နှစ်မျိုးဖြစ်သည့် Infinity i1 & iMix ဖုန်းသစ်များကို ပြည်တွင်းဈေးကွက်အတွင်း စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါဖုန်းနှစ်မျိုး မိတ်ဆက်ပွဲကို မေလ ၁၀ ရက်က ရန်ကုန်မြို့ရှိ Vintage Hotel တွင် ကျင်းပခဲ့သည်။

"အခုနောက်ဆုံးထွက်တဲ့ မော်ဒယ်နဲ့ ရှေ့မှာထွက်ထားတဲ့ မော်ဒယ်ကြားမှာ ကွာဟမှုရှိတယ်ဆိုပေမယ့် သုံးစွဲသူတွေအတွက် အဆင်ပြေစေမယ့် ဈေးနှုန်းနဲ့ ကွာလတီကောင်းကောင်းရအောင် လုပ်ပေးထားလို့ တခြားစမတ်ဖုန်းတွေနဲ့ ယှဉ်နိုင်မှာပါ။ ပြီးတော့ Singtech ရဲ့ Hardware နဲ့ Software ပိုင်းအတွက်လည်း အာမခံမှုအပြည့်အဝ ပေးပါတယ်။ ပေးရတဲ့ဈေးနဲ့တန်တဲ့ ကွာလတီကို ပြန်ရမှာပါ"ဟု Cyber City Co.,Ltd မှ Deputy Chief Operating Officer ကိုမျိုးမင်းက ပြောသည်။

Infinity i1 တွင် 5.5" HD Full View Display ကို သုံးထားပြီး Ram 2 GB + Rom 16 GB ကို သုံးပေးထားပါတယ်။ ကင်မရာပိုင်းတွင်လည်း အရှေ့ဘက်တွင် 13 MP နှင့် အနောက်ဘက်အတွက် 13MP+0.3 Dual Back ကင်မရာကို သုံးထားကြောင်း သိရသည်။

Infinity iMix တွင်မူ 5.7" HD Full View Display နှင့် Ram 2 GB + Rom 16 GB ကိုသုံးထားကာ အရှေ့ဘက်ကင်မရာအတွက် 8MP နှင့် အနောက်ဘက်အတွက် 13MP+0.3 Dual Back ကင်မရာကို သုံးထားကြောင်း သိရသည်။

ဖုန်းနှစ်လုံးစလုံးတွင် Finger Print စနစ်ပါဝင်ပြီး ဘက်ထရီကိုလည်း 3000 mAh သုံးပေးထားကြောင်း သိရသည်။ နှစ်မျိုးစလုံးအတွက် အပြာရောင်နှင့် အနက်ရောင်တို့ကို ရွေးချယ် ဝယ်ယူနိုင်ပြီး ဈေးနှုန်းအနေဖြင့် Infinity i1 ကို ကျပ် ၁၇၅၀၀၀ သတ်မှတ်ထားကာ Infinity iMix အတွက်ကိုမူ ကျပ် ၁၇၉၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ချောစု-စုစည်းသည်

# SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲပြုလုပ်

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (SMEs)များ ဖွံ့ဖြိုး တိုးတက်စေရန် လိုအပ်သောစီမံခန့်ခွဲမှု၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုယှဉ်တွဲ တည်ရှိမှု၊ Customer နှင့် ပြည်တွင်း ပြည်ပဈေးကွက်၊ လုပ်ကိုင်ဆောင်ရွက် ရမည့် နည်းလမ်းများကို မျှဝေခဲ့သည့် SME နှင့် ငွေရေးကြေးရေးကဏ္ဍဆွေး နွေးပွဲကို ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံ ကုန်သည်စက်မှု အသင်းချုပ်တွင် မေလ ၅ ရက်တွင် ပြုလုပ်ခဲ့သည်။

ပါမောက္ခ ဒေါက်တာအောင် ထွန်းသက်က စီးပွားရေးလုပ်ကိုင်လျှင် မိမိပတ်ဝန်းကျင်ကို အကျိုးပြုသောလုပ် ငန်းကောင်းတစ်ခုဖြစ်ရန်လိုအပ်ကြောင်း၊ ဘဏ္ဍာရေးလုပ်ငန်းများတွင် နည်း ပညာလိုအပ်မှု၊ စီးပွားရေးလုပ်ကိုင် ဆောင်ရွက်မည်ဆိုပါက အကျိုးအမြတ်၊ ပြည်သူနှင့် ပတ်ဝန်းကျင်ကို အဓိက ထား၍ ဆောင် ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ငွေရေးကြေးရေးကဏ္ဍအတွက် ဧရာဝတီဘဏ်မှ ချေးငွေရယူမည်ဆိုပါ က လုပ်ငန်းနှင့် အာမခံကို ကြည့်ရှုခြင်း၊ ချေးငွေဝန်ဆောင်မှုများ၊ Contract Financing တင်ဒါသဘောတူစာချုပ် ချေးငွေ၊ ကုန်သွယ်မှုနှင့် ပတ်သက် သော သဘောတူချေးငွေ စသည်ဖြင့် ဧရာဝတီဘဏ်၏လုပ်ငန်းဆောင်တာ များ၊ Financial Instrument များကို ဧရာဝတီဘဏ်တာဝန်ရှိသူများမှ ဆွေး နွေးတင်ပြခဲ့သည်။

မြန်မာနိုင်ငံ ကုန်သည်စက်မှု အသင်းချုပ် တွဲဖက်အထွေထွေ အတွင်း ရေးမှူး ဒေါ်ခိုင်ခိုင်နွယ်ကလည်း စီးပွား ရေး အောင်မြင်ဖို့အတွက် အဓိကကျ သည့် စွမ်းဆောင်ရည်မြှင့်တင်ရေး အတွက် ကုန်သည်စက်မှုအသင်းချုပ်မှ Soft Skill နှင့် Hard Skill သင်တန်းများ သင်ကြား၍ အကောင်းဆုံးမြှင့်တင် ပေးနေကြောင်း ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲကို ဧရာဝတီ ဘဏ်နှင့် မြန်မာနိုင်ငံ ကုန်သည်စက်မှု အသင်းချုပ်တို့မှ ကူညီပံ့ပိုးပေးခြင်း ဖြစ် ကြောင်း သိရသည်။

# နေရှင်နယ်ပန်နာဆိုးနစ်တည်ထောင်သူ မဆုရှိတကိုးနိုးစကေ့ အတ္ထုပ္ပတ္တိစာအုပ် မိတ်ဆက်လှူဒါန်း

အလင်းရောင်နှင့် အိပ်မက်အား နှစ်ပါင်းကိုးဆယ် စဉ်ဆက်မပြတ်ရှာဖွေခဲ့သူ၊ နေရှင်နယ်ပန်နာဆိုးနစ်ကုမ္ပဏီ တည်ထောင်သူ မဆုရှိတ ကိုးနိုးစကေ့ အတ္ထုပ္ပတ္တိစာအုပ် မိတ်ဆက်ပွဲနှင့် လှူဒါန်းပွဲအခမ်းအနားကို မေ ၁၀ ရက်က ရန်ကုန်မြို့ရှိ Central Hotel တွင် ကျင်းပပြုလုပ်ခဲ့သည်။

မဆုရှိတ ကိုနိုးစကေ့အတ္ထုပ္ပတ္တိ စာအုပ်ကို The Daido Life Foundation နှင့် Quality Publishing Houseတို့က ဂျပန်-မြန်မာယဉ်ကျေးမှု အစီအစဉ်အရ ထုတ်ဝေခြင်းဖြစ်ပြီး စာရေးဆရာ အောင်ကျော်ဟိန်းက ဂျပန်ဘာသာမှ မြန်မာ ဘာသာသို့တိုက်ရိုက်ဘာသာပြန်ဆိုပေးထားကြောင်း သိရသည်။




"ကျွန်တော်က စာပေလောကသားမဟုတ်ပေမယ့် မြန်မာနိုင်ငံက လူငယ်တွေကို ဂျပန်သူဌေးတစ်ဦးရဲ့ဘဝကို ဘယ်လိုရုန်းကန်လှုပ်ရှားပြီး အောင်မြင်အောင် တည်ဆောက် ခဲ့သလဲဆိုတာ သိစေချင်လို့ ဒီစာအုပ်ကို ဘာသာပြန် ဖြစ်ခဲ့ တာပါ။ ဒီစာအုပ်ကို ပြင်ပစာအုပ်ဆိုင်များမှာ ရောင်းချမှာ မဟုတ်ဘဲ လှူဒါန်းဖို့သာ ထုတ်ဝေထားခြင်း ဖြစ်ပါတယ်။ ကိုယ်တိုင်ကလည်း ဂျပန်ပြည်မှာ ဗိသုကာဘွဲ့ကို သင်ကြားခဲ့ တာဖြစ်လို့ ဘာသာပြန်တဲ့နေရာမှာလည်း အခက်အခဲမရှိခဲ့ပါ ဘူး။ ကိုယ့်မှာဘာမှ မရှိတာကို စိတ်အားမငယ်နဲ့၊ စိတ်ဓာတ် နဲ့ လုပ်နိုင်စွမ်းသာ အရေးကြီးဆုံးဆိုတာလေးကို Message ပေးတာကလည်း ဒီစာအုပ်ရဲ့ ရည်ရွယ်ချက်တစ်ခုပါ" ဟု စာရေးဆရာ အောင်ကျော်ဟိန်းက ပြောသည်။

ယခုစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ ရန်ကုန် တက္ကသိုလ်စာကြည့်တိုက်နှင့် မြန်မာနိုင်ငံတစ်ဝန်းရှိတက္ကသိုလ် များ၏ စာကြည့်တိုက်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်စာကြည့်တိုက်၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၊ ကိုယ်ထူကိုယ်ထ ပုဂ္ဂလိက စာကြည့် တိုက်များ၊ စာပေဗိမာန်စာကြည့်တိုက်နှင့် တပ်မတော်စစ်တက္က သိုလ်စာကြည့်တိုက်များသို့ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

# မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များအတွက် "Fly and Meet Double Bonus" အစီအစဉ်မိတ်ဆက်




မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ ထိုင်း နိုင်ငံသို့စီးပွားရေးဆိုင်ရာအစည်းအဝေး များနှင့် ဝန်ထမ်းခရီးစဉ်များလာရောက် ကျင်းပနိုင်ရန်အတွက် "Fly and Meet Double Bonus" အစီအစဉ် စတင်မိတ် ဆက်ခြင်းအခမ်းအနားကို မေ ၇ ရက်က ရန်ကုန်မြို့ Chatrium Hotel တွင် ပြုလုပ်ခဲ့သည်။ ယခုအစီအစဉ်ကို ထိုင်းနိုင်ငံဆိုင်ရာပြပွဲနှင့် ညီလာခံဌာန (TCEB)နှင့် ဘန်ကောက်အဲဝေးလေကြောင်းလိုင်းတို့မှ ပူးတွဲပရိုမိုရှင်းပြုလုပ် ခြင်းဖြစ်ကြောင်း သိရသည်။

"အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ မြန်မာ၊ လာအိုနဲ့ ဗီယက် နမ်နိုင်ငံဈေးကွက်တွေနဲ့ ပူးပေါင်းကာ ထိုင်းနိုင်ငံကို စနစ်တကျတိုးတက်စေရန် ရည်ရွယ်ပြီး ဘန်ကောက်အဲဝေးလေကြောင်းလိုင်းနဲ့ ယခုလိုပူးပေါင်းဆောင် ရွက်တာဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ စီးပွားရေးဆိုင်ရာအစည်းအဝေးများ (Meetings)၊ ကုမ္ပဏီဝန်ထမ်းခရီးစဉ်များ (Incentive Travels)၊ ညီလာခံများ (Conventions)နဲ့ပြပွဲ(Exhibitions) ကဏ္ဍတွေကို မြှင့်တင်နိုင်ရန် ပုဂ္ဂလိက ကဏ္ဍနဲ့ နီးကပ်စွာလုပ်ဆောင်ခြင်းကလည်း TCEB ရဲ့ မူဝါဒတစ်ခုဖြစ်ပါတယ်" ဟု TCEB ဥက္ကဋ္ဌ၏ ကိုယ်စားလှယ် Mr.Puripan က ပြောသည်။

၂၀၁၇ခုနှစ်အတွင်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံ တို့မှ စီးပွားရေးခရီးသွားများ ထိုင်းနိုင်ငံသို့ဝင်ရောက်မှုမှာ ၂၄ ရာခိုင်နှုန်းခန့်မြင့် တက်ခဲ့ကြောင်း သိရသည်။

ယခုပရိုမိုးရှင်းအစီအစဉ်အတွက် ထိုင်းနိုင်ငံသို့ စီးပွားရေးအရသွားရောက် မည့်ခရီးသည် အနည်းဆုံး ငါးဆယ်ဦး ပါရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံများ မှ ထိုင်းနိုင်ငံသို့ ဘန်ကောက်အဲဝေးလေကြောင်းလိုင်းဖြင့် ပျံသန်းခြင်း၊ သတ် မှတ်ထားသောဟိုတယ်တွင် အနည်းဆုံးနှစ်ညတည်းခိုခြင်း(သို့) Thailand MICE Venue Standard အသိအမှတ်ပြုနေရာတွင် ပွဲကျင်းပခြင်းတို့ကို ပြုလုပ် ရမည်ဖြစ်သည်။

ယခုပရိုမိုးရှင်းအစီအစဉ်အရ စီးပွားရေးခရီးသည်များ သုဝဏ္ဏဘူမိ လေဆိပ် လူဝင်မှုကြီးကြပ်ရေးဌာနကိုဖြတ်သန်းရာတွင် အထူးလမ်းကြောင်းဖြင့် မြန်ဆန် စွာပို့ဆောင်ပေးခြင်း၊ အဖွဲ့တစ်ဖွဲ့လျှင် ထိုင်းဘတ်သုံးသိန်းနှုန်းနှင့် ညီမျှသော ခရီးသွားဆိုင်ရာဝန်ဆောင်မှုများကို ပြုလုပ်ပေးခြင်း၊ ဘန်ကောက် အဲဝေးမှ ခရီးသည်ငါးဆယ်ပါအဖွဲ့တိုင်းကို သတ်မှတ်ထားသောဝန်ဆောင်မှုများ ပေးအပ်ခြင်း စသည့်အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

# MPT မှ သုတမြေ App နှင့် Gameloft မိုဘိုင်းဂိမ်း ဝန်ဆောင်မှု ထပ်မံတိုးမြှင့်

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း (MPT) မှ သုတမြေ Application နှင့် Gameloft မိုဘိုင်းဂိမ်းဝန်ဆောင်မှုကို ထပ်မံပေးအပ်လိုက်ပြီဖြစ်ကြောင်း မေ ၁၀ ရက်က ရန်ကုန်မြို့ရှိ MPT ရုံးချုပ် တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ မှ သတင်းရရှိသည်။

သုတမြေ Application တွင် တောင်သူကြီးများအတွက် လိုအပ်နေ သော သတင်းအချက်အလက်များဖြစ် သည့် ဒေသထွက်ကုန်စည်ဈေးနှုန်းများ၊ မိုးလေဝသနှင့် ကျန်းမာရေး၊ သတင်း နှင့် အခြားဝန်ဆောင်မှုများကို အလွယ် တကူရရှိနိုင်မည်ဖြစ်ကာ လယ်ယာမြေ အထွက်နှုန်းကောင်းရန်နှင့် စိုက်ပျိုးရေး ဆိုင်ရာ နည်းပညာအသစ်များကို လေ့လာနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် လူကြိုက်များနေသည့် မိုဘိုင်းလ်ဂိမ်း များဖြစ်သည့် Asphalt၊ Real Football၊ Modern Combat အစရှိသော ဂိမ်းများ ကို Gameloft မှတစ်ဆင့် ရယူကစားနိုင် မည်ဖြစ်ကြောင်းသိရသည်။

"တောင်သူဦးကြီးတွေအနေနဲ့ မြန်မာဘာသာနဲ့ အဆင်ပြေလွယ်ကူစွာ ဖတ်ရှုနိုင်ဖို့ရယ်၊ အထွက်နှုန်း တိုးစေ မယ့် လမ်းညွှန်ချက်တွေကို သုတမြေမှာ ထည့်သွင်းထားပါတယ်။ မိုဘိုင်းဂိမ်းကို နှစ်သက်သူတွေအတွက် Gameloftရဲ့ အရည်အသွေးမြင့် ဂိမ်းတွေကို ကစား နိုင်မှာဖြစ်ပါတယ်။ MPT သုံးစွဲသူတွေ အနေနဲ့လည်း ကျွန်တော်တို့ရဲ့ ကောင်း မွန်တဲ့ ထပ်ဆောင်းဝန်ဆောင်မှုတွေကို နှစ်သက်မယ်လို့ မျှော်လင့်မိပါတယ်" ဟု MPT-KSGM Joint Operations ၏ Chief Commercial Officer ဖြစ်သူ Mr. Reizo Umeda က ပြောသည်။

သုတမြေ Application ဝန်ဆောင် မှုအတွက် တစ်ရက်လျှင် ၁၀၅ ကျပ် (ကုန်သွယ်ခွန်ပါဝင်ပြီး)ကျသင့်မည်ဖြစ် ပြီး သုတမြေသုံးစွဲသူများအတွက် တစ်ပတ် တာ အခမဲ့သုံးစွဲခွင့်ရရှိမည် ဖြစ်ကြောင်း သိရသည်။

Gameloft ဝန်ဆောင်မှုအတွက် တစ်ရက်လျှင် ကျပ် ၂၀၀ ဖြင့် ရယူနိုင်ပြီး In-App Purchases ဝယ်ယူခြင်းကို ၁၀၅ ကျပ်မှစတင်ကာ ဝယ်ယူနိုင်မည် ဖြစ်ပြီး ပထမဦးဆုံးစတင်သုံးစွဲသော MPT သုံးစွဲသူများအတွက် အခမဲ့ ၇ ရက် သုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ထပ်တိုး ဝန်ဆောင်မှုများအတွက် အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၁၀၆ (သို့မဟုတ်) MPT ၏ တရားဝင် ဖေ့စ်ဘုတ်စာမျက်နှာတွင် ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

သန်းထိုက်အောင်-စုစည်းသည်



## မြို့ကြီးများ၏ ၁၄-၅-၂၀၁၈ မှ ၁၈-၅-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | ၁၄-၅ -၂၀၁၈(တနင်္လာ) | ၁၅-၅-၂၀၁၈(အင်္ဂါ) | ၁၆-၅-၂၀၁၈(ဗုဒ္ဓဟူး) | ၁၇-၅-၂၀၁၈(ကြာသပတေး) | ၁၈-၅-၂၀၁၈(သောကြာ) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F |
| ရန်ကုန်မြို့ | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F |
| မန္တလေးမြို့ | ၈၀% ၃၃°C/၉၂°F | ၃၀% ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F |
| မြစ်ကြီးနား | ၄၀% ၃၂°C/၈၉°F | ၅၀% ၃၁°C/၈၈°F | ၄၀% ၃၂°C/၉၀°F | ၂၀% ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| လားရှိုး | နေသာ ၃၀°C/၈၆°F | ၄၀% ၃၀°C/၈၆°F | ၅၀% ၃၁°C/၈၇°F | ၅၀% ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F |
| လွိုင်ကော် | နေသာ ၃၁°C/၈၇°F | ၄၀% ၃၅°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၀°F |
| တောင်ကြီး | ၅၀% ၁၉°C/၆၇°F | ၈၀% ၁၈°C/၆၅°F | ၄၀% ၁၉°C/၆၇°F | ၅၀% ၁၇°C/၆၃°F | တိမ်အသင့်အတင့် ၁၈°C/၆၄°F |
| မော်လမြိုင် | နေသာ ၃၂°C/၈၉°F | ၅၀% ၃၁°C/၉၀°F | ၄၀% ၃၂°C/၉၀°F | ၅၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| ဘားအံ | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |
| တောင်ငူ | တိမ်အသင့်အတင့် ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F |
| မုံရွာ | နေသာ ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F |
| ပုသိမ် | ၂၀% ၁၉°C/၆၇°F | ၂၀% ၁၈°C/၆၅°F | ၁၀% ၁၉°C/၆၆°F | တိမ်အသင့်အတင့် ၁၇°C/၆၃°F | တိမ်အသင့်အတင့် ၁၈°C/၆၄°F |
| မြိတ် | ၈၀% ၃၂°C/၈၉°F | ၉၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၅၀% ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F |
| စစ်တွေ | ၄၀% ၃၁°C/၈၇°F | ၅၀% ၃၁°C/၈၇°F | ၅၀% ၃၁°C/၈၈°F | ၂၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| မကွေး | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F |
| ဖလမ်း | ၉၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၃°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၅°C/၇၇°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F |

# တရုတ်နိုင်ငံက မြေလျှောကြိုတင်သတိပေး စနစ်ကို တည်ဆောက်

တရုတ်နိုင်ငံ အနောက် တောင်ပိုင်းဒေသ စီချွမ်ပြည်နယ် မြို့တော် ချန်ဒူးတွင် မြေလျှောကြိုတင်သတိပေးစနစ်ကို တည်ဆောက်ခဲ့ကြောင်းနှင့် ယင်းစနစ်ကို ဆောင်ရွက်ရာတွင် အသံလွှင့်စနစ်အမျိုးမျိုးကိုအသုံးပြုပြီး ဆိုက်စမစ်လှိုင်းများ ရောက်ရှိမလာမီ စက္ကန့်အနည်းငယ် ကြိုတင်၍ ဒေသခံတို့အား သတိပေးသွားမည်ဖြစ်ကြောင်း ရှင်ဟွာသတင်းတွင် ဖော်ပြထားသည်။

မေ ၉ ရက်ကပြုလုပ်သော ငလျင်အစမ်းလေ့ကျင့်ခန်းတွင် ချန်ဒူးနည်းပညာ အဆင့်မြင့်ခရိုင်အတွင်း နေထိုင်ကြသော ဒေသခံအဖွဲ့အစည်း ၆၀ တို့ထံသို့ ရေဒီယို၊ တယ်လီဗွီးရှင်းနှင့် ဆဲလ်ဖုန်းများမှ တစ်ဆင့် ကြိုတင်အချက်ပေးစနစ်ကို ထုတ်လွှင့်ပေးသည်။

" မြေလျှော ကြိုတင်အချက်ပေးစနစ်ဆိုတာက ငလျင်ကိုကြိုတင်ခန့်မှန်းတဲ့စနစ် မဟုတ်ပါဘူး။ ရေဒီယိုလှိုင်းတွေက ဆိုက်စမစ်ငလျင်လှိုင်းတွေထက် ရွေ့လျားမှုနှုန်းပိုမြန်တယ်။ ဒါကြောင့် ငလျင်မလှုပ်မီစက္ကန့်အနည်းငယ် ကြိုတင်သတိပေးနိုင်မယ်ဆိုတဲ့ သီအိုရီကိုအခြေခံပြီး ဆောင်ရွက်ကြတာပါ" ဟု စီချွမ်ပြည်နယ် ဓာတ်ခွဲစမ်းသပ်ခန်းနှင့် ချန်ဒူးအဆင့်မြင့်နည်းပညာ သဘာဝဘေးဒဏ် လျှော့ကျရေးဌာန အကြီးအကဲ ဝမ်ထွန်းကပြောသည်။

ဆိုက်စမစ်ငလျင်ကွန်ရက်နှင့် ဆက်သွယ်ထားသော ယခုစနစ်က Internet of Things မှ ခေတ်မီနည်းပညာကိုအသုံးပြုလျက် ငလျင်လှိုင်းများကို ဖမ်းမိသောအခါ သတိပေးချက်များကို ထုတ်လွှင့်ပေးသည်။ ထို့ကြောင့် ဒေသတွင်းနေထိုင်သူတို့သည် နားခိုစရာနေရာများသို့ သွားရောက်နိုင်ရန် စက္ကန့်အနည်းငယ် အချိန်ပိုရသည်။

မြေလျှောလှုပ်မည်ကို သုံးစက္ကန့် ကြိုတင်၍ သိမည်ဆိုပါက သေကျေပျက်စီးမှုကို ၁၄ ရာခိုင်နှုန်း၊ ၁၀ စက္ကန့်ဆိုပါက ၃၉ ရာခိုင်နှုန်းနှင့် ၂၀ စက္ကန့်ဆိုပါက ၆၃ ရာခိုင်နှုန်းလျှော့ချနိုင်ကြောင်း ငလျင်သုတေသနလုပ်ငန်းများအရ သိရသည်။

ဓာတုဗေဒလုပ်ငန်း၊ ချူကလီးယား လုပ်ငန်း၊ မြန်နှုန်းမြင့် မီးရထားလမ်းနှင့် မြို့ပြစနစ်များကဲ့သို့သော အရေးပါသည့်ကဏ္ဍများအတွက် မြေလျှောကြိုတင်သတိပေးစနစ်က ဆုံးရှုံးမှုများကို ကာကွယ်နိုင်ပြီး ငလျင်မှတစ်ဆင့် ဖြစ်ပေါ်မည့် ဘေးအန္တရာယ်များကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဝမ်က ပြောသည်။

**စံမီအောင်**

# အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ပြင်းထန်သော ဖုန်မုန်တိုင်းနှင့် မိုးရွာသွန်းမှုကြောင့် လူ ၁၁ ဦးသေဆုံး

အင်အားပြင်းထန်သော ဖုန်မုန်တိုင်းနှင့် မိုးရွာသွန်းမှုကြောင့် အိန္ဒိယ နိုင်ငံမြောက်ပိုင်းတွင် အိမ်များပြိုလဲကာ ဓာတ်အားလိုင်းများ ပျက်စီးခဲ့ပြီး အနည်းဆုံးလူ ၁၁ ဦး သေဆုံးခဲ့ကြောင်း မေ ၁၀ ရက်တွင် အရာရှိတစ်ဦးကပြောသည်။ ယခုအဖြစ်အပျက်မှာ အလားတူ ဒေသအတွင်းမှာပင် အခါမဲ့မိုးရွာသွန်းမှုများကြောင့် သေဆုံးမှုနှင့် ပျက်စီးမှုများ ပထမအကြိမ်ဖြစ်ပေါ်ခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်အကြာတွင် ဖြစ်ပျက်ခြင်းဖြစ်သည်။

လေတိုက်ခတ်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ (မိုင် ၆၀) နှုန်းရှိပြီး ဥတ္တရပရာဒေ့ရှ်ပြည်နယ် အနောက်ပိုင်းတွင် မေ ၉ ရက်ညက မုန်တိုင်းဒဏ်ကိုခံခဲ့ရသည်။ မုန်တိုင်းဒဏ်ကြောင့် သစ်ပင်များပြိုလဲကာ ရွှံ့ဖြင့်မံထားသော အိမ်များနှင့် တိုက်အိမ်များ ပျက်စီးခဲ့ကြောင်း ပြည်နယ်အရာရှိတစ်ဦးဖြစ်သူ အမာနစ်အာဝါရှသီက ပြောသည်။ မြေမှကျွတ်ထွက်နေသော လျှပ်စစ်တိုင်များနှင့် ပြုတ်ကျနေသော ဝါယာကြိုးများကြောင့် ရွာများနှင့်မြို့များကို မှောင်အတိကျသွားစေခဲ့သည်။ သေဆုံးသူများအပြင် ဒဏ်ရာရသူများလည်း ၂၅ ဦး ရှိခဲ့သည်။

နယူးဒေလီနှင့် မြောက်ပိုင်း ဟီမာချာပရာဒေ့ရှ်နှင့် အနောက်ပိုင်း ရာဂျက်စသန်ပြည်နယ်များမှာ မုန်တိုင်းတိုက်ခတ်ခဲ့သော်လည်း သေကျေပျက်စီးမှုစာရင်းကို လတ်တလော မရရှိသေးကြောင်း မြောက်ပိုင်း အိန္ဒိယဒေသတွင် မုန်တိုင်းတိုက်ခတ်သည့် အခြေအနေများ လျော့ကျနေပြီဖြစ်ကြောင်း အိန္ဒိယ မိုးလေဝသဌာနကပြောသည်။

မေ ၉ ရက်ညက အီတာဝါခရိုင်တွင် လူလေးဦး၊ မာသူရာခရိုင်တွင် လူသုံးဦး၊ အဂ္ဂရာ၊ အလီဂတ်၊ ကန်ပူနှင့် ဖီရိုဇာဘတ်မြို့တို့တွင် တစ်ဦးစီ သေဆုံးခဲ့ကြောင်း အဝါရှသီကပြောသည်။

အခါမဲ့တိုက်ခတ်သော ဖုန်မုန်တိုင်းများနှင့် မိုးသက်မုန်တိုင်းများကြောင့် လွန်ခဲ့သော ရက်သတ္တတစ်ပတ်ခန့်က အိန္ဒိယပြည်နယ် ငါးခုတွင် လူ ၁၂၀ ကျော် သေဆုံးပြီး လူ ၂၀၀ ဒဏ်ရာရခဲ့သည်။

**စံမီအောင်**

# ပခုက္ကူခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၅/၂၀၁၈)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ပခုက္ကူခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၅/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၄ ရက်တွင် ပခုက္ကူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်နှင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များအားလုံးနှင့်အတူ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများစုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ပခုက္ကူခရိုင်၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုသက်ဝင်လှုပ်ရှားနိုင်ရေးအတွက် ဌာနဆိုင်ရာများအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့ပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးသန်းဦးက မိမိတို့ဌာနသည် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကိုသာမက ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်နေသည့်အတွက် စားသုံးသူများ ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရန် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများလည်း ပြုလုပ်လျက်ရှိကြောင်း၊ ရေစကြိုမြို့နယ် ငါးမြာလေးကျေးရွာရှိ ကုန်စုံဆိုင်များတွင် စစ်ဆေးရာ စီးကရက်ပုံစံချိုချဉ်တောင့်များလည်း တွေ့ရှိခဲ့ကြောင်း၊ မြင်းခြံမြို့မှဝယ်ယူသည်ဟု သိရှိခဲ့ကြောင်း၊ မကြာမီကျောင်းများဖွင့်တော့မည်ဖြစ်၍ ကျောင်းမုန့်ဈေးတန်းများတွင် စီးကရက်ပုံစံချိုချဉ်တောင့်များ တွေ့ရှိလျှင်လည်း မိမိတို့ဌာနသို့အမြန်ဆုံး အကြောင်းကြားစေလိုကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ယခင်လ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ယခုလ လုပ်ဆောင်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းခဲ့ပြီး ညွှန်ကြားစာများကို ဖတ်ကြားရှင်းလင်းဆွေးနွေးခဲ့ပါသည်။



ဆက်လက်၍ တက်ရောက်လာသော ဌာနဆိုင်ရာများမှ သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် အကြံပြုဆွေးနွေးရာ ကျောင်းဖွင့်ရာသီရောက်ရှိတော့မည်ဖြစ်၍ ကျောင်းမုန့်ဈေးတန်းများတွင် လုံခြုံစိတ်ချရမှုရှိသော အစားအစာများကို ရောင်းချရန်လိုအပ်ကြောင်း၊ အရောင်ပါအချိုရည်များ၊ တုတ်ထိုးချိုချဉ်များ မရောင်းချရန်၊ အစားအသောက်အပူများကို ကျွတ်ကျွတ်အိတ်၊ ဖော့ဘူးများဖြင့်မသုံးစွဲရန်၊ အသုပ်ဆိုင်များတွင် မှိုတက်နေသော ငရုတ်သီးများကိုလည်း ကင်ဆာရောဂါဖြစ်စေနိုင်သောကြောင့် မသုံးစွဲရန်၊ စားသုံးရန်မသင့် အစားအသောက်များကို ဆက်လက်ရောင်းချနေသော ဈေးဆိုင်များအား စာသင်ကျောင်းအတွင်း ရောင်းချခွင့်မပေးရန်၊ တောင်တွင်းကြီးမှာ မုန့်တိုက်ပွဲပြုလုပ်သလို ပခုက္ကူခရိုင်အတွင်းကိုလည်း မုန့်တိုက်ပွဲလုပ်စေလိုကြောင်း၊ ရေသန့်စက်ရုံများကိုလည်း မကြာခဏ ဝင်ရောက်စစ်ဆေးလျှင် လုံခြုံစိတ်ချရမှုရှိနိုင်ကြောင်းတို့ကို ဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။**သူဇာကျော်(ပခုက္ကူ)**

## မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများအကြောင်း အသိပညာပေးခြင်းနှင့် ကုန်ပစ္စည်းအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်းကျင်းပ

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် လယ်ယာထွက်ကုန်သီးနှံများအား စိုက်ပျိုးထုတ်လုပ် တင်ပို့မှုသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ လယ်ယာထွက်ကုန်သီးနှံများ၏ ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် အရည်အသွေးအဆင့်အတန်း တိုးတက်ကောင်းမွန်စေခြင်းဖြင့် ပြည်ပဈေးကွက် ထိုးဖောက်တင်ပို့မှုကို အထောက်အပံ့ပြုမည့်အပြင် ပြည်တွင်းရှိ စားသုံးသူများ၏ ဘေးအန္တရာယ်ကင်းရှင်းမှုကိုလည်း ရရှိစေမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ပြည်ပတင်ပို့ခဲ့သော လယ်ယာထွက်ကုန်သီးနှံအချို့၌ ပိုးသတ်ဆေးကြွင်းပါဝင်မှုသည် သတ်မှတ်နှုန်းထားထက်ကျော်လွန် လျက်ရှိကြောင်းသိရှိရသည့်အတွက် မေ ၁၁ ရက်၌ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးနှင့် ဓါတ်မြေဩဇာများအကြောင်း အသိပညာပေးခြင်းနှင့် ကုန်ပစ္စည်းအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်းအား ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါသင်တန်းသို့ ခရိုင်မြို့နယ်များမှ တာဝန်ခံများ၊ ဝန်ထမ်းများတက်ရောက်ခဲ့ကြပြီး စုစုပေါင်း သင်တန်းသူ/သား ၆၃ဦး တက်ရောက်ခဲ့ကြပါသည်။

ထိုသင်တန်းတွင် ပိုးသတ်ဆေးကို စနစ်တကျအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်နည်းများ၊ ပိုးသတ်ဆေး၏ အန္တရာယ်များ၊ ပိုးသတ်ဆေးကြွင်းပါဝင်မှု မြင့်မားရသည့်အကြောင်းရင်းများ၊ ခန္ဓာကိုယ်အတွင်းပိုးသတ်ဆေး ဝင်ရောက်နိုင်မှုအခြေအနေ၊ ပိုးသတ်ဆေးဝင်ရောက်မှု လက္ခဏာများ၊ ပိုးသတ်ဆေး၏ ဆိုးကျိုးများ၊ ပိုးသတ်ဆေးကို စနစ်တကျကိုင်တွယ်ရမည့်အချက်အလက်များ၊ ပိုးသတ်ဆေးဝယ်ယူခြင်းနှင့် ပိုးသတ်ဆေးဖျော်စပ်ရာတွင် လိုက်နာရမည့်အချက်များ၊ ဆေးမဖျန်းမီနှင့် ဆေးဖျန်းစဉ်အတွင်း လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် မြေဩဇာဥပဒေနှင့် မြေဩဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်းကို အသေးစိတ် Power Point များဖြင့် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သင်တန်းသို့စေလွှတ်ခဲ့သူများက ပြန်လည်ရှင်းလင်းပို့ချခဲ့ကြောင်း သတင်းရရှိပါသည်။

ထိုသို့ဆင့်ပွားသင်တန်းပြုလုပ်ခြင်းဖြင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာကွင်းဆင်းစစ်ဆေးသည့်အခါတွင်လည်း အရည်အသွေးသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများကိုတွေ့ရှိပါက သက်ဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လာနိုင်ခြင်းဖြင့် အရည်အသွေးပြည့်မီသော ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ ထုတ်လုပ်ရောင်းချလာနိုင်မည်ဖြစ်ပြီး ပြည်ပသို့ တင်ပို့မည့် သီးနှံအရည်အသွေးလည်း ပြည့်မီလာမည်ဖြစ်ကြောင်း၊ ခရိုင်မြို့နယ်များရှိ တာဝန်ခံများမှ ကျေးလက်တောရွာများသို့ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေး ဟောပြောရာတွင်လည်း အစားအစာ ဘေးကင်းလုံခြုံရေးအတွက် တောင်သူများအား ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများအကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးခြင်းဖြင့် ဘေးကင်းလုံခြုံသောသီးနှံများရရှိကာ ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့် တောင်သူများဝင်ငွေတိုးလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

## စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးနှင့် ဈေးကွက် စုံစမ်းထောက်လှမ်းခြင်း ဆောင်ရွက်မှုများ

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြို့ရီ နှင့် ဝန်ထမ်းလေးဦးသည် မေလပထမပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဆွေးနွေးပွဲများကို လွိုင်ကော်မြို့၌ဆောင်ရွက်ခဲ့ရာ စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေးအပြည့်အဝ ရရှိစေရန်နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှု မခံရစေရန်၊ ရွေးချယ်ဝယ်ယူရာတွင် သေချာဖတ်ရှုဝယ်ယူရမည့်အချက်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲသည့်အခါ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ရပ်ကွက်သူ/သားများ၏ သိရှိလိုသည့် မေးမြန်းမှုများကို တစ်ချက်ချင်း ရှင်းလင်းဖြေကြား၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါတယ်။

ဈေးကွက်စုံစမ်းထောက်လှမ်းခြင်းအနေဖြင့် လွိုင်ကော်မြို့ပေါ်ရှိTechnoWorld ပစ္စည်းအရောင်းဆိုင်၌လည်းကောင်း၊ ပွင့်လန်းကလေးပစ္စည်းအရောင်းဆိုင်၌လည်းကောင်း၊ သီရိမင်္ဂလာဈေးအတွင်းရှိကလေးကစားစရာပစ္စည်းအရောင်းဆိုင်များ၌လည်းကောင်း လုံခြုံစိတ်ချရသည့်ကလေးအသုံးအဆောင်၊ ကစားစရာပစ္စည်းများ ရောင်းချနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

## ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေလ ၇ ရက်က စားသုံးသူရေးရာ အစည်းအဝေးခန်းမ (၂)၌ ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့သည်။



အစည်းအဝေးတွင် ပုသိမ်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပုသိမ်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူးက ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၆)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြန်လည် ရှင်းလင်း တင်ပြခြင်း၊ အထက်ဌာနများ၏ လမ်းညွှန်ချက်များကို ဖတ်ကြား ရှင်းလင်းခြင်းနှင့် ညွှန်ကြားချက်ပါ အချက်အလက်များအား အဖွဲ့ဝင်များမှ ပူးပေါင်း ဆောင်ရွက်ရန်တို့ကို တင်ပြရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် မေလအတွင်း အဖွဲ့မှ ဆောင်ရွက်မည့် အစီအစဉ်များကိုတင်ပြခဲ့ပြီး တက်ရောက်လာသော အဖွဲ့ဝင်များမှ မိမိတို့ကဏ္ဍအလိုက်ဆောင်ရွက်နေမှုများကို ပြန်လည်ဆွေးနွေး တင်ပြခဲ့ကြောင်း သိရသည်။

**မောင်ပုသိမ်**

CAEXPO

# CHINA-MYANMAR (YANGON) TRADE FAIR 2018

## 17-19 . 5 . 2018

## Myanmar Event Park (MEP)

- Building Materials/ Hardware/ Lighting Products
- Vehicles/ Motorcycles, Parts & Accessories
- Farming Machines/ Machinery & Equipment/ Generators/ Industrial Equipment
- Household Appliances/ Consumer Electronics
- Home Supplies/ Consumer Goods
- Foodstuffs

100%
High Quality
Reliable Supplier
from
CHINA

Organizers: China-ASEAN Expo Secretariat; Trade Development Bureau of Ministry of Commerce of China; Trade Promotion Organization of Ministry of Commerce of Myanmar; Worldex-SingEx Exhibitions (Guangzhou) Co., Ltd.

Associate Organizer: BOFCOM Bureau of Commerce of Qingdao

Supporters: Economic and Commercial Counsellor's Office of the Embassy of China in Myanmar; The Republic of the Union of Myanmar Federation of Chambers of Commerce & Industry

# အာဆင်နယ်အတွက် အကောင်းဆုံးကစားသမားခေါ်ယူမှု (၁၅)ကြိမ် အာစင်ဝင်းဂါးပြုလုပ်နိုင်ခဲ့



အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် အသင်းကို ၂၂နှစ်တာကာလ ကိုင်တွယ်ခဲ့ချိန်တွင် အကောင်းဆုံး ကစားသမားခေါ်ယူနိုင်မှုအဖြစ် (၁၅)ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြထားသည်။

အာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့သည့် ကစားသမား ၁၅ ဦးကို အသက်သာဆုံးသောဈေးဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

**အနယ်လ်ကာ -** အာဆင်နယ်အသင်းသည် အနယ်လ်ကာကို ၁၉၉၇ ခုနှစ်က ပီအက်စ်ဂျီအသင်းမှ ပေါင်ငါးသိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။အနယ်လ်ကာသည်အာဆင်နယ်အသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခြင်းကြောင့် ၁၉၉၉ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ပေါင် ၂၂ ဒသမ ၃သန်းဖြင့် ဝယ်ယူသွားခဲ့သည်။

**ဆိုးလ်ကမ်းဘဲလ် -**ဆိုးလ်ကမ်းဘဲလ်သည် ၂၀၀၁ ခုနှစ်တွင် စပါးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် အာဆင်နယ်အသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ၎င်းကစားသမားသည် ၂၀၀၆ ခုနှစ်တွင် ပို့စ်မောက်အသင်းသို့ ပြောင်းရွှေ့သွားကာ ၂၀၁၀ ခုနှစ်တွင် အာဆင်နယ်အသင်းသို့ တစ်ကျော့ပြန် ရောက်လာခဲ့ကာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

**ဖာဘရီဂတ်စ် -** ဖာဘရီဂတ်စ်သည် ၂၀၀၃ ခုနှစ်က ဘာစီလိုနာအသင်းမှ ယူရိုတစ်သန်းဖြင့် အာဆင်နယ်အသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ၎င်းကစားသမားသည် ၂၀၁၁ ခုနှစ်တွင် အာဆင်နယ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြန်လည်ရောက်ရှိသွားပြီး ၂၀၁၄ ခုနှစ်မှ ယခုချိန်ထိ ချယ်လ်ဆီးအသင်းတွင် ခြေစွမ်းပြနေသူဖြစ်သည်။

**ဟင်နရီ -** ဟင်နရီသည် ၁၉၉၉ခုနှစ်က ဂျူဗင်တပ်အသင်းမှ ပေါင် ၁၀ ဒသမ ၅ သန်းဖြင့် အာဆင်နယ်အသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ၎င်းကစားသမားသည် အာဆင်နယ်အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြ ကစားပေးကာ ကမ္ဘာ့ထိပ်တန်းတိုက်စစ်မှူးတစ်ဦးစာရင်းဝင်ခဲ့သူဖြစ်သည်။

**ကနူး -** ကနူးသည်လည်း ၁၉၉၉ခုနှစ်က အင်တာမီလန်အသင်းမှ အာဆင်နယ်အသင်းသို့ ပေါင် ၄ ဒသမ ၅ သန်းဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ ကနူးသည် ပြောင်းရွှေ့ကြေးနှင့်ထိုက်တန်သည့် ခြေစွမ်းမျိုးကို ပြသနိုင်ခဲ့သူလည်းဖြစ်သည်။

**ကိုစီရယ်နီ -** အာစင်ဝင်းဂါးသည် ကိုစီရယ်နီကို လိုရီးရန့်အသင်းမှ ပေါင် ၁၀သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းကစားသမားသည် လက်ရှိအချိန်ထိ အာဆင်နယ်အသင်းအတွက် ခြေစွမ်းပြနေသူဖြစ်သည်။

**ယွန်းဘတ်ဂ် -** ယွန်းဘတ်ဂ်သည် ၁၉၉၈ခုနှစ်က ဟမ်စတက်အသင်းမှ ပေါင်သုံးသန်းဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ ၎င်းသည် အာဆင်နယ်အသင်း ကွင်းလယ်တွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည်။

**အိုဗားမားစ် -** ၁၉၉၇ခုနှစ်က အေဂျက်အသင်းမှ ပေါင် ၅ ဒသမ ၅ သန်းဖြင့် ရောက်ရှိလာသည့် အိုဗားမားစ်သည် ပရီးမီးယားလိဂ်တွင် အာဆင်နယ် တစ်ခေတ်ဖြစ်အောင် အဓိကစွမ်းဆောင်ပေးခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။

**အိုဇေးလ် -** အာစင်ဝင်းဂါးသည် အိုဇေးလ်ကို ၂၀၁၃ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ပေါင် ၄၂ဒသမ၅သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

**ပီတစ် -** အာဆင်နယ်အသင်းသည် ပီတစ်ကို ၁၉၉၇ ခုနှစ်က ပေါင် ၂ဒသမ၅သန်းဖြင့် ခေါ်ယူခဲ့ရာ ၎င်းကစားသမားသည် အသင်းအတွက် များစွာခြေစွမ်းပြနိုင်ခဲ့သည်။

**ပီရစ် -** ပီရစ်သည် ၂၀၀၀ခုနှစ်က ယူရိုခြောက်သန်းဖြင့် မာဆေးလ်အသင်းမှ အာဆင်နယ်အသင်းသို့ ရောက်လာခြင်းဖြစ်သည်။ ၎င်းကစားသမားသည် အာဆင်နယ်အသင်း တောင်ပံတိုက်စစ်တွင် ခြေစွမ်းပြနိုင်ခဲ့သည်။

**ဆန်းချက်ဇ် -** ဆန်းချက်ဇ်သည် အာဆင်နယ်အသင်းအတွက် ပြောင်းရွှေ့ကြေးထက်ထိုက်တန်သည့် ကစားသမားတစ်ဦးဖြစ်သည်။ ၎င်းသည် ၂၀၁၄ ခုနှစ်က ဘာစီလိုနာအသင်းမှ ပေါင် ၃၅ သန်းဖြင့်ပြောင်းရွှေ့လာခြင်းဖြစ်သည်။

**ဂီဘတ်တိုဆေးလ်ဗား -** ၂၀၀၂ ခုနှစ်က အက်သလက်တီကိုမီနိုင်ရိုအသင်းမှ ပေါင် ၄ ဒသမ၅ သန်းဖြင့် ခေါ်ယူခဲ့သူ ဖြစ်သည်။

**ကိုလိုတိုရေး -** ကိုလိုတိုရေးသည် ၂၀၀၂ခုနှစ်က မီမိုဆစ်အသင်းမှ ပေါင် တစ်သိန်းခွဲဖြင့် အာဆင်နယ်အသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

**ဗီအဲရာ -** ၁၉၉၆ခုနှစ်က အေစီမီလန်အသင်းမှ ပေါင် ၃ ဒသမ ၅ သန်းဖြင့် ရောက်ရှိလာခဲ့သည့် ဗီအဲရာသည် အာဆင်နယ်အတွက် ၂၇၉ပွဲ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။

ယင်းကစားသမား ၁၅ဦးသည် အာဆင်နယ်အသင်းကို နည်းပြ အာစင်ဝင်းဂါး ကိုင်တွယ်ခဲ့သည့် ၂၂ နှစ်တာကာလတွင် အကောင်းဆုံးသော ကစားသမားခေါ်ယူမှု ပြုနိုင်ခဲ့ခြင်းပင်ဖြစ်သည်ဟု ဖော်ပြထားခြင်းဖြစ်သည်။



## ဘာစီလိုနာအသင်း တောင်အာဖရိကသို့ မေ ၁၆ ရက် ခြေစမ်းပွဲခရီး ထွက်မည်

ဘာစီလိုနာအသင်းသည် မေ ၁၆ ရက်တွင် တောင်အာဖရိကချန်ပီယံအသင်း ဆန်ဒေါင်းစ်နှင့် ခြေစမ်းပွဲကစားသွားမည်ဖြစ်ကြောင်း အသင်းမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားလိုက်သည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပွဲစဉ် ၃၆ အပြီးတွင် ချန်ပီယံဆုဖလားကို ရရှိထားပြီးဖြစ်သည်။ ဘာစီလိုနာအသင်းသည် မတ် ၁၃ ရက်တွင် လီဗန်တေးအသင်းနှင့် ပွဲစဉ် ၃၇ အဖြစ်ကစားအပြီး မတ် ၁၆ ရက်တွင်ဆန်ဒေါင်းစ်အသင်း၊ မတ် ၂၀ ရက်တွင် စပိန်လာလီဂါ နောက်ဆုံးပွဲစဉ်အဖြစ် ဆိုစီဒက်အသင်းနှင့် ကစားရမည်ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ၂၀၀၇ ခုနှစ်ကလည်း ဆန်ဒေါင်းစ်အသင်းနှင့် ခြေစမ်းပွဲကစားခဲ့ဖူးသည်။ ယခုပွဲသည် တောင်အာဖရိကချန်ပီယံနှင့် စပိန်လာလီဂါချန်ပီယံတို့ ခြေစမ်းပွဲလည်းဖြစ်သည်။ ဘာစီလိုနာအသင်း ခြေစမ်းပွဲခရီးစဉ်တွင် အဓိက ကစားသမားများ အစုံအလင် ပါဝင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ဟန်နေသစ် စုစည်းသည်

## ဆွမ်ဆီးနည်းပြ ကားလို့စ်ကာဗယ်ဟယ် ရာသီကုန်တွင် အသင်းမှထွက်ခွာမည်



ဆွမ်ဆီးနည်းပြ ကားလို့စ်ကာဗယ်ဟယ်သည် ယခုနှစ်ရာသီကုန်တွင် အသင်းမှထွက်ခွာတော့မည်ဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။ နည်းပြ ကားလို့စ်ကာဗယ်ဟယ်လက်ထက်တွင် ဆွမ်ဆီးအသင်းမှာ ရလဒ်များဆိုးရွားခဲ့ပြီး ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင်ပင် တန်းဆင်းသွားခဲ့ရပြီဖြစ်သည်။

အသက်(၅၂)နှစ်ရှိ ပေါ်တူဂီနိုင်ငံသား ကားလို့စ်ကာဗယ်ဟယ်သည် ၂၀၁၇ ခုနှစ်ကမှ ရှက်ဖီးဝင့်နက်စ်ဒေးအသင်းမှ ဆွမ်ဆီးအသင်းသို့ရောက်ရှိလာသူ ဖြစ်သည်။ ၎င်းသည် ၁၉၈၅-၁၉၈၇ ခုနှစ်တွင် ပေါ်တူဂီ ယူ-၂၁ အသင်းကို ကိုင်တွယ်ခဲ့ဖူးသည်။ ကားလို့စ်ကာဗယ်ဟယ်သည် ၁၉၉၈ခုနှစ်မှစပြီး ယခု ဆွမ်ဆီးအသင်းကို ကိုင်တွယ်ချိန်ထိ အသင်းပေါင်း ၁၇ သင်းတိတိကို ကိုင်တွယ်ဖူးသူဖြစ်သည်။ ကားလို့စ်ကာဗယ်ဟယ်သည် ဆွမ်ဆီးအသင်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကိုင်တွယ်ခဲ့ပြီး ၂၄ ပွဲတွင် ရှစ်ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၃၃ ဒသမ ၃ ရာခိုင်နှုန်းသာ အောင်မြင်မှုရှိခဲ့ခြင်းဖြစ်သည်။

## ဂျိမ်းစ်မက်ဒီဆင်ကို ခေါ်ယူရန် ပရီးမီးယားလိဂ် အသင်းကြီးများ အပြိုင်ကြိုးပမ်း




နော်ဝစ်အသင်းမှ အင်္ဂလန်လူငယ်ကွင်းလယ်ကစားသမား ဂျိမ်းစ်မက်ဒီဆင်ကို ခေါ်ယူနိုင်ရေးအတွက် အင်္ဂလန်ပရီးမီးယားလိဂ် အသင်းကြီးများဖြစ်သည့် မန်စီးတီး၊ အာဆင်နယ်၊ စပါး စသည့်အသင်းများက အပြိုင်ကြိုးပမ်းနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ နော်ဝစ်အသင်းမှ အဆိုပါ အင်္ဂလန် ယူ-၂၁ လက်ရွေးစင်ကစားသမား ဂျိမ်းစ်မက်ဒီဆင်ကို ပေါင် ၂၅သန်းပေးရဖွယ်ရှိနေကြောင်းသိရသည်။ နော်ဝစ်အသင်းသည် အသက် (၂၁)နှစ်ရှိ ဂျိမ်းစ်မက်ဒီဆင်ကို ၂၀၁၆ခုနှစ်က ကိုဗင်ထရီအသင်းမှ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ၎င်းကစားသမားကို ကိုဗင်ထရီအသင်းကိုပင် ပြန်လည်အငှားချထားခဲ့သည်။ ထို့နောက် ၂၀၁၆-၂၀၁၇ ရာသီတွင် အဘာဒင်းအသင်းသို့ ထပ်မံအငှားချထားခဲ့သည်။ အဘာဒင်းအသင်းတွင် ခြေစွမ်းပြနေသူဖြစ်ခြင်းကြောင့် ယခုအချိန်တွင် ပရီးမီးယားလိဂ် ထိပ်တန်းအသင်းကြီးများအတွက် မျက်စိကျစရာဖြစ်လာခဲ့ရသည်။ ဂျိမ်းစ်မက်ဒီဆင်သည် တိုက်စစ်အားသန်သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။ ၎င်းကစားသမားသည် နော်ဝစ်အသင်းအတွက် ၄၂ပွဲတွင် ၁၅ဂိုး၊ ကိုဗင်ထရီအသင်းအတွက် ၁၁ပွဲတွင် တစ်ဂိုးနှင့် အဘာဒင်းအတွက် ၁၄ ပွဲတွင် နှစ်ဂိုးသွင်းပေးထားသည်။

### ဘောလုံးလောကသတင်းတိုများ

- လီဗာပူး တိုက်စစ်မှူး ဆာလက်ချ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် သတင်းများ ထွက်ပေါ်နေသော်လည်း ၎င်းက မည်သည့်အသင်းကိုမှ ပြောင်းရွှေ့မည် မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။
- အဲဗာတန် ကစားသမား ရွန်နီသည် ယခုနှစ်ရာသီကုန်တွင် အမေရိကန် MLS ကလပ် ဒီစီယူနိုက်တက်သို့ ပြောင်းရွှေ့တော့မည်ဟု သတင်းများ ထွက်ပေါ်နေသည်။
- အက်သလက်တီကို အသင်းသည် မန်စီးတီးအသင်း တိုက်စစ်မှူး အဂူရိုကို ပြန်လည်ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။
- ဂျူဗင်တပ်အသင်းသည်ချယ်လ်ဆီး တိုက်စစ်မှူး မိုရာတာကို ပေါင် ၁၅ သန်းဖြင့် ကမ်းလှမ်းလာကြောင်း သိရသည်။

# ဆော်ဒီအာရေဗျနိုင်ငံ၏ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

**ကျော်စိန်ဝင်း(ပြည်တွင်း၊ ပြည်ပ)**

(ယခင်တစ်ပတ်မှအဆက်)

**အကောက်ခွန်ရှင်းလင်းခြင်း**

အထက်မှာဖော်ပြထားခဲ့တဲ့အတိုင်း ကုန်ပို့လွှာ၊ ကျန်းမာရေး ထောက်ခံချက်နှင့် အခြား သက်ဆိုင်တဲ့ စာရွက်စာတမ်းများကို အစားအသောက် ထုတ်ကုန်များ သင်္ဘောတင်ပို့ရာတွင် ပူးတွဲပါရှိရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ သတိထားရမယ့် အချက်တစ်ချက်အနေနဲ့ တင်သွင်းသူဟာ ကုန်ပို့လွှာ (commercial invoice) ကို CIF (Cost, Insurance and Freight) ဖြင့် ဆော်ဒီအကောက်ခွန် အာဏာပိုင်အဖွဲ့ထံ တင်ပြဖို့လိုအပ်တာဖြစ်ပါတယ်။ FOB (Free on Board) ဖြင့် ထုတ်ကုန်တွေကို တင်သွင်းလာမယ်ဆိုရင် ဆော်ဒီအာရေဗျနိုင်ငံမှ တင်သွင်းသူများဟာ ကုန်စည်ပို့ဆောင်ခနှင့် အာမခံကြေးများကို ထပ်မံပေးဆောင်ဖို့ လိုအပ်မှာဖြစ်တဲ့အတွက် ကုန်ပစ္စည်းများ ဆော်ဒီအာရေဗျနိုင်ငံ ဆိပ်ကမ်းကို ရောက်ရှိချိန်မှာ အဆိုပါကုန်ပို့လွှာကိုလည်း ဆော်ဒီအကောက်ခွန်ဌာနကို တစ်ပါတည်း တင်ပြရမှာဖြစ်ပါတယ်။ ဆော်ဒီ အကောက်ခွန်ဌာနဟာ သွင်းကုန်အခွန်ကောက်ခံနိုင်ဖို့အတွက် တင်သွင်းလာတဲ့ စားသောက်ကုန်တွေရဲ့ CIF သတင်းအချက်အလက်တွေကို ရရှိဖို့လိုအပ်မှာဖြစ်ပါတယ်။ တင်သွင်းလာတဲ့ကုန်စည်တွေဟာ ဆော်ဒီအာရေဗျနိုင်ငံရဲ့စံချိန်စံညွှန်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီပြီး စာရွက်စာတမ်းအချက်အလက်တွေ ပြည့်စုံတယ်ဆိုရင် အလုပ်လုပ်ရက် ငါးရက်အတွင်းမှာ ကွန်တိန်နာတွေကို အကောက်ခွန်ရှင်းလင်း ထုတ်ယူနိုင်တယ်လို့လည်း သိရပါတယ်။

**အင်တာနက်မှ ဝယ်ယူထားသော စားသောက်ကုန်များအား အကောက်ခွန်ရှင်းလင်းခြင်း**

ဆော်ဒီအာရေဗျ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင် အဖွဲ့အနေနဲ့ တစ်ကိုယ်ရည်သုံးစွဲရန်အတွက်ဖြစ်စေ၊ ရောင်းချရန်အတွက်ဖြစ်စေ အွန်လိုင်းမှ ကြိုတင်မှတ်ပုံတင်ခြင်းနှင့် သွင်းကုန်ခွင့်ပြုချက် လိုအပ်ချက်များ ရယူရန် မလိုအပ်ဘဲ အင်တာနက်မှတစ်ဆင့် စားသောက်ကုန်စည်များ ဝယ်ယူ တင်သွင်းမှုကို ခွင့်ပြုထားပါတယ်။ ဒါပေမဲ့ တင်သွင်းလာတဲ့ စားသောက်ကုန်စည်တွေဟာ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိနှင့် စားသုံးရန်အတွက် သင့်လျော်မှုရှိ/မရှိ တို့ကို အစစ်ဆေးခံရန်လိုအပ်မှာ ဖြစ်ပါတယ်။

**ထုတ်ကုန်နမူနာအဖြစ် တင်သွင်းခြင်း**

ဆော်ဒီအာရေဗျနိုင်ငံမှ ဝယ်ယူသူများမှ ဝယ်ယူတင်သွင်းရန် အလားအလာရှိတဲ့ ထုတ်ကုန်ပစ္စည်းများ (သို့မဟုတ်) စားသောက် ကုန်ပြပွဲများတွင် ခင်းကျင်းပြသရန်အတွက် တင်သွင်းတဲ့အစားအသောက်ထုတ်ကုန်ပစ္စည်းများကိုတော့ တံဆိပ်ကပ်ခြင်းနှင့် သက်တမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ လိုအပ်ချက်တွေကနေ ကင်းလွတ်ခွင့်ပေးထားပါတယ်။ အဲဒီလိုတင်သွင်းရာမှာ ထုတ်ကုန်သည် ရောင်းချရန်မဟုတ်ဘဲ ကူးသန်းရောင်းဝယ်မှုတန်ဖိုး မပါဝင်ဘူးဆိုတဲ့ ကုန်ပို့လွှာ (commercial invoice) လည်း ပူးတွဲပါရှိရမှာ ဖြစ်ပါတယ်။

ဆော်ဒီအာရေဗျနိုင်ငံအနေနဲ့ စားသောက်ကုန်တင်သွင်းမှုတွေအတွက် စံချိန်စံညွှန်းနှင့် သတ်မှတ်ချက်တွေကို ပင်လယ်ကွေ့နိုင်ငံများ စံချိန်စံညွှန်း၊ ဆော်ဒီအာရေဗျနိုင်ငံရဲ့စံချိန်စံညွှန်းစတာတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်း သတ်မှတ်ထားပြီး စစ်ဆေးခြင်းလုပ်ငန်းစဉ်တွေကိုလည်း တင်းတင်းကျပ်ကျပ် ဆောင်ရွက်တဲ့ သဘောကို လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံလို စိုက်ပျိုးရေးအခြေခံနိုင်ငံအနေနဲ့ လယ်ယာစိုက်ပျိုးရေးထွက်ကုန်တွေနဲ့ ငါး/ပုစွန်စတဲ့ ရေထွက်ကုန်တွေ တင်ပို့မှုကို အဓိကထား ဦးစားပေးတင်ပို့နေရတဲ့အတွက် အခုလိုမျိုး စံချိန်စံညွှန်းသတ်မှတ်ချက်တွေကို ကျော်လွှားနိုင်ရေးဟာပိုပြီး အရေးပါလာမှာလည်း ဖြစ်ပါတယ်။ မြန်မာ့ပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေလိုတဲ့ ရည်ရွယ်ချက်ဖြင့် ရေးသားတင်ပြလိုက်ရပါတယ်။

**Source:Saudi Arabia, Food and Agricultural Import Regulations and Standards-Narrative, FAIRS Country Report 2017**

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

| ရွှေစင်ဦး |

(ယခင်တစ်ပတ်မှအဆက်)

**သီးသန့်ချွင်းချက်မရှိသည့် စည်းမျဉ်းများ စာရင်း၏ နမူနာ**

| ဟန်ချက်ညီစည်းဝါးညီစနစ် ခေါင်းစဉ် | ကုန်ပစ္စည်းဆိုင်ရာ ရှင်းလင်းဖော်ပြချက် | အရည်အချင်းပြည့်မီသည့် လုပ်ဆောင်ချက်(ပင်ရင်း ပင်ရင်းနိုင်ငံ အဆင့်အတန်းရရှိစေသည့် ပင်ရင်း ပင်ရင်းနိုင်ငံမဟုတ်သော ကုန်ပစ္စည်းများအား လုပ်ကိုင်ခြင်း(သို့) ပြုပြင်ခြင်း) |
|---|---|---|
| အခန်း(၄၂) | သားရေပစ္စည်းများ၊ အထိန်းကြိုးများ၊ ခရီးဆောင်ပစ္စည်းများ၊ လက်ကိုင်အိတ်များနှင့် အလားတူအိတ်များ၊ (ပိုးကောင်အူမှလွဲ၍) တိရစ္ဆာန်အူနှင့် ပြုလုပ်ထားသည့်ပစ္စည်းများ | ထိုကုန်ပစ္စည်းခေါင်းစဉ်မှလွဲ၍ အခြား မည်သည့်ခေါင်းစဉ်အောက်ရှိ ပစ္စည်းကိုမဆို အသုံးပြုထုတ်လုပ်ခြင်း (သို့ မဟုတ်)အသုံးပြုသည့် ပစ္စည်းအားလုံး၏ တန်ဖိုးသည် ကုန်ပစ္စည်း၏ စက်ရုံထုတ်စျေးနှုန်း၏ ၇၀% မကျော်လွန်သည့် ထုတ်လုပ်ခြင်း |

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအတွက် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းနမူနာ**

| ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ - အထည်အလိပ်ဏ္ဍ | | | |
|---|---|---|---|
| အခန်း(၆၁) | စက်/လက်ဖြင့် ထိုးထားသည့် အဝတ်အထည်နှင့် ဆက်စပ် ပစ္စည်းများ | | |
| | ပုံစံကျဖြတ်ထားသည့် သို့မဟုတ် ပုံစံအတိုင်း ရရှိထားသည့် နှစ်ခုနှင့် အထက် စက်/လက်ဖြင့် ထိုးထားသော အထည်စများကို တွဲစပ်ချုပ်လုပ်ခြင်း သို့မဟုတ် ပေါင်းစည်းခြင်းဖြင့် ရရှိထားသော | (က) ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ အထည်စများမှ ထုတ်လုပ်ခြင်း | (ခ) အခြားအကျိုးခံစားသည့် နိုင်ငံများ (ဖြတ်တောက်ခြင်း အပါအဝင်)ထိုးခြင်းနှင့် ချုပ်လုပ်ခြင်း |
| | အခြား | သဘာဝနှင့်/သို့မဟုတ် လူလုပ်သည့် အမျှင်များကို ငင်ခြင်း(သို့) လူလုပ်အမျှင်များကို ဆွဲထုတ်ခြင်းတို့ဖြင့် ထိုးခြင်း (ပုံထွက်အောင် ထိုးထားသည့် ကုန်ပစ္စည်းများ) သို့မဟုတ် သဘာဝအမျှင်များကို ဆေးဆိုးခြင်းနှင့် ထိုးခြင်း (ပုံထွက်အောင် ထိုးထားသည့် ကုန်ပစ္စည်းများ) | |

**၃၊၅၊၂။ အခွန်အမျိုးအစားပြောင်းလဲခြင်းစည်းမျဉ်း မည်သို့လုပ်ဆောင်သနည်း။**

(HS) စနစ်ပေါ်တွင် အခြေခံထားသော အခွန်အမျိုးအစား ပြောင်းလဲသည့် စည်းမျဉ်း (Change of Tariff Classification Rule (CTC) ) သည် တင်သွင်းသည့် ပစ္စည်းကို ပြုပြင်ထုတ်လုပ်နေစဉ် ၎င်း၏ အခွန် အမျိုးအစား ပြောင်းလဲသွားပါက ၎င်းသည် လုံလုံလောက်လောက် အသွင်ပြောင်းလဲသွားသည် ဟူသော ယူဆချက်ပေါ်တွင် အခြေခံ လုပ်ဆောင်ထားသည်။ ဥပမာ - EU GSP ပင်ရင်း ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများတွင် 'ခေါင်းစဉ်'ဟူသော ရည်ညွှန်းချက်မှာ ဂဏန်း(၄)လုံးပါဝင်သည့် HS ခေါင်းစဉ်ကို ရည်ညွှန်းခြင်းဖြစ်သည်။ အဓိက ကုန်ပစ္စည်းကို ၈၄၀၃. ၁၀ တွင် အမျိုးအစား သတ်မှတ်ထားပြီး ၎င်း၏ အစိတ်အပိုင်းများကို ၈၄၀၃. ၉၀ တွင် သတ်မှတ်ထားပါက ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ၏ ရည်ရွယ်ချက်အရ ၎င်းတို့သည် ခေါင်းစဉ်တစ်ခုတည်း၏ အစိတ်အပိုင်းဖြစ်သည်။

ဥပမာ -

- ➢ 'ကုန်ပစ္စည်း၏ အခန်းကဏ္ဍမှလွဲ၍ မည်သည့် အခန်းကဏ္ဍအောက်ရှိပစ္စည်းများမှမဆို ထုတ်လုပ်ခြင်း'
- ➢ 'ကုန်ပစ္စည်း၏ ခေါင်းစဉ်မှလွဲ၍ မည်သည့် ခေါင်းစဉ်အောက်ရှိ ပစ္စည်းများမှမဆို ထုတ်လုပ်ခြင်း'
- ➢ 'မည်သည့် ခေါင်းစဉ်အောက်ရှိ ပစ္စည်းများမှမဆို ထုတ်လုပ်ခြင်း'
- ➢ 'ကုန်ပစ္စည်း၏ ခေါင်းစဉ်နှင့် ခေါင်းစဉ်အမှတ် ၈၅၂၂ မှလွဲ၍ မည်သည့် ခေါင်းစဉ်အောက်ရှိ ပစ္စည်းများမှမဆို ထုတ်လုပ်ခြင်း'
- ➢ 'ထိုကုန်ပစ္စည်း၏ ခေါင်းစဉ်မှလွဲ၍ အခြားမည်သည့် ခေါင်းစဉ်ခွဲ၏ ပစ္စည်းမဆို ထုတ်လုပ်ခြင်း'

အပြုသဘော ရှုထောင့်မှ ကြည့်ပါက CTC စည်းမျဉ်းသည် HS ပေါ်တွင် ဓမ္မဓိဋ္ဌာန်ကျကျ အခြေခံထားခြင်းဖြစ်ပြီး တင်ပို့သူများနှင့် အကောက်ခွန်အရာရှိများအနေဖြင့် ကုန်ချောပစ္စည်းသည် တင်ပို့သည့်နိုင်ငံတွင် ပင်ရင်း ပင်ရင်း စတင်ခြင်း ဟုတ် မဟုတ် လွယ်ကူစွာ အတည်ပြု မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။ လိုအပ်သည့်အရာမှာ တင်သွင်းသည့် ပစ္စည်းသည် အမျိုးအစား သတ်မှတ်ချက်တွင် ပြောင်းလဲမှု ပြုလုပ်ထားရန်သာ ဖြစ်သည်။ ထို့အပြင် တင်သွင်းပစ္စည်းအား အမျိုးအစား သတ်မှတ်ခြင်းသည် မှတ်တမ်းတင်မှုကိစ္စသာ ဖြစ်သည်။ ဤအချက်များကြောင့် CTC စည်းမျဉ်းကို ပိုမိုလွယ်ကူစွာ ဆုံးဖြတ်စိစစ်နိုင်သည်။

CTC စည်းမျဉ်း၏ အဓိက အားနည်းချက်တစ်ခုမှာ HS ကို ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် ရည်ရွယ်ပြုစုထားမှု မဟုတ်ခြင်းဖြစ်သည်။ ထို့ကြောင့် CTC စည်းမျဉ်းတွင် တန်ဖိုးထပ်ဖြည့်နှင့် / သို့မဟုတ် စာရင်းပြုစုထားသည့် လုပ်ဆောင်ချက်များ စသည့် ချွင်းချက်များ သို့မဟုတ် ထပ်တိုးစည်းမျဉ်းများကို ကျင့်သုံးရန် လိုအပ်သည်။

ပင်ရင်း ပင်ရင်းနိုင်ငံဆိုင်ရာ CTC စည်းမျဉ်းနှင့် ဆက်စပ်နေသည့် နောက်ထပ်အခက်အခဲတစ်ခုမှာ HS အရ အမျိုးအစား သတ်မှတ်ခြင်းသည် ရှုပ်ထွေးပြီး နားလည်ရခက်ခဲသည့် ကိစ္စဖြစ်နိုင်ခြင်းဖြစ်သည်။ တိကျသည့် အခွန်အမျိုးအစား သတ်မှတ်ခြင်းသည် HS နှင့် (ရရှိရန်ခက်ခဲသည့်) ကုန်ပစ္စည်းအသေးစိတ်အချက်အလက်တို့ကို လုံးစေ့ပတ်စေ့ နား လည်ခြင်းအပေါ်၌ မူတည်နေသည်။

**မှတ်ရန်။ ။ CTC စည်းမျဉ်းအရ ပင်ရင်းကုန်ပစ္စည်းများကို အသွင်ကူးပြောင်းခြင်းကို လုပ်ဆောင်ရန် မလိုအပ်ပေ။ ဥပမာ ကုန်ထုတ်ပစ္စည်းအတွက် 'ခေါင်းစဉ်ပြောင်းလဲခြင်း' လိုအပ်လျှင် စတင်တင်သွင်းသည့် သွင်းအားစုမဟုတ်သည့် ထုတ်ကုန်များအတွက်သာ အသုံးပြုရန် လိုအပ်သည်။ တူညီသော HS ခေါင်းစဉ်အောက်တွင် ကျရောက်ခဲ့လျှင် မြန်မာနိုင်ငံအတွင်း စတင်ပြုလုပ်သည့် သွင်းအားစုများသည် အသုံးပြုနိုင်သည်။**

(ကိုးကား။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

**ဆက်လက်ဖော်ပြပါမည်။**

# အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ကုန်သွယ်မှု အခြေအနေများ



(ယခင်အပတ်မှ အဆက်)

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ ပို့ကုန် မူဝါဒပိုင်း ပြုပြင် ပြောင်းလဲမှုများကို လေ့လာကြည့်ပါက အိန္ဒိယနိုင်ငံတွင် ပြည်ပမှ တင်သွင်းလာသည့် ပဲမျိုးစုံကိုပြည်တွင်း၌ ကုန်ချောထုတ်လုပ်ပြီးနောက် ပြည်ပသို့ တင်ပို့ခွင့်ပြုခြင်း၊ အော်ဂဲနစ်ပဲများအပါအဝင် ပဲအမျိုးအစား အားလုံးကို ပြည်ပသို့ အရေအတွက် ကန့်သတ်ချက်မရှိ လွတ်လပ်စွာ တင်ပို့ခွင့်ပြုထားခြင်း (non-EDI Land Customs Stations များမှ ပဲတင်ပို့မှုများအတွက် တင်ပို့သူမှ Directorate of Foreign Trade (DGFT) )တွင် အရေအတွက်အား ကြိုတင် မှတ်ပုံတင်ခြင်း ပြုလုပ်ရမည်။) ဘူတန်နိုင်ငံသို့ တင်ပို့သော ပဲများကို အရေအတွက် တားမြစ်ကန့်သတ်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း စသည်ဖြင့် ပို့ကုန်မူဝါဒပိုင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ သွင်းကုန် မူဝါဒပိုင်း ပြုပြင်ပြောင်းလဲမှုများကို လေ့လာကြည့်ပါက အိန္ဒိယ အစိုးရ Directorate of Foreign Trade (DGFT) သည် (၅-၈-၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ပဲစင်းငုံ တင်သွင်းမှုကို တစ်နှစ်လျှင် တန်ချိန် ၂ သိန်း၊ (၂၁-၈-၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် မတ်ပဲနှင့် ပဲတီစိမ်း တင်သွင်းမှုကို တစ်နှစ်လျှင် တန်ချိန် ၃ သိန်း ၊(၂၅-၄- ၂၀၁၈) ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ပဲလုံးတင်သွင်းမှုကို ၂၀၁၈ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ တန်ချိန် ၁ သိန်း စသည်ဖြင့် အရေအတွက်ကန့်သတ်ခဲ့ပါသည်။

ထို့အပြင် အိန္ဒိယအစိုးရ အနေဖြင့်ပဲလုံး(Peas) အပေါ်တွင် အကောက်ခွန် ၅၀ရာခိုင်နှုန်းသို့ လည်းကောင်း၊ ပဲနီလေး (Masoor/Lentil) အားသွင်းကုန်ခွန် ၃၀ရာခိုင်နှုန်း သို့လည်းကောင်း၊ ကုလားပဲ (Chickpeas) Desi အမျိုးအစားအား သွင်းကုန်ခွန် ၆၀ရာခိုင်နှုန်းသို့ လည်းကောင်း သွင်းကုန်ခွန်များတိုးမြှင့် သတ်မှတ်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၏ သွင်းကုန်ဆိုင်ရာမူဝါဒများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

| သွင်းကုန်မူဝါဒ | | | |
|---|---|---|---|
| ကုန်ပစ္စည်းအမျိုးအစား | Tariff Schedule | | |
| | Bound Duty | Statutory Duty | Applied Duty |
| ပဲလုံး | ၅၀% | ၅၀% | ၅၀% |
| ကုလားပဲ | ၁၀၀% | ၃၀% | ၆၀% |
| ပဲတီစိမ်းနှင့် မတ်ပဲ | ၁၀၀% | ၃၀% | Nil |
| ပဲနီလေး | ၁၀၀% | ၃၀% | ၃၀% |
| ပဲစင်းငုံ | ၁၀၀% | ၃၀% | ၁၀% |

**Source: Commodities Profile for Pulses-November 2017**

အိန္ဒိယနိုင်ငံအနေဖြင့် သကြားအပေါ်တွင်လည်း သွင်းကုန်ခွန် ၁၀၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံခဲ့ပြီး ဆက်လက်၍ ဟင်းသီးဟင်းရွက်ဆီအပေါ် အကောက်ခွန် တိုးမြှင့်နိုင်ကြောင်းနှင့် နောက်တစ်မျိုးအနေဖြင့် ပဲမျိုးစုံအပေါ် အကောက်ခွန် ဆက်လက်တိုးမြှင့်နိုင်ကြောင်း ခန့်မှန်းထားပါသည်။ ဆိုလိုသည်မှာ အကောက်ခွန်နှင့် ကိုတာသတ်မှတ်ခြင်းသည် အိန္ဒိယနိုင်ငံအနေဖြင့် ထုတ်လုပ်မှုကျဆင်းသည့်ပြဿနာ ကြုံတွေ့ရချိန်အထိ ဆက်လက်ထားရှိ သွားနိုင်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ တင်ပို့/တင်သွင်းမှု အခြေအနေကို လေ့လာကြည့်ပါက အိန္ဒိယအစိုးရ၏ စာရင်းဇယားများအရ ၂၀၁၇ ခုနှစ်၊ဧပြီလမှဒီဇင်ဘာလအထိ ပဲမျိုးစုံတင်သွင်းမှုမှာ မက်ထရစ်တန်ချိန် ၅ သန်းရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တစ်ခုလုံးအတွက် စုစုပေါင်း တင်သွင်းမှုမှာ တန်ချိန် ၅ဒသမ၅ သန်းရှိမည်ဟု ခန့်မှန်းထားပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆ ဒသမ ၆ သန်း တင်သွင်းခဲ့သဖြင့် လက်ရှိဘဏ္ဍာနှစ်တွင် တင်သွင်းမှုလျော့ကျခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၇ ခုနှစ်၊ ဧပြီလမှဒီဇင်ဘာလအထိ တန်ဖိုးအား

ကေခိုင်ကျော် (နှစ်နိုင်ငံ)

ဖြင့် အမေရိကန် ဒေါ်လာ ၂ဒသမ၇ ဘီလီယံရှိခဲ့ပြီး ၂၀၁၆ ခုနှစ်၊ အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံ ရှိခဲ့သဖြင့် တင်သွင်းမှု ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် ပဲမျိုးစုံ တင်ပို့မှု အခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(တန်ချိန် ထောင်ပေါင်း)

| ပဲအမျိုးအစား | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ (ဧပြီ-ဩဂုတ်) |
|---|---|---|---|
| ပဲလုံး | ၆.၄၄ | ၇.၆၂ | ၁.၇၆ |
| ကုလားပဲ | ၂၁၆.၉၃ | ၈၇.၉၁ | ၄၃.၅၇ |
| မတ်ပဲနှင့်ပဲတီစိမ်း | ၆.၃၉ | ၁၀.၅၄ | ၇.၅၂ |
| ပဲနီလေး | ၁၁.၇၇ | ၁၅.၆၁ | ၄.၁၀ |
| ပဲစင်းငုံ | ၄.၀၂ | ၁၂.၃၀ | ၆.၅၀ |
| ပဲမျိုးစုံ | ၂၅၅.၆၀ | ၁၃၇.၂၀ | ၆၆.၆၄ |

**Source: Commodities Profile for Pulses-November 2017**

အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် ပဲမျိုးစုံ တင်သွင်းမှု အခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(တန်ချိန် ထောင်ပေါင်း)

| ပဲအမျိုးအစား | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ (ဧပြီ-ဩဂုတ်) |
|---|---|---|---|
| ပဲလုံး | ၂၂၄၅.၃၉ | ၃၁၇၂.၇၅ | ၁၂၉၇.၉၈ |
| ကုလားပဲ | ၁၀၃၁.၄၈ | ၁၀၈၀.၆၃ | ၃၃၉.၂၂ |
| မတ်ပဲနှင့်ပဲတီစိမ်း | ၅၈၁.၆၀ | ၅၇၃.၉၀ | ၂၆၆.၇၇ |
| ပဲနီလေး | ၁၂၆၀.၁၉ | ၈၂၉.၄၄ | ၃၄၅.၀၀ |
| ပဲစင်းငုံ | ၄၆၂.၇၁ | ၇၀၃.၅၄ | ၂၄၅.၃၅ |
| ပဲမျိုးစုံ | ၅၇၉၇.၇၇ | ၆၆၀၈.၉၅ | ၂၀၂၃.၆၇ |

**Source: Commodities Profile for Pulses-November 2017**

အိန္ဒိယနှင့် မြန်မာနိုင်ငံအကြား ပဲမျိုးစုံကုန်သွယ်မှု အခြေအနေကိုလေ့လာကြည့်ပါက အိန္ဒိယနိုင်ငံအစိုးရ ကူးသန်းရောင်းဝယ်ရေး ဦးစီးဌာန၏ စာရင်းများအရ အိန္ဒိယနိုင်ငံသည် မတ်ပဲနှင့်ပဲတီစိမ်းကို မြန်မာနိုင်ငံမှ အများဆုံးတင်သွင်းပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဇန်နဝါရီလအထိ)တွင် တန်ချိန်၂ သိန်းကျော် ၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၀၄ဒသမ၁၅ သန်းဖိုး တင်သွင်းခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၂၇ဒသမ၁၇ ရာခိုင်နှုန်းနှင့် တန်ဖိုး၅၄ဒသမ၈၆ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအပြင် တန်ဇန်းနီးယား၊ ဩစတြေးလျ၊ မိုဇမ်ဘစ်နိုင်ငံတို့မှ လည်း တင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ပဲစင်းငုံကို မြန်မာနိုင်ငံမှ အများဆုံး တင်သွင်းခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဧပြီလမှ ဇန်နဝါရီလအထိ)တွင် တန်ချိန် ၂ သိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၃၀ ဒသမ ၂၃ သန်းဖိုး တင်သွင်းခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၃၅ ဒသမ ၉၄ ရာခိုင်နှုန်း တိုးတက်ခဲ့ သော်လည်း တန်ဖိုးအားဖြင့် ၃၂ ဒသမ ၃၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအပြင် မိုဇမ်ဘစ်၊ ဆူဒန်၊ တန်ဇန်းနီးယား၊ မာလာဝီနိုင်ငံများမှ တင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ ရာသီဥတုအခြေအနေ ကိုလေ့လာကြည့်ပါက အိန္ဒိယနိုင်ငံတွင် Kharif (မိုးရာသီ)မှာ ဇူလိုင်လမှ အောက်တိုဘာလအထိ၊ Rabi (ဆောင်းရာသီ) အောက်တိုဘာလမှ မတ်လအထိနှင့် Summer (နွေရာသီ) မှာ မတ်လမှ ဇွန်လအထိ ဖြစ်ပါသည်။ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် အခြားပဲမျိုးများကို Kharif (မိုးရာသီ) တွင် စိုက်ပျိုးလေ့ရှိပါသည်။

အိန္ဒိယနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကို ရာသီဥတု ပြောင်းလဲမှုက များစွာလွှမ်းမိုးထားပြီး လယ်သမားများအနေဖြင့် ၎င်းတို့၏ သီးနှံ စိုက်ပျိုးမှုကို စီမံခန့်ခွဲနိုင်ရန် ရာသီဥတုဆိုင်ရာသတင်း အချက်အလက်များကိုရရှိရန် အထူးအရေးကြီး ပါသည်။ အိန္ဒိယနိုင်ငံ မိုးလေဝသဦးစီးဌာနမှ ခန့်မှန်းချက်များအရ လာမည့် ဇွန်လမှ စက်တင်ဘာလအထိ မုတ်သုံရာသီအတွင်း မိုးရေချိန် ပုံမှန်ရရှိနိုင်မည်ဟု ခန့်မှန်းထားပြီး မုတ်သုံ ရာသီမိုးရေချိန်မှာ ကာလရှည်ပျမ်းမျှ မိုးရေချိန်၏ ၉၇ ရာခိုင်နှုန်းခန့် ရရှိမည်ဟု ခန့်မှန်းထားပါသည်။ ယခုနှစ်ဇူလိုင်လမှ စတင်မည့် Kharif တွင် သီးနှံစိုက်ဧကမှာ ဟက်တာဧက ၁၀၇ သန်းဖြစ်ပြီး ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဆန်၊ ဝါနှင့် နှံစားသီးနှံ စိုက်ဧကများ တိုးတက်လာမည်ဖြစ်ကြောင်းနှင့် ထုတ်လုပ်နိုင်မှုမှာ တန်ချိန်၁၄၀ ဒသမ ၂၀ သန်းခန့်ရှိရန် မျှော်မှန်းထားပါသည်။

အိန္ဒိယသည် ကမ္ဘာပေါ်တွင် ပဲအများဆုံး ထုတ်လုပ်သူဖြစ်ရာ လက်ရှိ ၂၀၁၇-၂၀၁၈ သီးနှံရာသီ၌တန်ချိန် ၂၃ဒသမ၉၅ သန်း ထွက်ရှိခဲ့ပြီး လာမည့် ၂၀၁၈-၂၀၁၉ သီးနှံရာသီတွင် တန်ချိန် ၂၄ သန်း ထွက်ရှိ ရန်ရည်မှန်းထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် လာမည့်နှစ်တွင်လည်း ပဲမျိုးစုံထုတ်လုပ်မှု တိုးတက်နိုင်သဖြင့် အကောက်ခွန်တိုးမြှင့်ခြင်းနှင့် ကိုတာသတ်မှတ်ခြင်းတို့ကို ၎င်းတို့ပြည်တွင်း၌ ထုတ်လုပ်မှု ကျဆင်းသည့် ပြဿနာ ကြုံတွေ့ရချိန်အထိ ဆက်လက်ထားရှိသွားနိုင်သည့် အလားအလာ ရှိပါသည်။

ထို့အပြင် အရှေ့ဥရောပနိုင်ငံများတွင် ပဲလုံး၊ ပဲနီလေးနှင့် ကုလားပဲ ထုတ်လုပ်မှုတိုးတက်လာခြင်း၊ ကမ္ဘာ့ထိပ်တန်းပဲ တင်သွင်းသည့် အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှု လျော့ကျသွားခြင်း၊ အိန္ဒိယနိုင်ငံမှ ပြည်ပသို့ပဲမျိုးစုံတင်ပို့ခွင့် ပြန်လည်ခွင့်ပြု လိုက်ခြင်းနှင့် ကနေဒါ နိုင်ငံအနေဖြင့် တရုတ်ဈေးကွက်သို့ တင်ပို့ရန် အလေးထား ဆောင်ရွက်သွားနိုင်ချေရှိခြင်းတို့ကြောင့် တရုတ်ဈေးကွက်သို့ တင်ပို့ရန် ယှဉ်ပြိုင်မှု ပြင်းထန်လာနိုင်သဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း လက်ရှိပြည်ပ ပဲ ဈေးကွက်ဝေစု လျော့ကျသွားခြင်းမရှိစေရေး ကြိုတင်စီစဉ် ဆောင်ရွက်ထားသင့်ပါကြောင်း လေ့လာတင်ပြလိုက်ပါသည်။

## အလီဘာဘာအုပ်စုမှ အရှေ့တောင်အာရှ၏ အကြီးဆုံး E- Commerce Platform ဖြစ်သည့် Daraz Group ကို သိမ်းပိုက်




တရုတ်နိုင်ငံ၏ အကြီးဆုံး E-Commerce ကုမ္ပဏီဖြစ်သည့် အလီဘာဘာအုပ်စုသည် အရှေ့တောင်အာရှ၏ အကြီးဆုံး E-Commerce Platform ဖြစ်သည့် Daraz အုပ်စု၏ အစုရှယ်ယာအားလုံးကို ဝယ်ယူခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

"အလီဘာဘာရဲ့ စီးပွားရေးလမ်းကြောင်းပေါ်မှာ Daraz အနေနဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင် လာတာကို အလီဘာဘာအုပ်စုက ကြိုဆိုပါတယ်။ Daraz နဲ့အတူ ကျွန်တော်တို့ရဲ့ နည်းပညာတွေနဲ့ စီးပွားရေးလုပ်ငန်းတွေကို အကောင်းဆုံး လုပ်ဆောင်သွားမှာပါ။ ဒေသတွင်းတစ်ခုလုံးမှာ အကောင်းဆုံးဝန်ဆောင်မှုတွေ ပေးသွားမှာပါ"ဟု အလီဘာဘာ၏ Chief Executive Officer - Zhang Yong က ပြောခဲ့သည်။

Daraz အုပ်စုအနေဖြင့် အလီဘာဘာနှင့်အတူ လက်တွဲပြီး အာဆီယံဒေသတွင်းတွင် လုပ်ငန်း များပိုမိုချဲ့ထွင်သွားရန် ရည်ရွယ်ထားကာ သုံးစွဲသူများအပေါ် အကောင်းဆုံးဝန်ဆောင်မှုများပေးရန် ကြိုးစားနေကြောင်း၊ အလွှဲအပြောင်းကိစ္စများ ဆောင်ရွက်ပြီးပါက Daraz အနေဖြင့် မိမိ၏အမည်ကို မပြောင်းလဲဘဲ အလီဘာဘာ၏လုပ်ငန်းခွဲတစ်ခုအဖြစ် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းကို Daraz က ထုတ်ပြန်အသိပေးထားသည်။

Daraz အုပ်စုကို ၂၀၁၂ ခုနှစ်က ပါကစ္စတန်နိုင်ငံတွင် တည်ထောင်ခဲ့ပြီး ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ သီရိလင်္ကာနှင့်နီပေါနိုင်ငံတို့တွင် လုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။

**ကြည်သာသစ်နိုင်**

## ဖိလစ်ပိုင်နိုင်ငံသို့ အများဆုံးပို့ကုန်တင်ပို့သည့် နိုင်ငံအဖြစ် တရုတ်ရပ်တည်

တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ကုန်တင်သွင်းမှုအများဆုံးနိုင်ငံဖြစ်နေပြီး မတ်လအတွင်း သွင်းကုန်စုစုပေါင်း၏ ၁၅ ဒသမ ၃ ရာခိုင်နှုန်းကို တင်သွင်းခဲ့ကြောင်းကို ဖိလစ်ပိုင်နိုင်ငံ စာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

"၂၀၁၈ ခုနှစ် မတ်လမှာ တရုတ်နိုင်ငံက ကုန်တင်သွင်းမှုအများဆုံးဖြစ်ပါတယ်။ တရုတ်နိုင်ငံကို ဖိလစ်ပိုင်နိုင်ငံ အနေနဲ့ ကုန်တင်သွင်းလာမှုအတွက် အမေရိကန်ဒေါ်လာ စုစုပေါင်း ၁ ဒသမ ၂၄ ဘီလီယံ ပေးချေခဲ့ရပြီး ဒါဟာကာလတူဖြစ်တဲ့ ၂၀၁၇ ခုနှစ် မတ်လနဲ့ နှိုင်းယှဉ်ရင်တော့ လျော့သွားတယ်လို့ ဆိုရမှာပါ။ ၂၀၁၇ ခုနှစ် မတ်လမှာ တရုတ်နိုင်ငံထံသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁ ဘီလီယံ စီးထွက်ခဲ့ပါတယ်"လို့ အဆိုပါအဖွဲ့က ထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နိုင်ငံသို့ အဓိကကုန် တင်သွင်းနေသော နိုင်ငံပေါင်း ၁၀ နိုင်ငံခန့်ရှိပြီး ဂျပန်သည် သွင်းကုန်စုစုပေါင်း၏ ၁၁ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ တောင်ကိုရီးယားသည် အမေရိကန်ဒေါ်လာ ၈၃၀ ဒသမ ၈၈ မီလီယံ တင်သွင်းနိုင်သောကြောင့် တတိယနေရာတွင် တည်ရှိသော်လည်း ယင်းနောက်တွင် အမေရိကန်မှ ရပ်တည်လျက်ရှိနေ သည်ကို တွေ့ရသည်။ ထို့ပြင် ထိုင်း၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည်လည်း ဈေးကွက်ဝေစု ကြီးမားလျက်ရှိကြောင်းကို ထုတ်ပြန်ချက်အရ လေ့လာ တွေ့ရှိရပါသည်။

**ကြည်သာသစ်နိုင်**

## ကြံဈေးနှုန်းတိုးမြှင့်ရန် Cabinet မှ သဘောတူ



ထိုင်းနိုင်ငံ Cabinetအဖွဲ့သည် ၂၀၁၆-၂၀၁၇ ကြံရာသီ ကုန်ဆုံးပြီးနောက် ကနဦးကြံဈေးနှုန်းအား ၁ တန်လျှင် ၁၀၈၃ ဒသမ ၈၆ ဘတ်ဖြင့် သဘောတူခဲ့ရာ အမြင့်ဆုံးဈေးနှုန်းဖြစ်ပြီး ဝန်ကြီးချုပ်ရုံး၏ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ Mr.Nathporn Chatusripitak မှ အဆိုပါ ဈေးနှုန်းသည် စီးပွားဖြစ်ထုတ်လုပ်မည့် သကြားအချိုဓာတ် အဆင့် ၁၀ ရှိသကြား(CCS)ထွက်ရှိသည့်ကြံများအတွက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ CCSသကြားချိုမှုသာမန်သကြားထက် အချိုဓာတ် ပိုမိုပါဝင်သောကြောင့် Cabinet အဖွဲ့မှ ကြံဈေးနှုန်းအား CCS တစ်တန်ဈေးနှုန်းညီမျှရန်အတွက် တစ်တန်လျှင် ၆၅ ဒသမ ၀၃ ဘတ်တိုးမြှင့် သတ်မှတ်ခဲ့ခြင်း၊ ယခင်က ကြံ တစ်တန်လျှင် ၄၆၄ ဒသမ ၅၁ ဘတ်သာရှိခဲ့၍ ယခုဈေးမှာ သကြားထုတ်လုပ် ဖြန့်ဖြူးရေး လုပ်ငန်းများအတွက် ပြန်လည်အခက်တွေ့စေခဲ့ပြီး အစိုးရအနေဖြင့် (၁၉၈၄) ကြံနှင့် သကြားအက်ဥပဒေကို ပြဋ္ဌာန်းစဉ်ကပင် သကြားစက်ရုံများအတွက် အလွန်ပင် တင်းကြပ်မှုရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါဥပဒေ၏ အဓိကအချက်မှာ ကြံသကြားထုတ်လုပ်ခြင်း၊ ကိုတာဖြင့် ခွဲဝေရောင်းချခြင်း၊ ကြံနှင့်သကြားဈေးနှုန်း ထိန်းချုပ်ခြင်းနှင့် ဝင်ငွေခွဲဝေမှုစနစ်တို့အား ထိန်းချုပ်ဆောင်ရွက်သွားရန်ဖြစ်ပြီး ကြံဈေးနှုန်းအား Cane And Sugar Board အဖွဲ့ရုံးမှ နှစ်စဉ်အခြေခံဈေးနှုန်းအပေါ် ကြိုတင်သတ်မှတ်ကာ နှစ်စဉ် အောက်တိုဘာလတွင် ကြေညာခြင်း ဖြစ်သည်။ ကြံစိုက်ပျိုးထုတ်လုပ်သူများအား ငွေပေးချေဆောင်ရွက်ရန်အတွက် အဆိုပါကနဦး ဈေးနှုန်းကို သကြားစက်လုပ်ငန်းရှင်များမှ အသုံးပြုကြောင်း သိရှိရသည်။

ကြံထုတ်လုပ်မှု လုပ်ငန်းစဉ် ပြီးဆုံးသည့် စက်တင်ဘာလတွင် အဆိုပါ Board အဖွဲ့သည် သကြားရောင်းရမှုဝင်ငွေပေါ် ပြန်လည် တွက်ချက်၍ နောက်ဆုံးဈေးနှုန်းကို ကြေညာခြင်းဖြစ်သည်။ Mr.Nathporn၏ ပြောကြားချက်အရ Cabinet၏နောက်ဆုံးဈေးနှုန်းသည် ကနဦးဈေးနှုန်းထက် ပိုမြင့်ပြီး ၁ တန်လျှင် ဘတ် ၉၈၀၊ ဘတ် ၁၀၅၀ ရှိကြောင်း၊ ၂၀၁၆-၂၀၁၇ ကြံ၊ သကြားထုတ်လုပ်သည့် ရာသီတွင် ထုတ်လုပ်မှုတန်ချိန် ၉၂ဒသမ၉၅ သန်းရှိခဲ့ကြောင်းသိရှိရပါသည်။

**သန်းသန်းနိုင်**

စာမျက်နှာ ၈ ➤➤➤ အညာဒေသရတနာတစ်ပါးဖြစ်တဲ့ . . . . မှအဆက်

တစ်ခါ ပခုက္ကူစက်မှုဇုန်မှာ ထန်းသားနဲ့ပြုလုပ်ထားတဲ့ လူ့အသုံးအဆောင် စားပွဲ၊ ကုလားထိုင်၊ လက်ဖက်ရည်အိုး၊ ပန်းကန်က အစ ဆေးလိပ်ခံခွက်အထိ ထုတ်လုပ်နေတယ်ဆိုတာကိုလည်း လေ့လာရပါတယ်။ ကျွန်တော်တို့ရဲ့ အဘိုးအဘွားများ ထန်းတောများ ပိုင်ကြပါတယ်။ ထန်းတစ်ရင်းပိုင်တယ်၊ နှစ်ရင်းပိုင်တယ်လို့ ပြောကြပါတယ်။ ထန်းတစ်ရင်းကို အပင်(၁၀၀)လို့သတ်မှတ်ကြတယ်လို့ပြောတာ ကြားဖူးပါတယ်။ အဲဒီတုန်းက ထန်းတောပိုင်ရှင်က သုံးဘို့နှစ်ဘို့ရပါတယ်။ ဆိုလိုတာက ထန်းတက်သမားက ထွက်လာတဲ့ထန်းလျက်ကို တစ်ပုံ၊ ထန်းတောပိုင်ရှင်က နှစ်ပုံရတာကို ပြောတာပါ။ ထန်းတက်သမားနဲ့ထန်းပိုင်ရှင်တွေ နွေးထွေးမှုရှိပြီးသားပါ။ ဒီထန်းတော မြေကွက်လပ်မှာပဲ ပဲ၊ ပြောင်း၊ နှမ်း၊ ငရုတ် စသည့် ကိုက်ညီမယ့်သီးနှံ စိုက်ပျိုးကြပါတယ်။ ဒါကို ထန်းတောပိုင်ရှင်က မယူပါဘူး။ ဒါပေသိ ထန်းသမားကတော့ အသီးအနှံ အစေ့အဆန်၊ ရလာရင် ဦးဦးဖျားဖျားလာပို့ကြတာပါပဲ။ ခုဘာကြောင့် ထန်းတက်သမား ရှားလာသလဲ၊ မရှိတာလဲ၊ ရင်းနှီးရတဲ့သဘာဝ ရင်းထောင်၊ ရင်းဆွဲ၊ ဝါး၊ လျှော်ဖိုး ကုန်ကျစရိတ်များသလား၊ ထန်းမြူအိုးဖိုး၊ ကြိုးဖိုး၊ ထင်းဖိုး ကုန်သလား၊ ဒါကြောင့်လား. . . ဒါဆိုရင် ကျွန်တော်တို့ တာဝန်ယူထားတဲ့ ယောဘက်မှာ ရင်းထောင်၊ ရင်းဆွဲအစား ဝါးဖြင့် (ဝါးတက်ကိုနင်း၍ တက်တာပါ) တက်ခြင်း၊ မြူအိုးနှင့်ကြိုးအတွက် ဝါးဘိုး၊ ဝါးဘူးဖြင့်ပြောင်းမလား၊ ထင်းတောရှား၍ ထင်းအတွက် စပါးခွံကိုသုံးမလား၊ ဆိုင်ကယ်တာယာအဟောင်းကိုသုံးမလား၊ ပဲစင်းငုံရိုး၊ ဝါရိုး သုံးမလား ထန်းလျက်ဈေးကွက်ရအောင် ဘယ်လိုလုပ်မလဲဆိုတာကို သက်ဆိုင်ရာက အပိုင်းအလိုက် စဉ်းစားကြစေလိုပါတယ်။

စားသုံးသူ အကာအကွယ်ပေးရေးသွားတဲ့ရေစကြိုဘက်မှာ ထန်းပင်တွေကို အပင်လိုက်လဲနေတာ တွေ့ရသလို မြိုင်နယ်ဘက်မှာလည်း တွေ့ရပါတယ်။ ခရီးသွားရင် မိတ်ဆွေအချို့ ပြောပြချက်အရ ကျောက်ပန်းတောင်း၊ ညောင်ဦးဘက်မှာလည်း ထန်းပင်တွေကို အပင်လိုက် ခုတ်လှဲရောင်းချတယ်လို့ ကြားရပါတယ်။ ထန်းလွန် (သက်တမ်းရင့်) ထန်းပင်တွေကို အခြေအနေအရ သုံးစွဲမရလို့ ခုတ်လှဲကြတာကို မဆိုလိုပေမယ့် အုတ်ဖုတ်ဖို့ ထင်းအသုံးပြုဖို့ ထန်းပင်အနုတွေပါ ခုတ်လှဲရောင်းနေတယ်ဆိုတာကတော့ လွန်နေပါပြီ။ ယခုရှိနေတဲ့ ထန်းပင်တွေဟာ ရှေးက ဘိုးဘွားဘီဘင်တွေ စိုက်ပျိုးခဲ့ကြလို့ နှောင်းလူတွေ (ယခုလက်ရှိလူတွေ) ခံစား စံစားနေကြရတာပါ။ ကိုယ့်လက်ထက်ကျမှ နောက်လူတွေအတွက် ကိုယ်တိုင်မစိုက်ပျိုးဘဲ ရှိသမျှ ထန်းပင်ခုတ်လှဲနေကြရင် ဒို့ခေတ်ကျမှ ရှိင်းတော့မှာလားဆိုတာကို ဖြစ်နေပါလိမ့်မယ် စဉ်းစားကြစေလိုပါတယ်။ ကြားရတဲ့သတင်းတွေက ထန်းတစ်ပင် ကျပ် ၅၀၀၀ မှ ကျပ် ၂၀၀၀၀ အထိ ဈေးနဲ့ ရောင်းရတယ်ဆိုတာပါ။ မန္တလေး၊ စစ်ကိုင်း၊ မကွေးဆိုတာ မိုးရေချိန် (၂၀ လက်မ)နဲ့ (၄၀ လက်မ) ကြားသာ ရွာတဲ့ မိုးခေါင်ရေရှား ရပ်ဝန်းဒေသဆိုတာ တော်တော်များများ အသိအမှတ်ပြုပြီးသားပါ။ ထန်းပင်ရဲ့အမြစ်သည် ရေကို သိုလှောင်နိုင်စွမ်းရှိတယ်လို့ ပညာရှင်များ သုတေသနပြုထားပြီး ဖြစ်ပါတယ်။ အပူလွန်အအေးလွန်တဲ့ဒေသမှာ ထန်းပင်ကအမြစ်က ရေကိုသိုလှောင်နည်း အစိုဓာတ်ကို ထိန်းပေးတဲ့ ဂေဟစနစ်ကို သူ့နေရာနှင့်သူ သူ့သဘာဝအရ ထိန်းပေး ထားခဲ့တာပါ။ ဒါတွေကို ကိုယ့်ခေတ်မှာ မစိုက်ပျိုးတဲ့အပြင် ထန်းအပင်လိုက်ပါ ခုတ်ရောင်းကြမယ်ဆိုရင်တော့ အညာဒေသ ကန္တာရဖြစ်သွားနိုင်တယ်ဆိုတာ သတိပြုစေလိုပါတယ်။ ယခင်တေးပြုစာဆိုတွေက ဝန်ကြီးပဒေသရာဇာရဲ့ ထန်းတက်သမား ဘွဲ့တျာချင်းမှာ ***'ထန်းပွင့် ထန်းခိုင် ရွှန်းမြိုင်မြိုင် ကလိုင်သာလွယ်၍ တက်သည်နှင့်လေး'***လို့ ဖွင့်ဆိုခဲ့ကြပြီး နန်းတော်ရှေ့ဆရာတင်က ***'လက်ရေတစ်ပြင်တည်း'***ကို ဖွဲ့ဆိုခဲ့ပါတယ်။ ကိုယ့်ခေတ်မှာတော့ ***'ထန်းပင် ထန်းတောလွမ်းမောစရာပဲ ရွှေဂုံသူရယ် ရွှေဂုံသူရယ်'***လို့ တေးသီချင်းတွေ သီခဲ့ကြပါတယ်။ ဒီလိုအတိုင်းသာ ဆက်ဖြစ်နေမယ်ဆိုရင်တော့ ထန်းပင်တွေရဲ့ အညာဒေသရတနာတစ်ပါးဖြစ်တဲ့ အပင်တွေကို နောက်လူတွေ ဘယ်လိုဖွဲ့ဆိုမှာပါလဲ ကျွန်တော့်အမြင်ပြောရရင် အညာဒေသ ရတနာထန်းပင်တွေအတွက် ထန်းပင် အနိစ္စ တေးထပ်ပဲ ဖွဲ့ရတော့မှာလား စာရှုသူများခင်ဗျာ. . . . .။




# N.M.T Ltd

IAM Member of International Association of Movers

MIFFA Member of Myanmar International Freight Forwarder Association

AFECA Member of Asian Federation of Exhibition & Conventio Associations

## INTERNATIONAL RELOCATION & LOGISTICS SERVICES



- Logistic & Exhibition Management
- Packing And Household Moving
- Warehousing And Distribution Management
- Inland Transportation
- International Freight Forwarder(Air/ Sea and Land)
- Worldwide Door To Door Services
- Project Cargo Handling

**No.(9/11) 7th Floor,49th Street,Botahtaung Township,Yangon,Myanmar.**
**Tel:951-245854,392033,Mobile:09-5007693,Fax:951-392424**
**Email:nmtmovers@gmail.com,nmtforwarder@myanmar.com.mm**
**Website: www.nmtmyanmar.com**

ဗုဒ္ဓံ ဓမ္မံ သံဃံ

# SUNSHINE

## အကောင်းဆုံး

## စပါးပေါင်းဆန်စက် နှင့် စပါးအခြောက်ခံစက်

အိန္ဒိယနိုင်ငံ ဆန်းရှိုင်းကုမ္ပဏီမှ မှာယူတင်သွင်းပြီး အောက်ဖော်ပြပါ မြို့ကြီးများသို့ ဖြန့်ချိထားပြီးဖြစ်ပါသည်။ အရည်အသွေး မြင့်မားပြီး ခိုင်ခန့်မှု အပြည့်အဝရှိသောကြောင့် ဝယ်ယူသူတိုင်း ကျေနပ်မှုအပြည့် ရရှိသည်မှာ အမှန်တကယ်ပင်ဖြစ်ပါသည်။

အကောင်းဆုံးနှင့် ခိုင်ခန့်သော ပစ္စည်းကို သုံးစွဲလိုသူများ အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။




**RAW & STEAM PADDY DRYER**

Sunshine Dryer specially designed for steam Paddt and Raw Paddy Drying. This dryer can be operated with Husk and Wood furnace. Boiler is not required for this dryer.

**CYCLONIC HOT AIR FURNACE**

Made of Stainless steel.
Online moisture meter,
Digital temperature Controller
Uniform drying method, more yeild, less brokens.
Capacity: 6 Ton to 24 Ton per Hour



### အောက်ဖော်ပြပါ မြို့ကြီးများတွင် တပ်ဆင်ထားပြီးဖြစ်ပါသည်။

#### စပါးပေါင်း ဆန်စက်

| | | |
|---|---|---|
| ၁။ | ဝါးခယ်မမြို့ | တန် ၅၀ ကျ ၂ လုံး |
| ၂။ | ပုသိမ်မြို့ | တန် ၇၅ ကျ ၁ လုံး |
| ၃။ | ပေါင်းတည်မြို့ | တန် ၇၅ ကျ ၁ လုံး |
| ၄။ | ပုသိမ်မြို့ | တန် ၅၀ ကျ ၁ လုံး |
| ၅။ | ဘိုကလေးမြို့ | တန် ၅၀ ကျ ၁ လုံး |
| ၆။ | ကြံခင်းမြို့ | တန် ၅၀ ကျ ၁ လုံး |

#### စပါးအခြောက်ခံစက်

| | | |
|---|---|---|
| ၁။ | ဆားတလင်းမြို့ | တန် ၂၀ ကျ ၁ လုံး |
| ၂။ | ဒုတ်ဖိုမြို့ | တန် ၂၀ ကျ ၂ လုံး |
| ၃။ | ပေါင်းတည်မြို့ | တန် ၂၀ ကျ ၅ လုံး |
| ၄။ | ပေါင်းတည်မြို့ | ၁၂ တန် ကျ ၂ လုံး |
| ၅။ | အိမ်မဲမြို့ | တန် ၂၀ ကျ ၄ လုံး |
| ၆။ | သဲကုန်းမြို့ | တန် ၂၀ ကျ ၂ လုံး |
| ၇။ | မင်းလှမြို့ | တန် ၂၀ ကျ ၃ လုံး |
| ၈။ | ကြို့ပင်ကောက်မြို့ | တန် ၂၀ ကျ ၁ လုံး |
| ၉။ | ဓနုဖြူမြို့ | တန် ၂၀ ကျ ၁ လုံး |
| ၁၀။ | ကျောင်းကုန်းမြို့ | တန် ၂၀ ကျ ၂ လုံး |
| ၁၁။ | လက်ပံတန်းမြို့ | တန် ၂၀ ကျ ၁ လုံး |
| ၁၂။ | ပြည်မြို့ | တန် ၂၀ ကျ ၁ လုံး |
| ၁၃။ | အိုးသည်ကုန်းမြို့ | တန် ၂၀ ကျ ၁ လုံး |
| ၁၄။ | ဒေးဒရဲမြို့ | တန် ၁၂ ကျ ၁ လုံး |
| ၁၅။ | ကျိုက်လတ်မြို့ | တန် ၂၀ ကျ ၂ လုံး |
| ၁၆။ | ညောင်တုန်း | တန် ၂၀ ကျ ၄ လုံး |



ဦးဆေးသူရာဇန်(ခ)ဦးထွန်းဝင်း

Ph: 09 5123995, 09 785123995
Email : utunwin190@gmail.com

ဆန်းရှိုင်း
မြန်မာနိုင်ငံရုံးခွဲ

SUNSHINE
Myanmar Branch

ခေတ်မီသော ပေါင်းဆန်စက်နှင့် စပါးခြောက်ခံစက်
Hi Tech Parboiling & Drying System
No. 434, Strand Road, Botahtaung Township, Yangon, Myanmar.



COMMERCE INTERNATIONAL

# ဗီယက်နမ် ဘင်ထရဲပြည်နယ်က လယ်ယာစိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံသူများကိုရှာဖွေ

ဗီယက်နမ်နိုင်ငံ ဘင်ထရဲပြည်နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလာအောင် အားပေးရန်အတွက် အများပြည်သူ သတင်းအချက်အလက်ဖြန့်ဖြူးရေးအစီအစဉ်နှင့် အခြားလှုပ်ရှားမှုကို ပိုမိုဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ပြည်နယ်အစိုးရသည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးခဲ့ပြီး အတည်ပြုချက် ရရှိထားသော စီမံကိန်းများကိုလည်း အကူအညီများ ပိုမိုပေးခဲ့သည်။

ဆောက်လုပ်ရေး လုပ်ထုံးလုပ်နည်းများနှင့် အသိအမှတ်ပြုလက်မှတ်များ ဝယ်ယူရေးအတွက် အကူအညီများပေးကြရန် သက်ဆိုင်ရာအစိုးရဌာနများကို တိုက်တွန်းထားသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းများ ဈေးကွက်သစ်များသို့ဝင်ရောက်ရေးအတွက်လည်း ကောင်း၊ ခေတ်သစ်နည်းပညာရပ်များအတွက် ရင်းနှီးမြှုပ်နှံရာတွင် လည်းကောင်း စီးပွားရေးလုပ်ငန်းများအား အထောက်အကူပေးနိုင်ရေးအတွက် ဈေးကွက်ဆိုင်ရာ သတင်းများကို ပိုမိုထုတ်လုပ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ဘင်ထရဲပြည်နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခြောက်ခုကို ဗီယက်နမ် ဒေါင် ၃၂ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်း ) ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက် ရှိသည်။

ပြည်နယ်စီးပွားရေးလုပ်ငန်း ၃၀၀ ခန့်သည် ကုန်သွယ်မှုမြှင့်တင်ရေး လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ပေးလျက် ရှိသည်။ ဘင်ထရဲပြည်နယ်တွင် လုပ်ငန်းပေါင်း ၃၉၄၀ ရှိသည့်အနက် ၂၅၃ ခုမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် နောက်ထပ်ကုမ္ပဏီသစ် ၁၅၀၀ အထိတိုးပွားလာအောင် ပြည်နယ်အစိုးရကရည် မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။



# တရုတ်နိုင်ငံနှင့် ကုန်သွယ်မှု ဆွေးနွေးပွဲများတွင် ကွာဟချက် ကျဉ်းမြောင်းအောင် ဆောင်ရွက်ရန် အမေရိကန် မျှော်လင့်

ကူးသန်းရောင်းဝယ်ရေးတွင် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ ထိခိုက်မည့်အန္တရာယ်ရှိနေသော ကုန်သွယ်မှုဆွေးနွေးပွဲများမှတစ်ဆင့် တရုတ်နိုင်ငံနှင့် အမြင်ချင်း ကြီးမားစွာကွဲလွဲမှုရှိနေသည်ကို လျှော့ချနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝီလ်ဘာရော့စ်က မေ ၁၀ ရက် ပြောကြားချက်ကို ကိုးကား၍ အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

"ကွာဟချက်က ကြီးမားပါတယ်"ဟု ကွန်ဂရက် လွှတ်တော်ကြားနာစစ်ဆေးမှုတွင် ရော့စ်ကပြောသည်။ အငြင်းပွားမှုကို ဖြေရှင်းရန် ကြိုးစားသည့်အနေဖြင့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ရော့စ်ကဦးဆောင်ကာ တရုတ်နိုင်ငံသို့ သွားရောက်ပြီးနောက်ရက်သတ္တတစ်ပတ်အကြာတွင် ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် လာမည့်သီတင်းပတ်တွင် ဝါရှင်တန်သို့ လာရောက်မည်ဖြစ်ရာ တိုးတက်မှုများ ထပ်မံရရှိရေးအတွက် သူတို့နှင့်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း သူကပြောသည်။

အမေရိကန်ဒေါ်လာ ဘီလီယံ ၁၅၀ ဖိုးရှိတရုတ်သွင်းကုန်များကို အခွန်တိုးမြှင့်ကောက်ခံရန် အမေရိကန်ပြည်ထောင်စုက ခြိမ်းခြောက်လျက်ရှိပြီး အမေရိကန်ဒေါ်လာဘီလီယံ ၅၀ တန်ဖိုးရှိ အမေရိကန်ကုန်ပစ္စည်းများအပေါ် လက်တုံ့ပြန်၍ အကောက်ခွန်တိုးမြှင့်ရန် တရုတ်နိုင်ငံက သတိပေးလျက်ရှိသည်။

စီးပွားရေးတွင် ရှီး၏ ညာလက်ရုံးအဖြစ် ယူဆခြင်းခံရသော ဒုတိယဝန်ကြီးချုပ်လျူဟီသည် ယခင်ရက်သတ္တပတ်က ကျင်းပခဲ့သော ဆွေးနွေးပွဲကို ဦးဆောင်ခဲ့ပြီး လာမည့်သီတင်းပတ်တွင် ဝါရှင်တန်၌ကျင်းပမည့် တရုတ်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်မည်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒတွင် ပြောင်းလဲမှုများ ပြုလုပ်ပေးရန် အမေရိကန်ကိုယ်စားလှယ်တို့က တင်ပြခဲ့ကြောင်း၊ ထိုသို့ တင်ပြရာတွင် ထုတ်ကုန်တစ်ခုချင်းအလိုက်နှင့် အရေအတွက်ကိုပါ တင်ပြခြင်းဖြစ်ကြောင်း ရော့စ်က ပြောသည်။ တရုတ်နိုင်ငံက လက်တုံ့ပြန်ရန် ပစ်မှတ်ထားသော လယ်ယာထွက်ကုန်ပစ္စည်းများကို အထူးတလည် ဆောင်ရွက်ခဲ့ကြောင်းလည်း သူကပြောသည်။

တရုတ်နိုင်ငံကလည်း အမျိုးအစားတစ်ခုချင်းအလိုက် တန်ပြန်အဆိုပြုချက်ကို တင်ပြခဲ့ရာ နှစ်ဖက်ကိုယ်စားလှယ်များသည် ယခုအခါ အမျိုးအစားတစ်ခုချင်းအလိုက် သီးခြားစီ ဦးတည်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သူကပြောသည်။ နှစ်နိုင်ငံ အပြန်အလှန် လိုငွေပြမှုကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ထိ လျှော့ချရန် အမေရိကန်တို့က တရုတ်နိုင်ငံအား တောင်းဆိုခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ကမ္ဘာပေါ်တွင် သတ္တုပစ္စည်းများ အလျှံပယ်ဖြစ်နေချိန်တွင် အမျိုးသားလုံခြုံရေးကို အကြောင်းပြလျက် အမေရိကန်အစိုးရက သံမဏိတင်သွင်းမှု အားလုံးကို ၂၅ ရာခိုင်နှုန်းနှင့် အလျူမီနီယံတင်သွင်းမှုကို ၁၀ ရာခိုင်နှုန်း အခွန်ကောက်ခံရန် အမေရိကန်အစိုးရက ပြဋ္ဌာန်းလိုသည့်အချိန်တွင် အငြင်းပွားမှုပေါ်ပေါက်လာခြင်းဖြစ်သည်။ အမေရိကန် အစိုးရ၏ ဒဏ်ခတ်ပိတ်ဆို့မှုက မိတ်ဆွေနိုင်ငံများကို ထိခိုက်မှုရှိခဲ့သည့်အတွက် ဥရောပသမဂ္ဂကလည်း လက်တုံ့ပြန်ရန် ခြိမ်းခြောက်မှုများရှိခဲ့သည်။

**စံမီအောင် စုစည်းသည်**



# စက်မှုလုပ်ငန်းသစ်ငါးခု ဖွံ့ဖြိုးရေးအတွက် တောင်ကိုရီးယားနိုင်ငံက အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

တောင်ကိုရီးယား အစိုးရသည် အလားအလာရှိသော စက်မှုလုပ်ငန်းငါးမျိုးအတွက် ကြီးကြပ်ထိန်းသိမ်းရေးဆိုင်ရာ အခက်အခဲများကို လျှော့ချပေးမည်ဖြစ်ကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြ သည်။

ပြည်တွင်းကုမ္ပဏီများက လျင်မြန်စွာ ပြောင်းလဲနေသော နည်းပညာလမ်းကြောင်းကို ဦးဆောင်နိုင်စေရန် အထောက်အကူပေးပြီး အရည်အသွေးရှိသော အလုပ်အကိုင်များ ဖန်တီးရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အကူအညီပေးသွားမည်ဖြစ်ကြောင်း မေ ၁၁ ရက်တွင် အစိုးရက ပြောသည်။

ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနသည် စက်မှုလုပ်ငန်းအမျိုးအစား ငါးခုဖွံ့ဖြိုးရေးကို ရည်ရွယ်လျက် အစိုးရ၊ ကုမ္ပဏီအရာရှိ များနှင့် ကျွမ်းကျင်သူများ ပါဝင်သော အတိုင်ပင်ခံ အဖွဲ့တစ်ဖွဲ့ကို စတင်ဖွဲ့စည်းပေးခဲ့သည်။ ဦးစားပေးအဖြစ် သတ်မှတ်ထားသော ဌာနငါးခုမှာ လျှပ်စစ်နှင့် အလိုအလျောက် စနစ်သုံး မော်တော်ယာဉ်များ၊ Internet Of Things နည်းပညာကို အသုံးပြုထားသော အိမ်သုံးပစ္စည်းများ၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် တီဗွီဖန်သားပြင်များ၊ ပြန်ပြည့်မြဲစွမ်းအင်နှင့် ဇီဝနည်းပညာတို့ ပါဝင်သည်။

ကဏ္ဍငါးရပ်ရှိအဓိကကုမ္ပဏီကြီးများက ပြုစုထားသော စီမံကိန်းများမှာ လာမည့်ငါးနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဝမ် ၁၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၉ ဘီလီယံ) ရှိမည်ဟု ဝန်ကြီးဌာနက ပြောသည်။ ၎င်းရင်းနှီးမြှုပ်နှံမှုအရ အလုပ်အကိုင်သစ် နှစ်သိန်းကို ဖန်တီးပေးနိုင်မည် ဖြစ်သည်။

"ဒီထွန်းသစ်စ စက်မှုလုပ်ငန်းတွေအတွက် တီထွင်ဖန်တီးမှုရှိတဲ့စက်မှုဂေဟစနစ်ကို ဖန်တီးနိုင်အောင် ပုဂ္ဂလိကကဏ္ဍနဲ့ အစိုးရတို့ အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်"ဟု အတိုင်ပင်ခံအဖွဲ့ စတင်ဖွဲ့စည်းသည့် အခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ ဝန်ကြီးပိုက်အွန်းဂျူက ပြောသည်။

ဝန်ကြီးဌာနသည် ၎င်းလုပ်ငန်းများအတွက် သုံးစွဲသော သုတေသနနှင့် ဖွံ့ဖြိုးရေး အသုံးစရိတ်ကို လက်ရှိ ၃၀ ရာခိုင်နှုန်းရှိရာမှ ၂၀၂၂ ခုနှစ် တွင် ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရန် စီစဉ်ထားကြောင်း ဝန်ကြီးဌာနက ပြောသည်။

အစိုးရသည် လျှပ်စစ်မော်တော်ယာဉ်နှင့် ဟိုက်ဒရိုဂျင်သုံး ကားများအတွက် အခြေခံအဆောက်အဦကို တိုးချဲ့ဆောင်ရွက်ရန်နှင့် အလိုအလျောက်စနစ်သုံးယာဉ်များအတွက် စစ်ဆေးရေးဌာနများ တည်ထောင်ရာတွင် အကူအညီပေးသွားရန် အစိုးရက ကတိပြုထားသည်။

တောင်ကိုရီးယား အစိုးရသည် ၂၀၂၀ ပြည့်နှစ် တွင် အဝေးပြေးလမ်းမကြီးများပေါ်၌ မောင်းသူမဲ့ကားများကို မောင်းနှင်ရန်နှင့် ၂၀၂၂ ခုနှစ်တွင် လျှပ်စစ်ကား သုံးသိန်းခွဲ ထုတ်လုပ်သွားရန် ရည်မှန်းထားသည်။